# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဉစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၀၃၆)


# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၆၃ / ၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ ၊ ပုဒ်မခွဲ (ခ)နှင့်အညီ ထုတ်ပြန် ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁) | ဦးစိန်မြင့် | ၅/မရန(နိုင်)၀၁၆၂၈၇ | မြင်းခြံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၂) | ဦးတိုးဝင်း | ၁၂/တမန(နိုင်)၀၆၈၁၇၁ | တာမွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၃) | စိုင်းဥက္ကာ | ၁၃/လခန(နိုင်)၀၀၀၁၈၁ | လဲချား | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |

(ပုံ)
လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

..............

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

စာ -၃


# မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်အကြို အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်အကြို အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွား


*စာမျက်နှာ ၄ ကော်လံ ၁* ◆


မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပွဲတော်အကြို အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ နိုင်သက်လွင်၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။





KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# တိုင်းပြည်၏အနာဂတ် မျှော်လင့်ချက်ရောင်ခြည်

နှစ်ပေါင်း ၇၀ ကျော် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးသည် လွယ်ကူရိုးစင်းသောကိစ္စရပ်မဟုတ်ပါ။ သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် စိတ်ရှည်လက်ရှည်ဆောင်ရွက်ရသော လုပ်ငန်းစဉ် ဖြစ်ပါသည်။ သေချာသည်မှာ လက်နက်ကိုင် ပဋိပက္ခအဆုံးသတ်၍ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်နိုင်ရေးသည် တိုင်းပြည်၏ အမျိုးသားရေးလိုအပ်ချက်ဖြစ်ပါသည်။ ဤအမျိုးသားရေးလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး၏ ရည်ရွယ်ချက်သည် မူဘောင်သဘောထား စုစည်းချက်များရယူ၍ အဆိုပါ စုစည်းချက်များကို (၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သို့ တင်ပြပြီး ဆုံးဖြတ်ချက်များရယူရန် ဖြစ်ပါသည်။

ဤအစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စားလှယ် ကိုးဦးနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့ကိုယ်စားလှယ်ကိုးဦးတို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါပုဂ္ဂိုလ်တို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ကော်မတီ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်နှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြပါသည်။

ဤအစည်းအဝေး၌ရရှိခဲ့သော တိုးတက်မှုတစ်ရပ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးအား နှစ်လ တစ်ကြိမ်ကျင်းပရန်နှင့် အတွင်းရေးမှူးများ အစည်းအဝေးအား တစ်လတစ်ကြိမ် ကျင်းပရန်ဟူသော အချက်တို့ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သို့တင်ပြ၍ အတည်ပြုချက်ရယူရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခင်က ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရာ၌ လူထုတွေ့ဆုံပွဲများနှင့် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများ ပြုလုပ်ပြီး ထိုမှတစ်ဆင့် လုပ်ငန်းကော်မတီ၊ လုပ်ငန်းကော်မတီမှသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဟူသော အောက်ခြေမှအပေါ်သို့တက်လာသော လုပ်ငန်းစဉ်မျိုးကို ကျင့်သုံးခဲ့ပါသည်။ သို့သော် ယခုအချိန်မှစ၍ ငြိမ်းချမ်းရေးရလဒ်ကောင်းများ ရရှိရေးအတွက် အဆုံးအဖြတ်ပေးနိုင်သော ခေါင်းဆောင်များနှင့် အောက်ခြေဆွေးနွေးတင်ပြချက်တို့ကို ဆက်စပ်အကောင်အထည်ဖော်ရေးကို ကျင့်သုံးတော့မည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စဉ်ဆက်မပြတ် အားကြိုးမာန်တက် ကြိုးပမ်းနေခြင်းသည်ပင် တိုင်းပြည်၏အနာဂတ်အတွက် မျှော်လင့်ချက်ရောင်ခြည် ဖန်တီးပေးနေခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် လယ်ဝေးမြို့နယ် မင်းပြင်ရွာနှင့် သစ်ပုပ်ပင်ရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး နိုဝင်ဘာ ၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးနှင့်တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့က လယ်ဝေးမြို့နယ် သစ်ပုပ်ပင်ကျေးရွာနှင့် မင်းပြင်ကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သစ်ပုပ်ပင် ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်း ကုသရေးအဖွဲ့မှ ကျေးလက်နေပြည်သူများအား ဆေးကုသပေးနေမှုကို လည်းကောင်း၊ သစ်ပုပ်ပင်ကျေးရွာ လျှပ်စစ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ (၃၃/၁၁) ကေဗွီ၊ ၅ အမ်ဗွီ ဓာတ်အားခွဲရုံ ဆောက်လုပ်မည့်မြေနေရာနှင့် သစ်ပုပ်ပင်ကျေးရွာအပါအဝင် ကျေးရွာ ပေါင်း ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီခွဲရုံ ၁၃ ရုံ ဆောက်လုပ်မည့် လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မင်းပြင်ကျေးရွာသို့ ဆက်လက်သွားရောက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ဗဟိုဌာန (IPRCC)တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရေပေးရေးလုပ်ငန်း၊ ဆိုလာမီးဖြင့် မီးလင်းရေးလုပ်ငန်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေကာနံရံတည်ဆောက်မည့်လုပ်ငန်း၊ လူထုဖွံ့ဖြိုးတိုးတက်ရေးစင်တာ တည်ဆောက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်းဖွင့်မည်




**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံမှ ဘဏ်သင်တန်းကျောင်းနှင့် ထိုင်းနိုင်ငံမှ သမ်မာဆတ်စီးပွားရေး သင်တန်းကျောင်းတို့ ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့(MBA) သင်တန်းဖွင့်လှစ်ခြင်း လက်မှတ်ရေးထိုးခြင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပသည်။

ထိုနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ ဝန်ကြီးMr. Narong Boonsatheanwong နှင့် မြန်မာနိုင်ငံဘဏ်များအသင်း၏ဥက္ကဋ္ဌ ဦးသန်းဇော်တို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**လက်မှတ်ရေးထိုး**

မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသောင်းဟန်၊ မြန်မာနိုင်ငံဘဏ်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးအောင်ကျော်မျိုး၊ ထိုင်းနိုင်ငံ သမ်မာဆတ်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တွဲဖက်ပါမောက္ခ Gasinee Witoonchart ၊ သမ်မာဆတ်စီးပွားရေးသင်တန်းကျောင်း၏ ဌာနမှူးချုပ်နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ Pipop Udorn တို့က ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့(MBA) သင်တန်းဖွင့်လှစ်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးကြသည်။

"သင်တန်းက တစ်နှစ်တက်ရမှာပါ။ တစ်လကို ဗန်ကောက်မှာ လေးရက်၊ မြန်မာပြည်မှာ လေးရက် တက်သွားရမှာပါ။ နိုင်ငံတိုင်းမှာ ဘဏ်လုပ်ငန်းဆိုတာ အရေးပါပါတယ်။ မြန်မာနိုင်ငံမှာ ဘဏ်လုပ်ငန်းက သေးငယ်နေသေးတယ်။ ဘဏ်လုပ်ငန်းတွေက ပိုပြီးအဆင့်မြင့်လာတယ်။ ငွေစု၊ ငွေချေး၊ ငွေထုတ်တာထက် အိမ်ရာနဲ့ယာဉ်စတဲ့ အခြားဝန်ဆောင်မှုတွေ များလာတဲ့အတွက် အရည်အသွေးပြည့်မီတဲ့သူတွေ မွေးထုတ်ဖို့ လိုအပ်လာတယ်။ ပညာနဲ့ လက်တွေ့ပိုင်းမှာ နားလည်တတ်ကျွမ်းတဲ့သူတွေ လိုလာတယ်။ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းနဲ့ထိုင်းနိုင်ငံက သမ်မာဆတ် စီးပွားရေး သင်တန်းကျောင်းကို တွဲဖက်ပြီး အပြည်ပြည်ဆိုင်ရာစီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA) ရရှိတဲ့ သင်တန်းကို ဖွင့်လှစ်ဖြစ်တာပါ" ဟု မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသောင်းဟန်က ပြောသည်။

မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းနှင့် ထိုင်းနိုင်ငံမှ သမ်မာဆတ်စီးပွားရေး သင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်ရခြင်းမှာ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ (MBA)သည် ဘဏ်လုပ်ငန်းနှင့် စီမံခန့်ခွဲမှုပညာရပ်ဖြင့် ရရှိသော ဘွဲ့ဖြစ်သောကြောင့် အာရှသာမက ကမ္ဘာက လက်ခံသည့်အတွက် အနာဂတ်ရည်မှန်းချက် ကြီးမားသော လူငယ်များနှင့် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းအတွက် လက်တွေ့နှင့် သီအိုရီကို များစွာ အထောက်အကူဖြစ်စေသောကြောင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဦးစားပေးသင်ကြား**

"အရှေ့ကမ္ဘာနဲ့ အနောက်ကမ္ဘာ လက်ရှိကျင့်သုံးနေတဲ့ စီးပွားရေး နည်းဗျူဟာတွေ၊ စီးပွားရေးဆိုင်ရာ စံသတ်မှတ်ချက်တွေကို သင်ကြားပြသပေးသွားမှာပါ။ သမ်မာဆတ်အနေနဲ့ မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံက သင်တန်းသားတွေကို ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ပိုင်းဆိုင်ရာ ရရှိခြင်းရဲ့ အကျိုးကျေးဇူးတွေကို လက်တွေ့ရရှိအောင် ပေးအပ်သွားမှာပါ" ဟု သမ်မာဆတ်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် တွဲဖက်ပါမောက္ခ Gasinee Witoonchart က ပြောသည်။

မြန်မာနိုင်ငံ ဘဏ်သင်တန်းကျောင်းသည် Accounting, bookkeeping, business economics နှင့် finance ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်နှင့် ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။ သမ်မာဆတ်တက္ကသိုလ်(TU)သည် ထိုင်းနိုင်ငံ၏ ဒုတိယသက်တမ်း အရင့်ဆုံးတက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ လူမှုရေးသိပ္ပံ၊ လူသားချင်းစာနာထောက်ထားမှုသိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေးသိပ္ပံ စသည့်ဘာသာရပ်များအတွက်လည်း ဘွဲ့နှင့် ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ယခု ဖွင့်လှစ်မည့်သင်တန်းအတွက် သင်တန်းသား ၂၀ မှ ၃၀ အထိ လက်ခံသင်ကြားမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက် နောက်ဆုံး လျှောက်ထားနိုင်ပြီး သိရှိလိုသော အချက် များကို www.gemba.tbs.tu.ac.th တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# ပျဉ်းမနားမြို့နယ်တွင် တောင်သူအစုအဖွဲ့များ၏ထည့်ဝင်မှုဖြင့် ရိတ်သိမ်းခြွေလှေ့စက်ဝယ်ယူ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းစိုက်ပျိုးအသိပညာပေး စင်တာ ဧရိယာတွင် Farm Project ၏ထောက်ပံ့မှုနှင့် တောင်သူအစုအဖွဲ့များ၏ ထည့်ဝင်မှုတို့ဖြင့် ရိတ်သိမ်းခြွေလှေ့စက် ဝယ်ယူမှုအား တောင်သူများ ထံပေးအပ်ခြင်းကို အောက်တိုဘာလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။



ထို့အပြင် ပေါစံခေါ ဧရိယာအတွင်းရှိ မြေယာမဲ့ အစုအဖွဲ့ ရှစ်ဖွဲ့အား ကျေးလက်စီးပွားရန်ပုံငွေ ထောက်ပံ့ ပေးအပ်ခြင်း ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးထွန်းထွန်းလင်း၊ Farm Project မှ ဒေါ်ဆူဇီနှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး ပျဉ်းမနားမြို့နယ်တွင် အသိပညာပေးစင်တာ ရှစ်ခု တည်ဆောက်ထားရှိကာ အဆိုပါ စင်တာများအတွင်းရှိ တောင်သူအစုအဖွဲ့ ၄၄ ဖွဲ့ကို ကျေးလက် စီးပွားရေးရန်ပုံငွေကျပ် ၁၁၆၆ သိန်း၊ မြေယာမဲ့ အစုအဖွဲ့ ၁၀၇ ဖွဲ့ကို ငွေကျပ် ၂၁၉၃ သိန်း ထောက်ပံ့ပေးအပ်ထားပြီးဖြစ်ရာ ယခုအခါတွင် အဆိုပါ တောင်သူအစုအဖွဲ့များမှ ရန်ပုံငွေကျပ် ၁၀၆၈ ဒသမ ၅ သိန်း တိုးတက်လာကာ စုစုပေါင်းရန်ပုံငွေကျပ် ၄၄၂၇ ဒသမ ၅ သိန်း ရရှိနေပြီဖြစ်ကြောင်းနှင့် ဆက်လက်၍ ပျဉ်းမနားမြို့နယ်တွင် ကူးတို့ဆိပ်၊ ဘိတ်သိတ်၊ ဂမုန်းတောင် စသည့်အသိပညာပေး စင်တာသုံးခု ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၆၄ / ၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမည်စာရင်းကြေညာခြင်း**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်သည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာလိုက်သည် -

| အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| ဦးဆီဟူးဒွေ့ | ၁/ပတအ(နိုင်) ၀၂၄၇၅၀ | ကချင်ပြည်နယ်-၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

(ပုံ)
**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၆၅ / ၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ၄၉၊ ပုဒ်မခွဲ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ချင်းပြည်နယ်** | | | | |
| (၁) | ဦးအောင်လျှန် | ၄/မတပ(နိုင်) ၀၃၉၉၀၃ | မတူပီ (၁) | ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးရှိထန်းပွီးယာ | ၁၂/မဂဒ(နိုင်)၀၀၁၀၇၆ | တမူး (၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၃) | ဦးကျော်ဇေယျ | ၇/အတန(နိုင်) ၀၈၁၆၆၄ | အုတ်တွင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၄) | ဦးကျော်ငွေ | ၈/မဘန(နိုင်)၀၅၇၉၄၄ | မင်းဘူး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅) | ဦးစိုးလွင် | ၉/သပက(နိုင်)၀၁၈၀၅၈ | သပိတ်ကျင်း (၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးစိုင်းပန်းဆိုင်(ခ) ဦးစိုင်းထွန်းစိန်(ခ) ဦးကျော်စိန် | ၉/မရမ(နိုင်) ၀၄၉၂၀၄ | ရှမ်းတိုင်းရင်းသား လူမျိုး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၇) | ဦးတင်မောင်ဝင်း | ၁၂/သခန(နိုင်) ၁၀၀၈၃၄ | ရသေ့တောင် (၂) | တစ်သီးပုဂ္ဂလ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၈) | ဦးနေမျိုးအောင် | ၁၂/ဆကန(နိုင်)၀၀၁၄၀၀ | ဆိပ်ကမ်း (၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

(ပုံ)
**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍**
**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်**
**သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၀/၂၀၁၈)**

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့၌ ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော် (၃)ရပ်၏ လစ်လပ်မဲဆန္ဒနယ် (၁၃) နေရာအနက် (၆)နေရာသို့ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ သွားရောက်ကာ လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းကဲ့သို့ စောင့်ကြည့်လေ့လာရာတွင် နိုင်ငံတကာရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများက သက်ဆိုင်ရာ ရွေးကောက်ပွဲများကို စောင့်ကြည့်သည့် စံသတ်မှတ်ချက်များအား အခြေပြု၍ လေ့လာခဲ့ခြင်းဖြစ်ပါသည်။

၂။ ကြားဖြတ်ရွေးကောက်ပွဲအတွက် သတ်မှတ်သည့် မဲရုံများအနက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိမိတို့လူအင်အားနှင့်အညီ သတ်မှတ်မဲရုံများ၌ သတ်မှတ်ချိန်များအတွင်း သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် လူ့အခွင့်အရေးစံသတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ မရှိကို အလေးထား၍ စောင့်ကြည့်လေ့လာခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့လွှတ်တော်၊ တာမွေမြို့နယ် မဲဆန္ဒနယ်၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)နှင့် မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့အတွက် သတ်မှတ်သည့် မဲရုံများအနက် မဲရုံပေါင်း (၂၅)ရုံကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က စောင့်ကြည့်လေ့လာခဲ့သော မဲရုံတို့၌ မိမိတို့ စောင့်ကြည့်လေ့လာခဲ့သော အချိန်များတွင် ပုံမှန်မဟုတ်သည့်အနေအထားတစ်စုံတစ်ရာ မတွေ့ရှိရပါကြောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးစံများနှင့် အတတ်နိုင်ဆုံးလိုက်လျောညီထွေစွာ ကျင်းပဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်းနှင့် အသေးစိတ်တွေ့ရှိချက်များကို သက်ဆိုင်ရာသို့ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်**

◆ ရှေ့ဖုံးမှ

လုပ်ငန်းမြှင့်တင်ရေးပွဲတော်အကြိုအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကျင်းပခြင်းကြောင့် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး ယခင်ထက်ပို၍ စည်းလုံးညီညွတ်စွာဖြင့် အတူတကွပူးပေါင်းဆောင်ရွက်နိုင်ကြရန် များစွာမျှော်လင့်မိပါကြောင်း။

"သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်သည် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများသာမက တိုင်းရင်းသားများ၏ ရိုးရာ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများ၊ တိုင်းရင်းသားဒေသအစားအစာ ထုတ်ကုန်များအားလုံးကို မြန်မာနိုင်ငံတစ်ဝန်းသာမက နိုင်ငံတကာကပါ သိရှိလာနိုင်မည့် အခွင့်အရေးကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဖော်ဆောင်ပေးသည့်အပြင် ဝန်ကြီးဌာန၏ ရည်ရွယ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းအကောင်အထည်ဖော်ပေးသည့်အတွက် မိမိအနေဖြင့် မှတ်တမ်းတင် အထူးကျေးဇူးတင်ရှိပါကြောင်း။

**အခွင့်အရေးများအပေါ် မိမိရရဆုပ်ကိုင်**

ယခုလိုပွဲမျိုးကို ရန်ကုန်မြို့တွင်သာမက အခြားတိုင်းရင်းသားဒေသအသီးသီး၌လည်း စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနကလည်း ဝိုင်းဝန်းပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားလုပ်ငန်းရှင်အသင်းကလည်း ဦးစီးဦးဆောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး အနေအထားအရ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ တိုင်းရင်းသားများအနေဖြင့် ယခင်က ယခုလို ဆောင်ရွက်ရန် အခွင့်အရေးမရှိခဲ့ကြသော်လည်း ယခုရရှိလာသည့် အခွင့်အရေးများအပေါ် မိမိရရဆုပ်ကိုင်ပြီး တိုင်းရင်းသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ဦးစီးဦးဆောင် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့လိုချင်တောင်းတနေသည့် ထာဝရငြိမ်းချမ်းရေးကို အထောက်အကူပြုအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်မှ တစ်ဆင့် ငြိမ်းချမ်းရေးအား အထောက်အကူပြုပေးနိုင်ရန်သာမက ဒေသအသီးသီးတွင် ရှိကြသည့် တိုင်းရင်းသားတို့၏ လှပသောတောင်တန်းများ၊ ရိုးရာအကအလှနှင့် ယဉ်ကျေးမှုဓလေ့များကို မြန်မာနိုင်ငံတစ်ဝန်းသာမက ကမ္ဘာကပါ သိရှိနိုင်ရန်အတွက် အင်တိုက်အားတိုက် ဆောင်ရွက်ပေးသွားကြရန် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို တိုက်တွန်းနှိုးဆော်ပါကြောင်း၊ အသင်းကြီးအနေဖြင့် တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရန်နှင့် အဓွန့်ရှည်သောအောင်မြင်မှုနှင့်အတူ အမြဲရပ်တည်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် တတ်စွမ်းသလောက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယခုပွဲတော်ကျင်းပသည့်အတွက် ခရီးသွားလုပ်ငန်းများကို အထောက်အကူပြုမည်ဖြစ်သည့်အပြင် တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးရာရောက်ပါကြောင်း၊





ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်အကြို အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းသည် တိုင်းရင်းသားများ၏ ဒေသထွက်ကုန်များနှင့် သစ်သီးဝလံများကို တမူထူးခြားသစ်စွာဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဆောင်ရွက်နေသော အသင်းဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့်လက်တွဲပြီး ထုတ်ကုန်မြှင့်တင်ရေး လုပ်ငန်းစီမံချက်များကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်အချက်သည် မဖြစ်မနေလုပ်ဆောင်ရမည့်အချက်ဖြစ်ပြီး တိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ငြိမ်းချမ်းရေးသည်လည်း ပိုမိုထင်ရှားလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးဝင်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးမင်းဇဉ္ဇာစန်းက မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် ကျင်းပပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Black Knight Media မှ Assistant Manager ဦးသန်းထိုက်သူက Myanmar Ethnics Culture Fest ၏ Brandind Development နှင့်စပ်လျဉ်း၍ လည်းကောင်း၊ The One Media မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ကိုလိုက Myanmar Ethnics Culture Fest အခြေခံအဆောက်အအုံများ ပြင်ဆင်ခြင်းနှင့် လုပ်ငန်းစဉ်များအကြောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ Myanmar Ethnics Culture Fest ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ K ဂျာနူးက Music Concept လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဖျော်ဖြေရေးဆပ်ကော်မတီအတွင်းရေးမှူး မရန်ဆိုင်းနော်က Miss Ethnic Myanmar 2019 ရွေးချယ်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အသင်းတွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ အောင်ရဲဇော်က Myanmar Ethnics Culture Fest အတွက် Sponsor Type and Benefit တို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယနေ့အခမ်းအနားသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများ၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အထောက်အကူပြုနိုင်ရန်**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကို ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်ရာဒေသနှင့် ရိုးရာအဆောက်အအုံများ၊ ဒေသအသီးသီး၏ ခရီးသွားလုပ်ငန်းဆိုင်ရာ စိတ်ဝင်စားဖွယ်ရာများကို လေ့လာနိုင်ရန်၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို သိရှိနိုင်ရန်နှင့် ဒေသထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်များအား ပိုမိုစိတ်ဝင်စားလာရန်၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းစုနှင့် လုပ်ငန်းရှင်များအကြား ပိုမိုထိတွေ့ရင်းနှီးလာပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အထောက်အကူပြုသွားနိုင်ရန်ဖြစ်ကြောင်း သိရှိရသည်။

ယင်း "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ ကျိုက္ကဆံကွင်းတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မောင်တော၌ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**မောင်တော နိုဝင်ဘာ ၄**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို မောင်တောမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ ထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ ထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက တစ်ဖက်နိုင်ငံမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပြန်လည်လက်ခံရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြန်လည်လက်ခံရေးစခန်း တာဝန်ခံများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်လက်ခံရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ နေအိမ်များ တည်ဆောက်ထားမှု၊ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားမှု၊ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာမည့်သူများအား လက်ခံမည့်နေရာနှင့် ဝန်ထမ်းများ၏ အဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုဖိုးခေါင်ပြန်လည်လက်ခံရေးစခန်းအတွင်း တည်ဆောက်ထားသည့် နေအိမ်များ၊ ကျန်းမာရေးဆေးခန်း၊ လျှပ်စစ်မီးသွယ်တန်းထားမှု၊ လမ်းများ တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တစ်ဖက်နိုင်ငံမှ နေရပ်စွန့်ခွာသူများအား နိုဝင်ဘာ ၁၅ ရက်မှစ၍ တစ်ရက်လျှင် လူ ၁၅၀ နှုန်းဖြင့် လူပေါင်း ၂၂၆၀ ကျော်ကို ပထမအသုတ်အနေဖြင့် ပြန်လည်လက်ခံမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဝင်း၊**
**အောင်ကျော်ဦး**



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သံတောင်နှင့်တောင်ငူတွင် သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့က ကရင်ပြည်နယ် သံတောင်မြို့နယ် တောင်ငူ-သံတောင် ကားလမ်းမိုင်တိုင် အမှတ်(၁၁/၀) အနီးရှိ ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် သက်ကြီးပျဉ်းကတိုးစိုက်ခင်း ၁၈ ဒသမ ၇၈ ဧကအား ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သံတောင်မြို့နယ် သစ်တောဦးစီးဌာနမှ ၁၉၆၈ ခုနှစ်တွင် တည်ထောင်ထားသည့် သက်ကြီးကျွန်းစိုက်ခင်း ၂၀ ဒသမ ၄၃ ဧကနှင့် ၁၉၆၇ ခုနှစ်တွင် တည်ထောင်ခဲ့သည့် သက်ကြီးကျွန်းစိုက်ခင်း ၂ ဒသမ ၇၆ ဧကတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး စိုက်ခင်းအသက်အရ သစ်ပင်များ ရှင်သန်ကြီးထွားမှု အားနည်းသည်ကို တွေ့ရကြောင်း၊ စီးပွားရေးစိုက်ခင်းများ အနေဖြင့် စိုက်ခင်းပြုစု ပျိုးထောင်ခြင်းကို သတ်မှတ်အချိန်ကာလနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ ခုတ်လှဲရန် အရွယ်ရောက်သည့် အချိန်တွင် သတ်မှတ်ထားသည့် လုံးပတ် အတန်းအစားရရှိနိုင်ပြီး သစ်ကုဗတန်ထွက်ရှိမှု ကောင်းမွန်မည်ဖြစ်ကြောင်း၊ ယခုစိုက်ခင်းများသည် အကြောင်းအမျိုးမျိုးကြောင့် စိုက်ခင်းပြုစုပျိုးထောင်ခြင်း လုပ်ငန်းများအား သတ်မှတ်ထားသည့် အချိန်တွင် ဆောင်ရွက်ထားခြင်း မရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ စိုက်ခင်းသက်တမ်းကြာမြင့်လေ အမှားပြင်ဆင်ရန်ခက်ခဲလာကြောင်း၊ စီးပွားရေးစိုက်ခင်းများအား ခုတ်လှဲခြင်းမပြုဘဲ သစ်စေ့ထုတ်ရေိယာအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဆိုပါကလည်း ရေးဆွဲထားသည့် Standard Operation Procedure (SOP)နှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့နယ် သစ်တောဦးစီးဌာန၏ ၁၉၆၇-၆၈ခုနှစ် ကျွန်းစိုက်ခင်း ၂၄ ဒသမ ၃ ဧက သစ်စေ့ထုတ်ဧရိယာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ထားသော SOP များနှင့်ညီညွတ်မှု ရှိ/မရှိပြန်လည် စစ်ဆေးဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ စောညီဝင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ် ဘဏ္ဍာကုန်းကျေးရွာအနီးရှိ Win & Win ကုမ္ပဏီ၏ သစ်အခြေခံ စက်ရုံသစ်စက်အား



သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**နည်းလမ်းများ ရှာဖွေဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်းရှိ သစ်ပါးလွှာနှင့် အထပ်သား ထုတ်လုပ်ခြင်း၊ Finger-Joint ဖြင့် ကြမ်းခင်းပါကေးများ၊ တံခါးများ၊ ပရိဘောဂများထုတ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သစ်တိုသစ်စနှင့် အလေအလွင့်များ ထိရောက်စွာ အသုံးချနိုင်ရေး၊ Finger-Joint ဖြင့် ကြမ်းခင်းပါကေးများ၊ တံခါးများ၊ ပရိဘောဂများ ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး၊ အထပ်သား ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းရရှိရေးတို့အပေါ် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ရဲနွယ်ပျိုးဥယျာဉ်သို့ရောက်ရှိခဲ့ရာ ပျိုးဥယျာဉ်ရှင်းလင်းဆောင်တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောများ ပြန်လည်ထူထောင်ရေး စီမံကိန်းအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုလုပ်ငန်း ရန်ပုံငွေသုံးစွဲရာတွင် လုပ်ငန်းများ အောင်မြင်မှုရှိပြီး စာရင်းအရလည်း အချိန်မရွေး အစစ်ဆေးခံနိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ခင်းတည်ထောင်ခြင်း အပါအဝင် သစ်တောများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ရန်နှင့် လုပ်ငန်းအပေါ် စေတနာထား၍အမြဲတမ်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး အာရှနိုင်ငံများမှ ဥပဒေစိစစ်ရေးပညာရှင်များ၏ (၆) ကြိမ်မြောက်ညီလာခံသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပသည့်အာရှနိုင်ငံများမှ ဥပဒေစိစစ်ရေးပညာရှင်များ၏ (၆)ကြိမ်မြောက်ညီလာခံသို့ တက်ရောက်ခဲ့သည်။

**(ယာအောက်ပုံ)**

ညီလာခံတွင်ဥပဒေပြုရေးကဏ္ဍနှင့် ဥပဒေကြမ်းများအပေါ် စိစစ်အကြံပြုခြင်းတို့နှင့် သက်ဆိုင်သည့် တိုးတက်ပြောင်းလဲမှုများနှင့် အတွေ့အကြုံများကို ဖလှယ်ခြင်း၊ ကောင်းမွန်သည့် ကျင့်သုံးဆောင်ရွက်မှုများ မျှဝေခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းစနစ်များ မြှင့်တင်သည့်အစီအစဉ်များ၊ ကောင်းမွန်အကျိုးပြုမည့် ဥပဒေများဖြစ်စေရေးအတွက် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် အများပြည်သူပူးပေါင်းပါဝင် အကြံပြုနိုင်မှုတိုးတက်စေရေး၊ ဥပဒေပြုအဖွဲ့အစည်းများနှင့် ပြည်သူလူထုပိုမိုထိတွေ့ ဆက်သွယ်နိုင်ရေးစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ညီလာခံတွင် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေပြုရေးသည် နိုင်ငံတော်နှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ အများပြည်သူအား ကောင်းစွာကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် လည်းကောင်း လွန်စွာအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးလျက်ရှိရာ တည်ဆဲဥပဒေများကို ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်စေရန် ဥပဒေပြုအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အနေဖြင့် ဥပဒေပြုကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ကနဦးရေးဆွဲသည့်ဥပဒေမူကြမ်းများအပေါ် စိစစ်အကြံပြုရပါကြောင်း၊ ဝန်ကြီးဌာနများက ဥပဒေမူကြမ်းကို နိုင်ငံတော်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရပါကြောင်း၊ လွှတ်တော်ကဥပဒေမူကြမ်းကို လေ့လာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဖိတ်ကြားလာပါက တက်ရောက်ဆွေးနွေးရပါကြောင်း၊ ဥပဒေပြုရေးတွင် အများပြည်သူ၏ စိတ်ဝင်စားမှုများ ပိုမိုမြင့်တက်လာပါကြောင်း၊ ကောင်းမွန်မျှတသည့် ဥပဒေများဖြစ်စေရေးအတွက် အများပြည်သူ၏ အကြံပြုချက်များကို ရယူပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေကြမ်းရေးဆွဲရာတွင် လိုအပ်ပါက အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် အများပြည်သူပါဝင်နိုင်မှုကို အလေးထားဆောင်ရွက်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း အများပြည်သူ၏ အသံကို အလေးထားထည့်သွင်းသုံးသပ်ပါကြောင်း၊ ဥပဒေပြုလုပ်ငန်းများနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အထောက်အကူပြုနိုင်ရန်အလို့ငှာ ဥပဒေအသိပညာ တိုးပွားလာစေရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံဥပဒေ သတင်းအချက်အလက်စနစ်ကို ၂၀၁၈ ခုနှစ် မေလမှစ၍ လွှင့်တင်ခဲ့ပါကြောင်း၊ အဆိုပါစနစ်တွင် ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် စသည့်ဥပဒေဆိုင်ရာ အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီတင်ပြလျက်ရှိပါကြောင်း၊ အများပြည်သူ ပိုမိုလက်လှမ်းမီစေရန် ဥပဒေအချက်အလက်များကို မိုဘိုင်းဖုန်းဖြင့်လည်း ကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ အဆိုပါစနစ် ဆက်လက်ဖွံ့ဖြိုးရေးအတွက် ကိုရီးယားနိုင်ငံအစိုးရဥပဒေပြုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။




**ရင်းနှီးစွာ ဆွေးနွေး**

ပြည်ထောင်စုရှေ့နေချုပ်သည် ကိုရီးယားသမ္မတနိုင်ငံ အစိုးရဥပဒေပြုရေးဝန်ကြီး မစ္စ ကင်မ်ဝယ်ဆုနှင့် အောက်တိုဘာ ၃၀ ရက်တွင်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဥပဒေရေးရာကဏ္ဍ တိုးတက်ကောင်းမွန်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ကိုရီးယား နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (KOICA)၊ အစိုးရဥပဒေပြုရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံဥပဒေသတင်းအချက်အလက်စနစ် ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်ကာလအတွင်း ကိုရီးယားနိုင်ငံ အစိုးရဥပဒေပြုရေးဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့သည် မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် လုပ်ငန်းလည်ပတ်ရေးကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် ရေရှည်တည်တံ့ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အထောက်အပံ့ဖြစ်စေမည့် ဥပဒေသတင်းအချက်အလက် စနစ်ဖြစ်စေရန် စီမံဆောင်ရွက်ရေး၊ ဥပဒေပြုရေးကဏ္ဍတိုးတက်ကောင်းမွန်ရန် အထောက်အကူပြုရေးတို့ကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ဥပဒေသတင်းအချက်အလက် ဝန်ဆောင်မှု၊ ဥပဒေအသိပညာ တိုးပွားရေးမှတစ်ဆင့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပြုရေးကဏ္ဍတို့တွင် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းအငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**မိုး/၉လ**

# ကိုယ်တိုင်စစ်ဆေး ကိုယ့်အရည်အသွေး

## သိုက်စိုးထွန်း(နတ်ရွာ)

**တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ အရည်အသွေးစစ်ဆေးဖို့ တာဝန်ရှိတဲ့သူတစ်ယောက်အနေနဲ့ အရည်အသွေးစစ်ဆေးမှုတွေ ပုံမှန်လုပ်ရလေ့ရှိပါတယ်။ စစ်ဆေးရေးအတွက် ကွင်းဆင်းတဲ့အခါတိုင်းမှာ အလွဲလေးတွေကတော့ တွေ့ရတတ်စမြဲပါ။**

အများအားဖြင့်ကတော့ စစ်ဆေးသူတွေဟာ တည်ဆောက်ရေး နည်းပညာပိုင်းအရ၊ ဗိသုကာပညာရပ် သဘောအရ လွဲမှားတာမျိုးအထိ လိုက်လံစစ်ဆေးနိုင်မှု နည်းပါသေးတယ်။ မြို့ကြီးတွေမှာကတော့ တကယ့်ကို ဂုရုကြီးတွေနဲ့ စစ်ဆေးတာမျိုးရှိမှာပါ။ ဒါပေမယ့် နယ်မြို့လေးတွေမှာကတော့ အုပ်ချုပ်ရေးပိုင်းက လူတွေနဲ့ အင်ဂျင်နီယာရှိတဲ့ဌာနတွေ ပူးပေါင်းပြီး စစ်ဆေးကြရတာပါ။ စစ်ဆေးတဲ့အခါတိုင်းလည်း တကယ့်ပညာရပ်ပိုင်းဆိုင်ရာအရ မှားတဲ့အမှားအယွင်းမျိုးကို ထောက်ရတာ တော်တော့်ကို နည်းပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲ့ဒီအဆင့်အထိကို မရောက်နိုင်သေးလို့ပဲ ပြောရမယ်။

စစ်တိုင်းစစ်တိုင်း ဘာတွေချည်း ကြည့်နေရသလဲဆိုတော့ အဆောက်အအုံရဲ့ဖောင်ဒေးရှင်းက ဘယ်နှပေ မြင့်ရမယ်လို့ ဒီဇိုင်းမှာ ပါနေတယ်။ အခုဘယ်နှပေရှိရဲ့လား။ တိုင်က ဘာအမျိုးအစား၊ နံရံက ဘယ်နှလက်မ၊ အမိုးက ဘယ်ပုံ၊ ထုပ်လျှောက်ဒိုင်းမြားတွေက ဘယ့်နှယ် စသည်အားဖြင့် အတိုင်းအတာတွေ ကိုက်မကိုက်၊ သုံးတဲ့ပစ္စည်းပစ္စယတွေ မှန်မမှန်၊ တွက်ချက်မှုနဲ့ လက်တွေ့ဆောင်ရွက်မှု ဟန်ချက်ညီမညီ စတာတွေကိုပဲ စစ်ဆေးနေရပါတယ်။

တကယ်တော့ ဘယ်နှပေရှိရမယ့်ဟာကို အဲ့ဒီအတိုင်း ဘယ်နှပေ၊ ဘယ်နှလက်မ ရှိ မရှိ စစ်ဆေးတာက ကလေးတွေတောင် လုပ်နိုင်တဲ့ကိစ္စပါ။ ခက်တာက အဲ့ဒီဟာလေးတောင်မှ မကိုက်တာတွေရှိနေပြန်တယ်။ နှစ်ပေခွဲ ရှိရမယ်ဆိုတဲ့အုတ်ခုံက နှစ်ပေလောက် ဖြစ်ချင်ဖြစ်နေတယ်။ တစ်ပေနဲ့သုံးလက်မ ကျယ်ရမယ်ဆိုတဲ့ ရေမြောင်းက ကိုးလက်မလောက် ဖြစ်ချင်ဖြစ်နေတယ်။ ဒါဆိုဘယ်လို လုပ်မလဲ။ ပြန်ဖျက် ပြန်ပြင်။ ဒီလိုလည်း မဟုတ်ပြန်ဘူး။ ပြန်ဖျက်ခိုင်းရမယ် ဆိုရင်လည်း ဆောက်လုပ်ရေး ကုမ္ပဏီအပေါ်မှာ တင်းကျပ်လွန်းရာကျသွားလေမလား။ မဟုတ်ဘူး။ ဒါတင်းလွန်းတာတော့ မဟုတ်ဘူး။ သူ့ဘာသာသူ အစကတည်းက အတိုင်းအတာ မှန်အောင် ဘာလို့ မဆောက်သလဲ။ ပြန်ဖျက်ပေ့ါ။

### စံချိန်စံညွှန်းနဲ့အညီ လုပ်ရန်

ဒီတော့ လာပြန်ပြီ။ အကြောင်းပြချက်တွေက တသီကြီး လာပြန်ပြီ။ ကုမ္ပဏီကတော့ သေသေချာချာ မှာထားပါတယ်။ စံချိန်စံညွှန်းနဲ့အညီလုပ်ဖို့ မှာထားပါတယ်။ ဒီမှာထားထားတဲ့ အင်ဂျင်နီယာလေး ရွာခဏ ပြန်သွားတုန်း ဖြစ်သွားတာပါ။ ပန်းရန်ဆရာက ဘယ်လိုဖြစ်လို့၊ လက်သမားကဘယ်လိုဖြစ်သွားလို့ စသည်အားဖြင့် အမျိုးမျိုးလျှောက်ပြောနေတော့တယ်။ ဒါက တချို့ကုမ္ပဏီလေးတွေမှာ ဒီအတိုင်းချည်းပဲ ဖြစ်နေတာ။ နာမည်ရပြီးသား ဆောက်လုပ်ရေး ကုမ္ပဏီကြီးတွေဆိုရင်တော့ ဒီပြဿနာက နည်းပါတယ်။ ကုမ္ပဏီအသစ်တိုင်းတော့လည်း မဟုတ်ပါဘူး။ အသစ်ဆိုပေမယ့် သေသေချာချာ ကျကျနန လုပ်တဲ့သူတွေရှိပါတယ်။ ရှိတော့ရှိပါတယ်ပေ့ါလေ။

တချို့ကျတော့ ကိုယ်ကိုယ်တိုင်ကလည်း အင်ဂျင်နီယာ ပညာရှင်မဟုတ်။ ကိုယ့်အင်ဂျင်နီယာတွေ၊ အလုပ်သမားတွေ အပေါ်လည်း မကြီးကြပ်နိုင်တော့ လုပ်တဲ့လုပ်ငန်းတွေက လစ်ဟာမှုတွေများကုန်တယ်။ နောက်တစ်ချက်က အကျိုးအမြတ်ကို ကြည့်လွန်းတဲ့အခါကျရင် လုပ်ငန်းတွေက သိပ်အဆင်မပြေနိုင်တော့တာကို တွေ့ရတယ်။ ဘယ်လုပ်ငန်းဖြစ်ဖြစ် စတင်တည်ထောင်ခါစမှာ အမြတ်များများရဖို့ဆိုတာ တော်တော်ကို ခက်ခဲမှာပါ။ စက်ပစ္စည်းတွေဝယ်ရမယ်၊ ဝန်ထမ်းတွေခန့်ရမယ်၊ ကုမ္ပဏီရုံးခန်းအတွက် မြေတွေ၊ တိုက်ခန်းတွေ ငှားရမယ်။ ဒါဆိုတော့ အရင်းအနှီးက တော်တော်များသွားပြီ။ ဒီလိုများများရင်းထားရတာပဲဆိုပြီး တစ်ချီတည်းနဲ့ အမြတ်တွေ အများကြီးလိုချင်လို့ဖြစ်မှာ မဟုတ်ပါဘူး။ တဖြည်းဖြည်း လုပ်ရင်းလုပ်ရင်းနဲ့မှ တည်ထောင်ယူရတာမျိုး။ ရေရှည် လုပ်ကိုင်ရင်းနဲ့မှ အသားတင်အမြတ်တွေ ရလာမယ့်ဟာမျိုး။ ဒါပေမယ့် အလျင်စလို အမြတ်အစွန်းထွက်ချင်တဲ့ အခါကျရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်ရော။

တင်ဒါခေါ်တုန်းက တင်ပြထားတဲ့ တွက်ချက်မှုမှာကတော့ စံချိန်စံညွှန်းမီ၊ အရည်အသွေးမီ ဘယ်လိုပုံ ဘယ်လိုနည်းတွေနဲ့ ဆောက်လုပ်ပါ့မယ်ဆိုတဲ့အကြောင်းတွေကို တင်ပြထားတယ်။ တွက်ချက်မှုကို ကြည့်လိုက်မယ်ဆိုရင်လည်း တကယ့်ကို အသေးစိတ်တွက်ချက်ထားတယ်။ ငြမ်းဆင်မယ့် ဝါးလေး တစ်လုံး၊ ကွန်ကရစ်လောင်းဖို့ ဆင်မယ့် ငါးထပ်သားကလေး တစ်ချပ်၊ ဆေးသုတ်မယ့် စုတ်တံလေး တစ်ချောင်းတောင် မကျန်စေရဘူး။ မူလီကလေးတစ်လုံး မကျန်ခဲ့စေရဘူး။ ဘယ်နေရာမှာမှ မလစ်ဟင်းစေရဘူး။ အားလုံးတွက်ချက်ထားတယ်။ ကုန်ကျစရိတ်မှန်သမျှ မကျန်စေရဘူး။ တင်ဒါခေါ်ရတဲ့ အဖွဲ့အစည်းတွေကလည်း လာလျှောက်သမျှ ကုမ္ပဏီတွေထဲကမှ အကောင်းဆုံး၊ အသင့်တော်ဆုံးဖြစ်မယ်ထင်တဲ့ ကုမ္ပဏီတွေကို လုပ်ငန်းတင်ဒါတွေ ပေးလိုက်ကြတာပါ။ စံချိန်စံညွှန်းမီ၊ အရည်အသွေးမီတည်ဆောက်ကြဖို့လည်း မှာလိုက်ကြတာပါ။

ဒါပေမယ့် တကယ့်လက်တွေ့တည်ဆောက်တဲ့ အချိန်ကျတော့ ပုံရိုက်မယ့် အသားပြားနည်းလို့ဆိုပြီး တစ်ခြမ်းချင်း တစ်ခြမ်းချင်းလေး လောင်းတယ်။ တစ်ခြမ်းချင်းလည်းလောင်းလို့ရတယ်လို့ ပြောတယ်။ ဒါဆိုရင် တစ်ဆက်တည်းလောင်းတာနဲ့ တစ်ခြမ်းချင်းတစ်ဖြတ်ချင်း ဖြတ်ဖြတ်လောင်းတာနဲ့ ဘယ်ဟာက ပိုကောင်းမလဲဆိုတော့ မဖြေချင်တော့ဘူး။ ဘိလပ်မြေဖျော်တဲ့စက်မရှိသေးလို့ လက်နဲ့မွှေလိုက်တယ်။ အုတ်က စိတ်ကြိုက်လိုသလောက်မရလို့ ရတဲ့အုတ်သုံးရတယ်ဆိုပြီး ခပ်ညံ့ညံ့သုံးပြန်တယ်။ ပြောရရင် အရှည်ကြီးပေ့ါ။ လျှော့လို့ရတာ မှန်သမျှ

> **“ဘယ်လုပ်ငန်းပဲလုပ်လုပ် ကိုယ်လုပ်တဲ့ကိစ္စတစ်ခုကို ကိုယ့်ဘာသာ စိတ်ကြိုက် ဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်မှ အဆင်ပြေမှာပါ။ ရေရှည် ကောင်းမွန်မှာပါ။ သူများစစ်တဲ့ စာမေးပွဲမှာ အောင်ဖို့ထက် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးတဲ့ စာမေးပွဲမှာ အောင်နေဖို့က ပိုအရေးကြီးပါတယ်။ သူများစစ်တဲ့ စာမေးပွဲက ကိုယ်ရတာနဲ့ မေးတာနဲ့ ကွက်တိတိုးသွားလို့ အောင်သွားတာမျိုးလည်း ဖြစ်နိုင်သလို တခြားဟာတွေ ရနေပေမယ့် သူမေးတဲ့ဟာကျမှ မေ့သွားလို့ ကျသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ အဓိကကတော့ ကိုယ်တိုင်စစ်ဆေးတဲ့ စာမေးပွဲမှာ အောင်ဖို့ လိုပါတယ်”**

လျှော့ချင်လာတယ်။ အချိုးအချောင်လေးတွေ သုံးသုံးလာတယ်။

ဒါတွေကို စစ်တဲ့သူကမြင်ရော။ မြင်တော့ ပြောရရော။ တချို့ကိစ္စတွေက ပြန်ပြင်လို့ရတဲ့အားနည်းချက်တွေရှိတယ်။ ဒါပေမယ့် တချို့က ပြန်ပြင်ဖို့ မဖြစ်နိုင်တော့တဲ့ကိစ္စတွေ ရှိတယ်။ ဒီအားနည်းချက်လေးတစ်ခုပြန်ပြင်ဖို့အတွက် အဆောက်အအုံ တစ်ခုလုံး ပြန်ဖျက်ရမယ် ဆိုပြန်ရင်လည်း အဆင်ပြေမှာ မဟုတ်တော့ဘူး။ ဒီတော့ ပွစိပွစိပြောရုံကလွဲပြီး မတတ်နိုင်ကြတော့ဘူး။

ပြောကြလိမ့်မယ်။ သူ့ဟာသူမှားတာ ဘာမှအားနာစရာမလိုဘူး၊ ပြန်ဖျက်ခိုင်းပေ့ါလို့။ ဒါပေမယ့် လက်တွေ့နယ်ပယ်မှာက မကြိုက်တိုင်း ပြန်ဖျက်ခိုင်းဖို့ မလွယ်တဲ့အခြေအနေတွေ အများကြီးရှိနေတယ်။ ဒီကုမ္ပဏီက ဒီနေရာမှာလည်း ဆောက်နေတယ်၊ ဟိုနေရာတွေ၊ ဟိုနေရာတွေမှာလည်း ဆောက်နေတယ်။ ဒါကို ဒီနေရာကလူကျမှ ပြန်ဖျက်ခိုင်းရကောင်းလားဆိုရင် ဒီဘက်က လူကပဲ ငပွကြီးဖြစ်တော့မယ့်ပုံမျိုး။

### ကြီးကြပ်မှုကနည်း၊ လစ်ကွက်ဟာကွက်များ

ဒါဆိုဒီလိုမဖြစ်ရအောင် တည်ဆောက်ရေးလုပ်ငန်းကို အချိန်နဲ့အမျှ စောင့်ကြည့်စစ်ဆေးပါတော့လားလို့ ပြောချင်ပြောလိမ့်မယ်။ ဒီလိုလည်းမလွယ်ပြန်ဘူး။ အရည်အသွေး စစ်ဆေးရေးအဖွဲ့မှာလည်း အခြားလုပ်ငန်းတာဝန်တွေက ရှိနေပြန်တယ်။ အပိုင်းလိုက်၊ အပိုင်းလိုက်စစ်ဆေးမှုမျိုးလောက်သာ ဆောင်ရွက်နိုင်ကြတယ်။ လုပ်ငန်းခွင်ကို အချိန်ပြည့် ကြည့်မနေနိုင်ကြဘူး။ စစ်ဆေးမယ့်သူမပြောနဲ့ သက်ဆိုင်ရာကုမ္ပဏီက တာဝန်ရှိသူတွေတောင်မှ သူ့လုပ်ငန်းခွင်မှာသူ အချိန်ပြည့် မရှိဘူး။ အင်ဂျင်နီယာနဲ့လွှဲလိုက်တယ်။ အဲ့ဒီအင်ဂျင်နီယာက လည်း ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် လုပ်နေရတာ။ ဒီကြားထဲမှာ လူမှုရေးကိစ္စ၊ ဘာကိစ္စ၊ ညာကိစ္စတွေ ဝင်လာလိုက်တော့ လုပ်ငန်းခွင်မှာ ကြီးကြပ်တဲ့ အချိန်တော်တော် နည်းသွားတယ်။ သူ့အောက်က ပန်းရန်ဆရာတို့၊ လက်သမားဆရာတို့ကလည်း လုပ်ငန်းတွေ တစ်ခုမက ရှိနေကြတယ်။ လုပ်ငန်းခွင်မှာ ဆရာကိုယ်တိုင်ရှိတဲ့ အချိန်ဆိုတာ တော်တော်ကို ရှားတယ်။ ဒီတော့ အောက်လူတွေနဲ့ပဲ အလုပ်လုပ်ရတယ်။ ဒီတော့ လစ်ကွက်ဟာကွက်တွေက များကုန်ရော။

တချို့နေရာတွေမှာကတော့ ဒေသခံပြည်သူတွေက ပူးပေါင်းပါဝင်မှု အလွန်ကောင်းကြတယ်။ တည်ဆောက်ရေးလုပ်ငန်းကို စောင့်ကြည့်နေတယ်။ ဒီအုတ်က သိပ်မစွံဘူး။ ဒီသဲက နုန်းတွေပါနေတယ် စသည်အားဖြင့် အမြဲတမ်း စောင့်ကြည့်ပြီးတော့ ကြပ်မတ်ပေးနေတယ်။ ဒီလိုနေရာမျိုးဆိုရင်တော့ သိပ်မဆိုးဘူးပေ့ါ။ ဒါလည်းပဲ သူတို့နားလည်သလောက်သာ ကြည့်ပေးနိုင်တာပေ့ါ။ နားမလည်တဲ့ အပိုင်းကျတော့ မကြည့်နိုင်တော့ဘူး။

### လုပ်ငန်းဆောင်ရွက်သူမှာ တာဝန်ရှိ

သေသေချာချာစောင့်မကြည့်နိုင်တဲ့ နေရာတွေကျတော့ အားနည်းချက်တွေက များကုန်တယ်။ ဘယ်သူ့ကို အပြစ်ပြောရမလဲဆိုတာတောင် မသိတော့ဘူး။ တာဝန်ယူတာဝန်ခံမှုအရ ဆိုရင်တော့ သက်ဆိုင်ရာကုမ္ပဏီကိုပဲ ပြောရတော့မှာပေ့ါ။ ဒါပေမယ့် သူကလည်း ဆင်ခြေဆင်လက်တွေအများကြီးပေးပြန်တယ်။ လုပ်ငန်းတွေက ဘယ်နှခုလောက်ရှိလို့၊ အင်ဂျင်နီယာက ဘယ်နှယောက်ပဲရှိလို့ စသည်အားဖြင့်ပေ့ါ။ ဒါပေမယ့် ချုပ်လိုက်ရင်တော့ လုပ်ငန်းဆောင်ရွက်တဲ့သူမှာပဲ တာဝန်ရှိမှာပါ။

ပြီးတော့ ကုမ္ပဏီမှာသာ တာဝန်ရှိတာမဟုတ်ဘူးတဲ့။ ဒီလုပ်ငန်းကို ကြီးကြပ်တဲ့ အရည်အသွေးစစ်ဆေးရေး ကော်မတီမှာ တာဝန်ရှိသတဲ့။ ဟုတ်တော့ ဟုတ်ပါတယ်။ အရည်အသွေး စစ်တဲ့သူမှာလည်း တာဝန်ရှိပါတယ်။ တစ်ခု မကောင်းတာကတော့ အားနာတတ်တဲ့ အကျင့်လို့ပဲပြောရမယ်။ ဘယ်ဟာတွေကို ဘယ်လို ပြန်ပြင်လိုက်ပါ့မယ် ဆိုတာလောက်နဲ့ အားနာနာနဲ့ လက်ခံလိုက်ကြရတယ်။ တချို့လူတွေက ကြားညပ်ကုန်တယ်။ ကြားကညပ်တဲ့သူ ရှိသလို၊ ကြားက မြတ်သွားတဲ့သူလည်း ရှိမှာပေ့ါ။

အာမခံစနစ်မှာလည်း နည်းနည်းတော့ လိုနေတယ်လို့ မြင်မိပါတယ်။ အုတ်နဲ့၊ ဘိလပ်မြေနဲ့၊ သံချောင်းနဲ့ တည်ဆောက်ထားတဲ့အဆောက်အအုံတစ်ခုကို အာမခံပေးတာက နှစ်နှစ်ပဲ ဖြစ်နေတယ်။ ဒါက တော်တော် နည်းသေးတဲ့နှစ် အကန့်အသတ် ဖြစ်နေတယ်ထင်တယ်။ ဒီနှစ်နှစ်အတွင်း ပျက်စီးတာရှိရင် အခမဲ့ ပြန်လည် ပြုပြင်ပေးရမှာပေ့ါ။ သဘာဝဘေးကြောင့်တို့၊ ပျက်စီးမှုကြောင့်တို့ဆိုရင်တော့ ကင်းလွတ်ခွင့်ရှိပါတယ်။ ခက်တာက အဲ့ဒီ နှစ်နှစ်အတွင်းမှာကိုပဲ နံရံတွေ အက်ကွဲကုန်တာတို့၊ မျက်နှာကြက်တွေ ကွာကျကုန်တာတို့၊ သမံတလင်းတွေ ကျွံကျသွားတာတို့ ဖြစ်တဲ့ဟာက ဖြစ်ကုန်ပြန်တယ်။ ဒါဆို ဘာလုပ်ရသလဲ၊ ပြန်ပြင်ပေးလိုက်ရုံပဲ။ နှစ်နှစ်က ကျော်သွားတဲ့ဟာ မဆိုင်တော့ဘူးတဲ့။

ဆိုးဆိုးရွားရွားဖြစ်တဲ့ ကုမ္ပဏီတွေကိုကျတော့ အမည်ပျက်စာရင်းသွင်းပစ်လိုက်တယ်။ ဒီလိုသွင်းလိုက်တော့ တခြား နာမည်တစ်ခုနဲ့ ထပ်လျှောက်ပြန်ရော။ နောက်ပိုင်းမှာတော့ ကုမ္ပဏီနာမည်ကိုသာမက လူကိုပါ အမည်ပျက် စာရင်းသွင်းတယ်လို့ သိရတယ်။ ဘာပဲဖြစ်ဖြစ် တည်ဆောက်ပြီးတော့မှ၊ လုပ်ငန်းပြီးတော့မှ ပြန်လည်စစ်ဆေးရတာတို့၊ ပြန်ပြင်ခိုင်းရတာတို့က သိပ်အဆင်မပြေတဲ့သဘော ရှိပါတယ်။

တကယ်တမ်းကတော့ ဒီကုမ္ပဏီက ဒီအဆောက်အအုံကိုဆောက်တယ်ဆိုရင် သူ့ဘာသာသူ တာဝန်ယူခိုင်းလိုက်ပြီးတော့ ပြီးမှလာကြည့်၊ စံချိန်စံညွှန်းမညီရင် ဘယ်လိုဘယ်ပုံတွေ တာဝန်ယူရမယ်ဆိုတာမျိုးကို အစကတည်းက သေသေချာချာ အသေးစိတ် သတ်မှတ်ထားပေးသင့်တယ်လို့ ထင်ပါတယ်။ ဒီအတိုင်းအတာ၊ ဒီစံနှုန်းနဲ့ တည်ဆောက်ရင် ဘယ်နှနှစ်အထိ အာမခံနိုင်တယ်၊ ဒီကြားထဲမှာ လှည့်ကြည့်စရာကို မလိုဘူးဆိုတဲ့ အခြေအနေမျိုးအထိကို သတ်မှတ်ထားနိုင်ရင် ပိုကောင်းပါလိမ့်မယ်။

စစ်ဆေးရေးနဲ့ ပတ်သက်လို့လည်း ကုမ္ပဏီတွေအနေနဲ့ မာနတစ်ခုထားလိုက်ရင် ပိုကောင်းမယ်လို့ ထင်တယ်။ ဒီကုမ္ပဏီက ဒီစံနှုန်းနဲ့ တည်ဆောက်ထားတဲ့ အဆောက်အအုံတစ်ခုကို ဘယ်လိုပညာရှင်ပဲ လာစစ်စစ်၊ ကြိုက်သလို စစ်လိုက်စမ်းပါ။ အကောင်းဆုံး တည်ဆောက်ထားတာကို တွေ့ရလိမ့်မယ်။ တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး ကြိုက်တဲ့အချိန်စစ်လိုက်ပါဆိုတဲ့ ကြွေးကြော်မှုမျိုး လုပ်နိုင်ရမှာပါ။ လုပ်ငန်းခွင်ကို လာကြည့်လိုက်လို့ အရည်အသွေးစစ်ဆေးရေးက သဘောမကျဘူးဆိုတဲ့ အဖြစ်မျိုးက သိပ်အဆင်မပြေပါဘူး။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက လက်ခံရင်တောင်မှ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကို ကိုယ့်စိတ်ကြိုက်မဖြစ်မချင်း ကောင်းအောင် ပြန်လုပ်တတ်တဲ့ သူမျိုးမှ နောင်အစဉ်သဖြင့် နာမည်ကောင်း ရနိုင်မှာပါ။

တကယ်တမ်းကျတော့လည်း စစ်ဆေးတဲ့သူဆိုတာက အခါအားလျော်စွာဆိုတဲ့ အခြေအနေမျိုးလောက်၊ အဆောက်အအုံတစ်ခုကို သုံးလေးကြိမ်လောက်သာ စစ်နိုင်ကြတာပါ။ ဒီလို လာတဲ့အချိန်မှာ အားနည်းချက်တွေကို မြင်တာလည်းရှိမယ်၊ မမြင်တာလည်းရှိမယ်။ မြင်လျက်နဲ့ အားနာလို့ဆိုပြီး မပြောဘဲနေတဲ့သူလည်း ရှိနေနိုင်ပြန်သေးတယ်။ ဒီတော့ အကောင်းဆုံးကတော့ ကိုယ်လုပ်တဲ့ကိစ္စအတွက် ကိုယ့်တန်ဖိုးလေးနဲ့ကို ထားပြီးတော့ ဘယ်သူဘာမှ မထောက်ပြလည်း အကောင်းဆုံးဖြစ်လာအောင် လုပ်ပေးနိုင်အောင်ကြိုးစားမှသာ အဆင်ပြေမှာပါ။

နောက်တစ်ချက်က ဒီလိုဒီဇိုင်း၊ ဒီလိုတည်ဆောက်ပုံမျိုးမှာ ဒီအရည်အသွေးမျိုးရှိတဲ့ ပစ္စည်းတွေကိုသုံးရမှ၊ ဒီလောက် ဒီလောက်အတိုင်းအတာအထိ ဆောင်ရွက်ခွင့်ရမှသာ လုပ်ငန်းဆောင်ရွက်နိုင်မယ်ဆိုတဲ့ မာနမျိုးလည်း ရှိသင့်ပါတယ်။ အလုပ်အပ်တဲ့သူက သက်သာချင်လို့ဆိုပြီး ဟိုဟာလေး လျှော့သုံးပါဦး၊ ဒီဟာလေးလျှော့သုံးပါဦးဆိုရင်တောင်မှ ကိုယ့်နာမည်ကိုထိန်းတဲ့အနေနဲ့ လက်မခံတာပဲ ကောင်းပါလိမ့်မယ်။ ဒီကုမ္ပဏီက လုပ်ရင်တော့ ဒီစံနှုန်းအတိုင်းရမှုကို ဖြစ်မှာ၊ မတတ်နိုင်ရင် တခြားလူသွားခိုင်းပါဆိုတာမျိုး ဖြစ်နေသင့်ပါတယ်။

### ကိုယ့်အရည်အသွေး ကိုယ့်ဘာသာစစ်ဆေး

လုပ်ငန်းလုပ်တယ်ဆိုမှတော့ သူသူကိုယ်ကိုယ် အကျိုးအမြတ်တစ်ခုတော့ လိုချင်ကြတာပါပဲ။ သာမန်အားဖြင့် လုပ်ငန်းတန်ဖိုးရဲ့ ၈ ရာခိုင်နှုန်းလောက်ကိုလည်း အမြတ်ယူခွင့်ပြုထားတာပါပဲ။ ထိုက်သင့်တဲ့ အကျိုးအမြတ်ကို လိုချင်တာက အပြစ်ဆိုစရာ မဟုတ်ပါဘူး။ လူတိုင်း လက်ခံကြပါတယ်။ ထိုက်သင့်တာထက် ပိုချင်နေရင်သာ အဆင်မပြေတော့တာပါ။ စစ်ဆေးတဲ့အပိုင်းကို ပြန်ကောက်ရရင် ကိုယ့်အလုပ်ကို သူများက လာစစ်တယ်ဆိုတာ စစ်ဆေးတဲ့အချိန်မှာ ပြစ်ချက်တွေ ပြောစရာမရှိလေ ကောင်းလေပါပဲ။ လာကြည့်တဲ့သူက ကြည့်လိုက်တာနဲ့ အားရကျေနပ်ပြီး ပြန်သွားရတာမျိုးပဲ ဖြစ်ရမှာပါ။ ဘယ်သူစစ်စစ်၊ မစစ်စစ် ကိုယ့်အဆောက်အအုံရဲ့အရည်အသွေးကို ကိုယ့်ဘာသာ အမြဲစစ်ဆေးနေပြီးတော့ ကိုယ့်စိတ်ကြိုက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားနိုင်မှသာ ထာဝရအောင်မြင်တဲ့ လုပ်ငန်းတစ်ခုကို တည်ဆောက်နိုင်မှာပါ။ လာကြည့်လိုက်တာနဲ့ ဗျစ်တောက်ဗျစ်တောက်ပြောပြီး ပြန်သွားရတဲ့ အခြေအနေမျိုးဆိုရင်တော့ သိပ်မဟန်သေးပါဘူး။

အဆောက်အအုံမှ မဟုတ်ပါဘူး။ ဘယ်လုပ်ငန်းပဲလုပ်လုပ် ကိုယ်လုပ်တဲ့ကိစ္စတစ်ခုကို ကိုယ့်ဘာသာ စိတ်ကြိုက်ဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်မှ အဆင်ပြေမှာပါ။ ရေရှည်ကောင်းမွန်မှာပါ။ သူများစစ်တဲ့ စာမေးပွဲမှာ အောင်ဖို့ထက် ကိုယ့်ကိုယ်ကိုယ် စစ်ဆေးတဲ့ စာမေးပွဲမှာ အောင်နေဖို့က ပိုအရေးကြီးပါတယ်။ သူများစစ်တဲ့စာမေးပွဲက ကိုယ်ရတာနဲ့ မေးတာနဲ့ ကွက်တိတိုးသွားလို့ အောင်သွားတာမျိုးလည်း ဖြစ်နိုင်သလို တခြားဟာတွေ ရနေပေမယ့် သူမေးတဲ့ဟာကျမှ မေ့သွားလို့ ကျသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ အဓိကကတော့ ကိုယ်တိုင်စစ်ဆေးတဲ့စာမေးပွဲမှာ အောင်ဖို့လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် စစ်တာကျတော့ ညာလို့မရတော့ပါဘူး။ ဟန်ဆောင်လို့ မရတော့ပါဘူး။ တစ်ခုပဲရှိတယ်။ ရိုးရိုးသားသား စစ်ဆေးနိုင်ဖို့ တော့လိုပါတယ်။ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း သက်သက်ညှာညှာလေး စဉ်းစားပေးနေရင်တော့ ကြာလေလေ ဖျင်းလေလေ ဖြစ်သွားမှာပါ။ အကောင်းဆုံးကတော့ ကိုယ်လုပ်တဲ့ကိစ္စ၊ ကိုယ့်ဘာသာစစ်ဆေးပြီး ကိုယ်ကျေနပ်မှ လက်ခံတာ အကောင်းဆုံးပါ။ ကိုယ့်စိတ်ကြိုက် မဖြစ်သေးမချင်း အပြန်ပြန် အထပ်ထပ် ကြိုးစားကြရုံပေ့ါ။

ဒါ့ကြောင့် ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် ကိုယ့်အရည်အသွေးကို ကိုယ်ကိုယ်တိုင်စစ်ဆေးရင်းနဲ့ ပို၍ပို၍ ကြီးမားတဲ့ အောင်မြင်မှုတွေဆီကို အရောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

# ပုသိမ်တက္ကသိုလ်၌ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီးဒေါ်ခိုင်နွယ်ဦးနှင့်တာဝန်ရှိသူများ၊ ပုသိမ်တက္ကသိုလ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများ၏တေးသရုပ်ဖော် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ- ခရိုင်(ပြန်/ဆက်)

**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ဒုတိယနေ့) ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့သည် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ပုသိမ်တက္ကသိုလ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ တေးသီချင်းများ၊ အက အလုနှင့်တေးသရုပ်ဖော် သီဆိုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ဒုတိယနေ့)တွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ပုသိမ်တက္ကသိုလ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ဖျော်ဖြေရေးအစီအစဉ် ၃၁ ခုဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ **သီသီမင်း၊ မင်းသစ် (MNA)**

# ကလေးစာပေပွဲတော်(ပုသိမ်) ဒုတိယနေ့ကျင်းပရာ စာပေစကားဝိုင်းတွင် နိုင်ငံကျော်စာရေးဆရာများ၊ ဂီတပညာရှင်များ ပါဝင်ဆွေးနွေး

**ပုသိမ် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(ပုသိမ်) ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက စတင်ကျင်းပရာ စာပေဟောပြောဆွေးနွေးပွဲတွင် နိုင်ငံကျော်စာရေးဆရာများ၊ ဂီတပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

နံနက်ပိုင်းဟောပြောပွဲတွင် စာရေးဆရာ ဇေယျာဘုန်းမြင့်က **"စိတ်ကောင်းလေးပြင် ဉာဏ်နှင့်ယှဉ် လောကအလှဆင်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာပန်းမြိုင်လယ် စိန်ဝင်းက **"ကိုယ်သာလျှင် အရှင်သခင်"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံကျော်ဂီတပညာရှင်များဖြစ်ကြသော အလွမ်းသီချင်းရေးတဲ့မောင်ကျော်ဇော၊ ဆရာ ညိုမြလေး၊ ဆရာဇင်မင်း(သမိန်ထော) နှင့် တေးရေး၊ တေးဆိုဆရာမြင့်မိုးအောင်တို့က **"စာပေ၊လူငယ်၊ အနာဂတ်"** ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

**ဓာတ်ပုံ - ဝင်းကြိုင်**






# ကလေးစာပေပွဲတော် (ပုသိမ်) ဒုတိယနေ့၌ အလယ်တန်းဆင့် ပုံပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများပြားမှုကြောင့် ပွဲတော်ပိတ်သိမ်းချိန်ထက် အချိန်တိုးကျင်းပ

**ပုသိမ် နိုဝင်ဘာ ၄**

ကလေးစာပေပွဲတော်(ပုသိမ်) ဒုတိယမြောက်နေ့တွင် Seminar Room (1) ၌ ပြုလုပ်လျက်ရှိသည့် အလယ်တန်းဆင့် ပုံပြောပြိုင်တွင် ပါဝင်ယှဉ်ပြိုင်သူ များပြားမှုကြောင့် နေ့စဉ်ပွဲတော်ပိတ်သိမ်းချိန် ညနေ ၅ နာရီထက် အချိန်တိုးကျင်းပပေးခဲ့ရကြောင်း ပြိုင်ပွဲတာဝန်ခံများထံမှ သိရသည်။ **(အောက်ပုံ)**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်)တွင် ပုံပြောပြိုင်ပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပပေးနေပြီး ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ မူလတန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၀ က ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ၊ အသွားမတော်တစ်လှမ်း အစားမတော် တစ်လုတ်၊ ကျွမ်းကျင်ရာ လိမ္မာ၊ ကျေးဇူးသိတတ်သော ငခင်ညို၊ အရင်းစစ် အမြစ်မြေက စသည့်ခေါင်းစဉ်များဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ၅၀ က ပိုနေမြဲ ကျားနေမြဲ၊ လက်ညှိုးမကောင်း လက်ညှိုးဖြတ်၊ ရှင်မွေးလွန်းနှင့်မင်းနန္ဒာ၊ မောင်ပေါက်ကျိုင်း၊ စကားလွန်ကျွန်ဖြစ် စသည့်ခေါင်းစဉ်များတွင် ကျရာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ နှင့်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**




# ကလေးမြို့၌ စတုတ္ထအကြိမ်မြောက် စာအုပ်စာစောင် ချစ်မြတ်နိုးသူများက ရေးသူ ဖတ်သူ စာဖတ်ဝိုင်းပြုလုပ်

**ကလေး နိုဝင်ဘာ ၄**

ဒေသအတွင်းရှိစာအုပ်စာစောင်ချစ်မြတ်နိုးသူများက စာရေးသူနှင့် စာဖတ်သူတို့အကြား တွေးခေါ် ခံစားမှုဆိုင်ရာ ပြန်လည်မျှဝေခြင်းအစီအစဉ်အဖြစ် ရေးသူ ဖတ်သူစာဖတ်ဝိုင်းကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြု ဗဟိုဌာနခန်းမ၌ စတုတ္ထအကြိမ်မြောက် ကျင်းပသည်။

စာဖတ်ဝိုင်းတွင် အစီအစဉ်တင်ဆက်သူအဖြစ် ဦးညီညီဇော် (ခရိုင်ပြန်/ဆက်၊ ဦးစီးအရာရှိ)က ဆောင်ရွက်ပြီး စိုးနေ(မန်းတက္ကသိုလ်)ရေးသားသည့် "ပြန်လာခဲ့ပါမိဟေမာ" ကဗျာကို သဘာဝချစ်သူများအဖွဲ့မှ ဆရာသန့်ဇင်ဝင်းက လည်းကောင်း၊ စာရေး ဆရာချမ်းသာရေးသားသည့် "အနှိပ်သည်နဲ့ ကျောပိုးအိတ်" ဒိုင်ယာလော့ခ်ဆောင်းပါးကို ဆရာကြည်သာငြိမ်းကလည်းကောင်း၊ ဆရာမြဆင့်ချယ်ရေးသားသည့် "နွေဦးလမ်းဆုံ" ကဗျာကို ဆရာတင်အောင်ဆင့် ကလည်းကောင်း၊ စာရေးဆရာဇော်နောင်ဟိန်း (Guitar)ရေးသားသည့် "ထိုင်ခုံလေး တစ်ခုံ"အက်ဆေးကို ဦးညီညီဇော်(သျှင်နေမင်း-ဂန့်ဂေါ)က လည်းကောင်း၊ စာရေးဆရာ၊ ကာတွန်းဆရာတောချောင်းဦးရေးသားသည့် ချစ်ခြင်းဖွဲ့ဒိုင်ယာလော့ခ် တူးအင်ဝမ်းကဗျာကို ဦးသန့်ဇင်နှင့် ဒေါ်အေးမို့မို့ထွန်းတို့ကလည်းကောင်း အသီးသီး ရွတ်ဖတ်သွားကြပြီး ကဗျာအက်ဆေးများ ရွတ်ဖတ်မှုအပြီးတွင် တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူများက မိမိတို့၏အမြင်နှင့် ခံစားချက်များကို ပြန်လည်ဆွေးနွေးပေးခဲ့ကြသည်။

အဆိုပါစာဖတ်ဝိုင်းကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ကျင်းပနေခြင်းဖြစ်ရာ လာမည့် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ပဉ္စမအကြိမ်မြောက်အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ယနေ့ခေတ် လူငယ်မောင်မယ်များအတွက် စာဖတ်သည့်အလေ့အထ ကောင်းများ ရရှိစေရန်၊ အနာဂတ်တွင် ကောင်းမွန်သောလူမှုပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်စေရန်ရည်ရွယ်လျက် ပညာရေးနယ်ပယ်မှ ဆရာ ဆရာမများနှင့် ခေတ်ပညာတတ်လူငယ်များမှ စာဖတ်ဝါသနာပါသူ၊ စာပေဝါသနာပါသူများစုစည်း၍ စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းကိုဖွဲ့စည်းကာ စာဖတ်ဝိုင်းများ၊ စာပေစကားဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများနှင့် စာအုပ်စာစောင် ဝေဖန်သုံးသပ်ပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကလေးစာပေပွဲတော် (ပုသိမ်) ကို လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ ပီတိစကား


မရွှေရည်နှင်းဝေ


မောင်လင်းသူဇာထိုက်


မသက်ထားစံ


မခင်ချိုချိုဖြိုး


မမှုံနှံ့သာ


ဒေါ်ခိုင်မာမြင့်

**ပုသိမ် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပရာ ပွဲတော်သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများနှင့် လာရောက်ကြည့်ရှုလေ့လာသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-**

**မရွှေရည်နှင်းဝေ၊ စတုတ္ထတန်း (ပုသိမ်)**

ဒီပွဲကို လာရတာ သမီးအလွန်ပျော်တယ်။ ဒီလိုပွဲတွေကို ခဏခဏလုပ်စေချင်တယ်။ ဂိမ်းတွေလည်း ဆော့ရတယ်။ ဒီလိုပွဲကိုလာတော့ သမီးအတွက် ဗဟုသုတတွေ အများကြီးရလို့ ခဏခဏလုပ်စေချင်ပါတယ်။ သူငယ်ချင်းတွေကို မနက်ဖြန်နောက်ဆုံးနေ့မို့ ဒီကိုလာစေချင်တယ်။ ဗဟုသုတတွေ အများကြီးရတယ်။ စာအုပ်တွေလည်း အများကြီးရှိတယ်။ ကိုယ်မသိတဲ့ဟာတွေလည်း သိရပါတယ်လို့ ပြောချင်ပါတယ်။

**မောင်လင်းသူဇာထိုက်၊**
**ဆဋ္ဌမတန်း (အပင်နှစ်ဆယ်ရွာ)**

သား ဒီကိုလာရတာ အလွန်ပျော်တယ်။ မိကျောင်းတွေ ကြည့်ခဲ့ရတယ်။ သားအတော်သဘောကျတယ်။ နောက်ပြီး ကျောက်ဖြစ်ရုပ်ကြွင်းတွေ၊ အလင်းရောင်ကို လက်နဲ့အုပ်လိုက်ရင် တံခါးက ပွင့်သွားတာမျိုးတွေ၊ လက်ခုပ်တီးလိုက်ရင် မီးပွင့်တာမျိုးတွေကို ကြည့်ရတာ ကြိုက်တယ်။ သားပြခန်းတွေ တော်တော်များများ ကြည့်ပြီးသွားပြီ။ သားက ပုံဆွဲရတာကို အလွန်ကြိုက်တယ်၊ သား ပုံဆွဲပြိုင်ပွဲမှာ သွားပြိုင်ဦးမှာ။ သားသူငယ်ချင်းတွေကို ပျော်ဖို့ကောင်းလို့ လာစေချင်တယ်။ လာပါလို့လည်း ပြောချင်ပါတယ်။

**မသက်ထားစံ၊ ပဉ္စမတန်း၊ အ.ထ.က (၂)ပုသိမ်**

စကားပုံဆက်တာကို ကစားပြီးသွားပြီ။ ဒီကိုလာရတာ ဗဟုသုတတွေလည်းရတယ်။ အသိဉာဏ်ပညာတွေလည်း တိုးပါတယ်။ သမီးတို့ မမြင်ဖူးတဲ့ အရာတွေကိုလည်း မြင်ရတယ်။ ဟိုတစ်နှစ်တုန်းက ရန်ကုန်မှာလုပ်တုန်းက သမီးတို့ မမြင်ရဘူးလေ။ ဒီမှာဆိုတော့ အားလုံးကိုမြင်ရတယ်။

**မခင်ချိုချိုဖြိုး၊ ဆဋ္ဌမတန်း**

သမီးက ဒီပွဲမှာ ဦးဇော်ဝင်းထွဋ် သီဆိုထားတဲ့ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေရမှာ ဖြစ်ပါတယ်။ ဒီပွဲမှာ လာဖျော်ဖြေရတဲ့အတွက် အလွန်ပဲပျော်ပါတယ်။ ပြခန်းတွေကြည့်ရတဲ့အတွက်လည်း ဗဟုသုတမျိုးစုံရပါတယ်။ အရုပ်ဆက်၊ စကားပုံဆက်တွေလည်း ကစားပြီးသွားပါပြီ။ တခြားဂိမ်းတွေလည်း သွားဆော့ဦးမယ်။

**မမှုံနှံ့သာ (အဋ္ဌမတန်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း)**

ပွဲတော်ဖွင့်ပွဲနေ့က ရိုးရာခြင်းလုံးခတ်နည်းနဲ့ ပါဝင်ဖျော်ဖြေခဲ့ပါတယ်။ ဒီနေ့ ညနေမှာလည်း ထပ်မံဖျော်ဖြေဦးမှာပါ။ ခြင်းလုံးကို ခြောက်ခရိုင်ပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ခြင်းရုံက ပြိုင်ပွဲမှန်သမျှကိုလည်း ပါဝင်ယှဉ်ပြိုင်သွားမှာပါ။ ဒီနေ့ပြသထားတဲ့ ပြခန်းတွေထဲမှာ နည်းပညာတက္ကသိုလ်က အဆောက်အအုံ ဆောက်လုပ်ထားတဲ့ ပုံစံကို သဘောကျပါတယ်။ အခု ကလေးစာပေပွဲတော်မှာ ရိုးရာခြင်းလုံးခတ်နည်းနဲ့ ပါဝင်ဖျော်ဖြေရတဲ့အတွက်လည်း အများကြီး ဂုဏ်ယူပါတယ်။ အခုတစ်ကြိမ်က ပထမဆုံးပါ။ ပွဲတော်မှာ တစ်ခါမှ မမြင်ဖူးတာတွေ မြင်တွေ့ခွင့်ရတယ်။ ပျော်ဖို့ကောင်းပါတယ်။

**ဒေါ်ခိုင်မာမြင့် (ကလေးမိဘ၊ ပုသိမ်မြို့)**

ကလေးတွေ အများကြီး လာကြတယ်။ မမြင်ဖူးတာတွေလည်း မြင်ရတယ်။ မြို့ပေါ်က ကလေးတွေအဖို့ သိပ်မထူးဆန်းပေမယ့် နယ်က ကလေးတွေကျတော့ မတွေ့ဖူးတာတွေ တွေ့မြင်ရတယ်။ မကြုံဖူးတာ ကြုံရတယ်။ စာအုပ်ပြခန်းတွေ၊ အခြား ဗဟုသုတရဖွယ်ရာ ပြခန်းတွေ၊ ပညာရေး၊ လူမှုရေးနဲ့ပတ်သက်တဲ့ ပြခန်းတွေ အကုန်မြင်တွေ့ခွင့်ရတယ်။ အဲဒီအတွက် သူတို့ ကျေနပ်မှာပါ။ ပြခန်းတွေကလည်း ပညာရေးနဲ့ ပတ်သက်တာတွေ ပါပါတယ်။ ဒါပေမယ့် လာတဲ့ကလေးက များတဲ့အတွက် ကလေးအင်အားနဲ့ ဆော့ရတဲ့ အရေအတွက်က မမျှဘူး။ ပိုပြီးတော့ ထပ်ထည့်ပေးနိုင်ရင် ကောင်းတာပေါ့။

မဆော့လိုက်ရတဲ့ကလေး၊ မသိလိုက်ရတဲ့ ကလေးတွေ ရှိပါတယ်။ ဒီပွဲတော်ကို ကလေးတိုင်း လာရောက်စေချင်ပါတယ်။ ကျွန်မ သမီးက ဒီပွဲမှာ ခြင်းလုံးနဲ့ ပါဝင်ဖျော်ဖြေသလိုပဲ တခြားကလေးတွေကိုလည်း ပါဝင်စေချင်ပါတယ်။ ရိုးရာခြင်းပညာမှာ မိန်းကလေးခတ်တာ ပျောက်ကွယ်လုနီးပါးဖြစ်နေပြီ။

ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရိုးရာခြင်းပညာကို လာရောက်ခတ်ပြခြင်း ဖြစ်ပါတယ်။ နောက်ပွဲတွေမှာ ကလေးတွေ စိတ်ဝင်စားတဲ့ အရာတွေကို ဒီထက်အများကြီး ထည့်စေချင်ပါတယ်။ ကလေးတွေက ဆရာမတွေနဲ့လာတော့ အချိန်ကြာကြာ မရတဲ့အတွက် စာဖတ်ချိန် မရကြပါဘူး။ လျှပ်တစ်ပြက် သူတို့စိတ်ဝင်စားနိုင်မယ့် အကြောင်းအရာမျိုးကို ပိုပြီးတော့ များများ ထည့်ပေးနိုင်ရင် ပိုကောင်းပါလိမ့်မယ်လို့ အကြံပြုလိုပါတယ်။

**အောင်မင်းဟန်နှင့်အဖွဲ့**

❍ *ကျောဖုံးမှ*

"ပွဲတော်ကိုလာတဲ့ ကလေးတွေက ပန်းချီကို စိတ်ဝင်စားမှု တော်တော်လေးများတာ တွေ့ရတယ်။ ပွဲတော်စတဲ့နေ့ကဆို လာပြိုင်တာ ထိုင်ဖို့တောင် နေရာမရကြဘူး။ ၂၀၀ ကျော်တယ်။ ကြိတ်ကြိတ်တိုးပဲ။ ဒီနေ့လည်း များတယ်။ ပန်းချီပညာရပ်ဆိုတာ အနုပညာတစ်မျိုးဖြစ်တဲ့အတွက် ဒီပညာရပ်ကို စိတ်ဝင်စားရင် ကလေးတွေ စိတ်ထားတွေ နူးညံ့လာမယ်၊ ယဉ်ကျေးသိမ်မွေ့လာမယ်" ဟု ကလေးစာပေပွဲတော် ပန်းချီပြိုင်ပွဲ ဆုရွေးချယ်ရေးအဖွဲ့မှ ပန်းချီဆရာကြီး ဦးသိန်းထွန်းက ပြောသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် စာပေဟောပြောပွဲများ၊ စာပေစကားဝိုင်း၊ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများတွင်လည်း စာပေချစ်မြတ်နိုးသည့် လူကြီး၊ လူငယ်များ၊ အခြေခံပညာနှင့် တက္ကသိုလ်ကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်။

"ဒီနေ့က ပိုပြီးစည်ကားတာ တွေ့ရတယ်။ အခြားမြို့နယ်က အခြေခံပညာကျောင်းတွေနဲ့ ကိုယ်ပိုင်အထက်တန်းကျောင်းတွေက ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ၊ မိဘအုပ်ထိန်းသူတွေ လာကြတာ။ ကလေးစာပေပွဲတော်သာမက အားကစားပြိုင်ပွဲတွေ၊ ဖျော်ဖြေရေးပွဲတွေလည်း ရှိနေတာကြောင့် ကလေးတွေ ပိုပြီးစိတ်ဝင်စားကြတယ်" ဟု ပုသိမ်မြို့နေ ဦးစံဝင်းက ပြောသည်။

စာပေပွဲတော်ကျင်းပသည့် ဘွဲ့နှင်းသဘင်ခန်းမအတွင်းတွင် ဧရာဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ဖျော်ဖြေရေးအစီအစဉ် (၃၁) ခုဖြင့် အလှည့်ကျဖျော်ဖြေပေးနေပြီး ဘွဲ့နှင်းသဘင်ခန်းမ အခန်း (၁) တွင် မူလတန်း အထက်ဆင့်နှင့် အလယ်တန်း (အောက်) ဆင့် ပုံပြောပြိုင်ပွဲ၊ အခန်း (၂) နှင့် အခန်း (၃) တို့တွင် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပပေးနေသည်။

"လာပြိုင်တဲ့အခါ ကလေးတွေ စိတ်ကြိုက် အရုပ်ခေါက်လို့ရပါတယ်။ စက္ကူခေါက်တဲ့အခါမှာ သတ်မှတ်တဲ့ စာရွက်ရှိပါတယ်။ စက္ကူခေါက်နည်းက ဂျပန်ရဲ့နည်းပညာပါ။ သူတို့သတ်မှတ်တဲ့ စက္ကူပေးတယ်။ ကော်မသုံး၊ ကတ်ကြေးမသုံးဘဲ အရုပ်တွေဖြစ်အောင် လုပ်တာပါ။ ပြိုင်ပွဲက စိတ်ဝင်စားတဲ့ကလေးတိုင်း ဝင်ရောက်ယှဉ်ပြိုင်လို့ရပါတယ်။ ဆုတွေလည်း ချီးမြှင့်ပေးနေပါတယ်" ဟု အဆိုပါပြိုင်ပွဲများကို တာဝန်ယူဆောင်ရွက်ပေးနေသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းတစ်ဦးက ပြောသည်။

**ပျော်ရွှင်စွာယှဉ်ပြိုင်**

အလားတူ ဘွဲ့နှင်းသဘင်ခန်းမရှေ့၊ ဘယ်၊ ညာနှင့် စင်္ကြံလမ်းများတွင် Team Building၊ Science Fair နှင့် အရုပ်ဆက်ကစားခြင်းများကို လည်းကောင်း၊ ပထမထပ်တွင် စကားပုံဆက်ကစားခြင်းနှင့် အိမ်ဆောက်လုပ်နည်း ကစားခြင်းများကို လည်းကောင်း၊ တက္ကသိုလ်ဘောလုံးကွင်းတွင် U-14 အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကိုလည်း ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပွဲတော်ကျင်းပရာ ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့၊ ပြင်ပနှင့် ဘယ်၊




ညာ စင်္ကြံလမ်းများတွင် သိပ္ပံပြပွဲ၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ ဝက်ပါကစားနည်း စသည့်ကစားနည်းများတွင်လည်း ပျော်ရွှင်စွာ လာရောက်ဆော့ကစားသူ ကလေးငယ်များဖြင့် စည်ကားလျက်ရှိသည်။

ပုသိမ်မြို့နယ်မှ လာရောက်သည့် မခင်မျိုးသန့်က "ကလေးတွေကို လာပို့တာပါ။ ကလေးစာပေပွဲတော်ဆိုပေမယ့် ကျွန်မတို့လည်း ပျော်ပါတယ်။ ကလေးတွေကို ဖတ်ပြဖို့ ပုံပြင်စာအုပ်ကလေးတွေ ဝယ်ခဲ့တယ်။ ကလေးတွေက ဒီရောက်တုန်း ပြိုင်ပွဲတွေ ဘာတွေဝင်ပြိုင်တော့ ဆုတွေရလို့ ပိုပြီးပျော်တယ်။ ဒီလိုမျိုးပြိုင်ပွဲလေးတွေနဲ့ဆိုတော့ ကလေးတွေအတွက် ပျော်လည်းပျော် ဗဟုသုတလည်း ရပါတယ်" ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်တက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ စသည့်ပညာရေးဌာနများမှ ဖွင့်လှစ်ထားသည့် ပြခန်းများနှင့် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသား ပြခန်းတို့တွင်လည်း လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသား ပြခန်းသို့ လာရောက်ကြည့်ရှုသည့် အထက(၁) ပုသိမ်မှ မောင်ဟိန်းအောင်အောင်က "ဒီပြခန်းကိုကြည့်ရတာ ဗဟုသုတ တော်တော်ရပါတယ်။ တစ်ခါမှ မမြင်ဖူးသေးတဲ့ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးတွေကို မြင်ခွင့်ရပါတယ်။ ဒီပုဂ္ဂိုလ်တွေအားလုံးက ကျွန်တော်တို့ ဧရာဝတီတိုင်းကပါလားဆိုပြီး ဂုဏ်ယူစိတ်တွေ ဖြစ်လာပါတယ်။ စိတ်ဓာတ်လည်း တက်ကြွလာပါတယ်" ဟု ပြောသည်။

**ရောင်းချပေး**

ကလေးစာပေပွဲတော်တွင် လာရောက်ဖွင့်လှစ်ရောင်းချနေသည့် စာအုပ်အရောင်းဆိုင်များတွင်လည်း သင်ရိုးညွှန်းတမ်းစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ သုတ၊ ရသ၊ အတ္ထုပ္ပတ္တိ စာပေများအပြင် ကလေးငယ်များအတွက် မြန်မာ့ရိုးရာပုံပြင်များ၊ ဆေးရောင်ခြယ်စာအုပ်များ၊ ကစားစရာများ၊ ပြည်သူ့နီတိစာအုပ်များ၊ ကာတွန်းစာအုပ်များ စသည်တို့ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ စာအုပ်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

"ဒီလောက် ရောင်းရမယ်လို့ ထင်မထားဘူး။ တကယ့်ကို စည်စည်ကားကားပဲ။ ကလေးတွေအတွက် လိမ္မာယဉ်ကျေးစေတဲ့ စာအုပ်တွေ ဥပမာ ဓမ္မရုပ်ပြတွေ၊ မြန်မာ့ရိုးရာပုံပြင်တွေ၊ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တွေကို သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းပေးတယ်။ ကလေးတွေ လက်ထဲ အဲဒီလို စာအုပ်လေးတွေ ရောက်စေချင်လို့ လာရောက်ရောင်းချပေးတာပါ။ ကလေးတွေကလည်း သူတို့စိတ်ကြိုက် ရွေးဝယ်ကြတယ်" ဟု နဂါးပျံစာပေမှ ဦးအတီးက ပြောသည်။

ထို့ပြင် မြန်မာ့ရိုးရာ ရုပ်သေးပြပွဲ၊ မျက်လှည့်ပြကွက်များ၊ ဆင်အက၊ ခြင်းအလှခတ်ပွဲများတွင်လည်း ကြည့်ရှုသူများဖြင့် စည်ကားနေပြီး ပွဲတော်သို့ လာရောက်သည့် ကလေးငယ်များက အရုပ်ကိုယ်ထဲသို့ လူဝင်ထားသည့် ချစ်စဖွယ်အရုပ်ကြီးများနှင့်အတူ ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

**သတင်း- သီသီမင်း၊ မင်းသစ် (MNA)၊**
**ခရိုင်(ပြန်/ဆက်)**
**ဓာတ်ပုံ- နေလင်း**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့ အခမ်းအနား မြင်ကွင်းများ



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့တွင် ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းသစ်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့တွင် ကလေးငယ်များ ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းသစ်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူများ ဝက်ပါကစားနည်း ပျော်ရွှင်စွာ ကစားနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ခရိုင် (ပြန်/ဆက်)



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူများ စာအုပ်များ ဝယ်ယူနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ခရိုင် (ပြန်/ဆက်)



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့တွင် ကျောင်းသူများ ထုပ်ဆီးတိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ခရိုင် (ပြန်/ဆက်)



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့ ပုံပြော၊ ကျပန်းနှင့် ကဗျာရွတ်ဆို ပြိုင်ပွဲတွင် ကျောင်းသူတစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ခရိုင် (ပြန်/ဆက်)

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (ပုသိမ်) ဒုတိယနေ့ အခမ်းအနားတွင် ကျောင်းသူလေးများ၏ ဖျော်ဖြေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ- ခရိုင် (ပြန်/ဆက်)



# ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်နဲ့ နားလည်မှုစာချွန်လွှာကို ၂၀၁၄ ခုနှစ်မှာရေးထိုးပြီး အညွှန်းကိန်းတွက်ချက်မှုမှာ ကျွန်တော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်

ဒုတိယဝန်ကြီး ဦးအောင်ထူး

## “ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**“ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျာသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။**

**အစီအစဉ်မှူး ။** ။ **ဒီနေ့စကားဝိုင်းမှာ ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ခေါင်းစဉ်နဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်း (Ease of Doing Business Index) နဲ့ ပတ်သက်ပြီး ဆွေးနွေးပေးစေချင်ပါတယ်။**

**ဒုတိယဝန်ကြီး ။** ။ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်းဆိုတာကတော့ နိုင်ငံတကာမှာ တိုင်းတာနေတဲ့ အညွှန်းကိန်းတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီအညွှန်းကိန်းကို ၂၀၀၂ ခုနှစ်မှာ ကမ္ဘာ့ဘဏ်က သုတေသီတစ်ဦးကနေ စတင်ပြီးဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာက ၂၀၀၄ ခုနှစ်မှာ စတင်ပြီးတိုင်းတာတာ ဖြစ်ပါတယ်။ ဒီအညွှန်းကိန်းကို တိုင်းတာခဲ့တာ ၁၅ နှစ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီအညွှန်းကိန်းရဲ့ ရည်ရွယ်ချက်ကတော့ အညွှန်းကိန်း တိုးတက်လာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာလွယ်ကူမှုကို ဖော်ပြနေပါတယ်။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်တဲ့အခါမှာ ဒါတွေကို ထိန်းချုပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။

ဒီစည်းမျဉ်းစည်းကမ်းတွေ တင်းကျပ်တယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေအတွက် လုပ်ကိုင်ရတာ ခက်ခဲမှုရှိပါတယ်။ ဒါကြောင့် ကြိုးနီစနစ်တွေကို လျော့နည်းပပျောက်စေပြီးတော့ ဒီစီးပွားရေးလုပ်ငန်းတွေ ရှင်းလင်းလွယ်ကူအောင်ဆိုပြီး ဒီညွှန်းကိန်းကို တွက်ချက်ပြီး ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

### ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဆွဲဆောင်နိုင်

အညွှန်းကိန်း တိုးတက်လာခြင်းအားဖြင့် ပုဂ္ဂလိကလုပ်ငန်းတွေဟာ ပိုမိုပြီးတိုးတက်အောင်မြင်လာမယ့် သဘောရှိပါတယ်။ ဒီပုဂ္ဂလိကလုပ်ငန်းတွေရဲ့ ရှယ်ယာတွေ၊ ပိုင်ဆိုင်မှုတွေနဲ့ပတ်သက်၍ ပိုမိုပြီး အကာအကွယ်ပေးနိုင်မယ့်သဘော ရှိပါတယ်။ နောက်တစ်ခုကတော့ နိုင်ငံတကာနှိုင်းယှဉ်မှုမှာ အညွှန်းကိန်းမြင့်မားတဲ့နိုင်ငံတွေကို ရင်းနှီးမြှုပ်နှံသူတွေက ပိုပြီးစိတ်ချယုံကြည်မှု ရှိပါတယ်။ ဒါကြောင့် အညွှန်းကိန်းမြင့်တက်လာတာနဲ့အမျှ နိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဆွဲဆောင်နိုင်တဲ့အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာမယ်။ ရင်းနှီးမြှုပ်နှံမှု တိုးတက်ခြင်းကနေပြီးမှ စီးပွားရေးတိုးတက်မှုတွေကိုလည်း ရရှိစေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ပြုပြင်ပြောင်းလဲမှုတွေကို ၂၀၁၁ ခုနှစ်လောက်ကစပြီး ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြုလုပ်ခဲ့တဲ့နေရာမှာ ပုဂ္ဂလိက ကဏ္ဍဟာ တိုင်းပြည်ရဲ့စီးပွားရေးမှာ အရေးပါတယ်။ အဲဒီတော့ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်ပြီး ကမ္ဘာ့ဘဏ်နဲ့ နားလည်မှုစာချွန်လွှာကို ၂၀၁၄ ခုနှစ်မှာ ရေးထိုးပြီး အညွှန်းကိန်းတွက်ချက်မှုမှာ ကျွန်တော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ဘဏ်အနေနဲ့လည်း ကျွမ်းကျင်သူတွေ၊ အတိုင်ပင်ခံတွေ တွဲဖက်ပေးထားပြီး ဒီအညွှန်းကိန်းကို ဘယ်လိုတိုးတက်အောင် ဆောင်ရွက်မလဲဆိုတဲ့ နည်းလမ်းတွေကိုလည်း အကြံပြုလျက်ရှိပါတယ်။

ဒီအညွှန်းကိန်းမှာ မြန်မာနိုင်ငံအနေနဲ့ ပါဝင်ခြင်းဟာ နိုင်ငံတော်ဟာ ပုဂ္ဂလိက ကဏ္ဍမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာအောင်



“ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကျင်းပစဉ်။

**“၂၀၁၈ ခုနှစ် အညွှန်းကိန်းအရဆိုရင် စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်း တစ်ကမ္ဘာလုံးရဲ့ ranking မှာ အမြင့်ဆုံးကတော့ နယူးဇီလန်နိုင်ငံ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံကတော့ ဒုတိယ လိုက်ပါတယ်။ တခြားအာဆီယံနိုင်ငံတွေကို ကြည့်မယ်ဆိုရင် မလေးရှားက ၂၄၊ ထိုင်းက ၂၆၊ ဘရူနိုင်းက ၅၆၊ ဗီယက်နမ်က ၆၈၊ အင်ဒိုနီးရှားက ၇၂၊ ဖိလစ်ပိုင် က ၁၁၃၊ ကမ္ဘောဒီးယားက ၁၃၅ နဲ့ လာအိုက ၁၄၁ မှာ ရှိပါတယ်။ မြန်မာနိုင်ငံကတော့ ခုနကပြောတဲ့အတိုင်း ၁၇၁ မှာရှိပါတယ်”**

ဆောင်ရွက်ပေးစေလိုတယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှုရှိတယ်ဆိုတာကို ဖော်ပြပါတယ်။ ဒီအညွှန်းကိန်း တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီးတော့မှ ဒီဖွံ့ဖြိုးတိုးတက်မှုကနေတစ်ဆင့် တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိမယ်လို့လည်း ခံယူထားပါတယ်။

ဒီအညွှန်းကိန်းတိုးတက်အောင် ဆောင်ရွက်မယ်ဆိုပြီးတော့မှ နိုင်ငံတော်အနေနဲ့ သန္နိဋ္ဌာန်ချထားပြီးလည်း ဖြစ်ပါတယ်။ စတင်ပြီး အညွှန်းကိန်းတွက်ချက်တဲ့အချိန်မှာ မြန်မာနိုင်ငံရဲ့အညွှန်းကိန်းဟာ ၁၈၂ ရှိခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့က ၁၇၁ ကို ရောက်လာပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌဖြစ်တဲ့ ဒုတိယသမ္မတအနေနဲ့ ဒီအညွှန်းကိန်းကို ၂၀၂၁ ခုနှစ်မှာ ၁၀၀ အောက်ကို ရောက်အောင် ဆောင်ရွက်ရမယ်ဆိုတဲ့ ဒီလမ်းညွှန်ချက်ပေးထားပါတယ်။ ဒီလမ်းညွှန်ချက်နဲ့အညီ ကျွန်တော်တို့က စီးပွားရေးလုပ်ငန်းများလွယ်ကူမှု အညွှန်းကိန်းတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

### ကဏ္ဍဆယ်ခုကို အခြေခံတွက်ချက်

ဒီအညွှန်းကိန်း တွက်ချက်တဲ့နေရာမှာဆိုရင် ဘက်လိုက်မှုမရှိဘူး။ ဓမ္မဓိဋ္ဌာန်ကျတယ်ဆိုတာကို တွေ့ရပါတယ်။ ဒီအညွှန်းကိန်းကို တွက်ချက်တဲ့နေရာမှာ စီးပွားရေးလုပ်ငန်းတွေ ထူထောင်လည်ပတ်မှုမှာ ကြုံတွေ့နေရတဲ့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းချက်တွေနဲ့ ပတ်သက်ပြီး ကဏ္ဍဆယ်ခုကို ကျွန်တော်တို့ အခြေခံတွက်ချက်ပါတယ်။

ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်း စတင်ထူထောင်တော့မယ်ဆိုရင် ဘာလုပ်ဖို့ လိုမလဲ။ ကုမ္ပဏီစထောင်ဖို့လိုမယ်။ ကုမ္ပဏီထောင်ဖို့အတွက် မတည်အရင်းအနှီးက ဘယ်လောက်ရှိရမလဲ။ ကုမ္ပဏီထောင်ဖို့အတွက် ဘယ်လိုအဆင့်တွေ ဆောင်ရွက်ရမလဲ။ ကုမ္ပဏီမှတ်ပုံတင်ဖို့အတွက်ဆိုရင် အချိန်ဘယ်လောက်ယူရမလဲ။ ဒါတွေကို တိုင်းတာတာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကုမ္ပဏီထောင်ပြီးပြီဆိုရင် အဆောက်အအုံတွေ၊ ဂိုဒေါင်တွေ ထူထောင်ကြမယ်။ အဲဒါဆိုရင် ဘာတွေလိုမလဲ။ ဒါတွေဆောက်လုပ်ဖို့ ဆောက်လုပ်ခွင့် ခွင့်ပြုချက်တွေ လိုလာမယ်။ ခွင့်ပြုချက်တွေနဲ့ပတ်သက်ပြီး ဘယ်လိုအဆင့်တွေ လုပ်ဆောင်ရမလဲ။ ဘယ်လိုထောက်ခံချက်တွေ လိုမလဲ။ လျှောက်ထားမှုတွေမှာ ငွေကြေးကုန်ကျမှုက ဘယ်လောက်ရှိမလဲ။ အဲဒီလို လျှောက်ထားမှုမှာ process လုပ်တဲ့အချိန်က ဘယ်လောက်ရှိမလဲ စသည်ဖြင့်တွက်ချက်တာ ဖြစ်ပါတယ်။

ဒီကနေတစ်ဆက်တည်းပဲ ဂိုဒေါင် တည်ထောင်ပြီးပြီဆိုရင် လျှပ်စစ်မီးရရှိဖို့ လိုအပ်လာပြန်တယ်။ လျှပ်စစ်ရရှိဖို့ လျှောက်ထားမယ်။ လျှပ်စစ်မှာ ပြတ်တောက်မှု ရှိသလား၊ မရှိဘူးလားဆိုတဲ့အချက်တွေကလည်း စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်းကို အထောက်အကူပြုတဲ့ အချက်တွေ ဖြစ်ပါတယ်။ တခြားအချက်အလက်တွေကဆိုရင် ပိုင်ဆိုင်မှုတွေရှိလာပြီ။ ဒီပိုင်ဆိုင်မှုတွေကို မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်မယ်။ မှတ်ပုံတင်တဲ့အခါမှာ ဘယ်လိုလျှောက်ထားရမလဲ။ ဘယ်လောက်ကုန်ကျမလဲ။ အချိန်ဘယ်လောက်လိုမလဲဆိုတဲ့အရာတွေ ဖြစ်ပါတယ်။ ဒါတွေကိုလည်း တွက်ချက်တာ ဖြစ်ပါတယ်။

လုပ်ငန်းလုပ်ဆောင်ပြီဆိုရင် ငွေကြေးက လိုလာပါပြီ။ ငွေကြေးလိုတဲ့အခါမှာ မိမိငွေကြေးကို စိုက်ထုတ်သလို ဘဏ်ကနေလည်း ငွေချေးရမယ်။ ငွေချေးမယ်ဆိုရင် ဘဏ်ငွေချေးတဲ့အခါမှာ ဘယ်လိုအချက်အလက်တွေ လိုမလဲ။ ဘယ်လိုအဆင့်တွေ သွားရသလဲ။ အချိန်ဘယ်လောက်ကြာမလဲ။ ဘဏ်ငွေချေးမှုနဲ့ ပတ်သက်ပြီးတော့ Credit Bureau အဖွဲ့အစည်းတွေရှိနေပြီလား စသဖြင့် ဒါတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

### အရေးပါတဲ့အချက်

နောက်တစ်ခုက ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းလုပ်တဲ့အခါမှာ တစ်ယောက်တည်းရဲ့ ငွေကြေးနဲ့ လုပ်တာမဟုတ်ဘဲ အစုရှယ်ယာနဲ့ လုပ်မယ်။ အစုရှယ်ယာနဲ့လုပ်တဲ့အခါမှာ အစုရှယ်ယာဝယ်ထားတဲ့သူတွေဟာ အစုရှယ်ယာကို အလွယ်တကူပဲ ရောင်းချနိုင်သလား။ လွှဲပြောင်းပေးနိုင်သလား စသည်ဖြင့် ဒီအချက်တွေကလည်း စီးပွားရေးလုပ်ငန်းများလွယ်ကူမှု အညွှန်းကိန်းမှာ အရေးပါတဲ့အချက် ဖြစ်ပါတယ်။

လုပ်ငန်းတွေလုပ်ပြီဆိုရင် အမြတ်တွေရလာမယ်။ အမြတ်တွေရလာရင် ကျွန်တော်တို့က အခွန်အကောက်တွေ ပေးရတော့မယ်။ အခွန်အကောက်ပေးမှုမှာ လွယ်ကူမှုရှိသလား။ ဘာကြောင့်လဲဆိုတော့ အခုတလောကြုံတွေ့နေရတဲ့ အခွန်ပေးချင်ပေမယ့် ပေးရတာမှာ ခက်ခဲမှုရှိနေတယ်ဆိုပြီး ပြောကြားမှုတွေ ရှိနေပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဘယ်လောက်ထိလွယ်ကူအောင် အခွန်ပေးဆောင်မှုကို ဘယ်လိုလုပ်နိုင်သလဲ။ အွန်လိုင်းကနေပြီး ပေးချေနိုင်သလား။ အခွန်ထမ်းနံပါတ်ရဖို့အတွက်ကို လွယ်ကူမှုရှိသလား စတဲ့အချက်တွေက စီးပွားရေးလုပ်ငန်းများ လွယ်ကူမှု အညွှန်းကိန်းမှာ ထည့်သွင်းစဉ်းစားရတဲ့ အချက်တွေ ဖြစ်ပါတယ်။

### ဘယ်လောက် ခက်ခဲမှုရှိသလဲ

နောက်တစ်ချက်က လုပ်ငန်းလုပ်ဆောင်တဲ့အခါမှာ ပို့ကုန်သွင်းကုန် လုပ်ငန်းတွေ လုပ်ကြမယ်။ ပို့ကုန်သွင်းကုန်လိုင်စင်ရဖို့ ဘယ်လောက် ခက်ခဲမှုရှိသလဲ။ ဒီပစ္စည်းတွေကို ပို့ဆောင်ဖို့အတွက် အခက်အခဲတွေ ဘယ်လောက်ရှိသလဲ။ အချိန်ဘယ်လောက်ကြာသလဲ။ ငွေကြေးဘယ်လောက်ကုန်ကျသလဲဆိုတာကို စီးပွားရေးလုပ်ငန်းများ လွယ်ကူမှုအညွှန်းကိန်းမှာ ထည့်သွင်းတွက်ချက်တာ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေလုပ်တဲ့အခါမှာ အဓိကကတော့ ပဋိညာဉ်စာချုပ်တွေ ချုပ်ဆိုကြတယ်။ ကန်ထရိုက်စာချုပ်တွေ ချုပ်ဆိုကြတယ်။ ဒီကန်ထရိုက်စာချုပ်တွေ လိုက်နာဖို့ တာဝန်ရှိတယ်။ မလိုက်နာရင် ဘယ်လိုအရေးယူဆောင်ရွက်နိုင်မလဲ။ အချိန်ဘယ်လောက်ကြာမလဲ။ ဒါတွေဟာ စီးပွားရေးလုပ်ငန်းများလွယ်ကူမှုအညွှန်းကိန်းမှာ ထည့်သွင်းတွက်ချက်တာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအဆင့်ဆင့်ကို ကြည့်လိုက်မယ်ဆိုရင် စတင်ထူထောင်ရာကနေ တစ်ချိန်မှာ ဒီလုပ်ငန်းတွေက အောင်မြင်တာလည်းရှိသလို ကျရှုံးတာလည်းရှိမယ်။ ကျရှုံးတဲ့အခါမှာ ကျွန်တော်တို့ စကားနဲ့ပြောမယ်ဆိုရင် ဒေဝါလီခံရတာ ဖြစ်ပါတယ်။ ဒေဝါလီခံတယ်ဆိုရင် လုပ်ငန်းတစ်ခုကို ဖျက်သိမ်းပယ်ဖျက်ရတော့မယ်။ ကျွန်တော်တို့ စကားအရဆိုရင် လူမွဲစာရင်းသွင်းတာ ဖြစ်တယ်။ လူမွဲစာရင်းသွင်းမယ်ဆိုရင် ဘယ်လို ဆောင်ရွက်မလဲ။ အချိန်ဘယ်လောက်ကြာမလဲ။

ဒီလိုဆောင်ရွက်ဖို့အတွက် ဥပဒေတွေရှိပြီလား စသည်ဖြင့် ဒီအချက်တွေကို စီးပွားရေးလုပ်ငန်း လွယ်ကူမှုထဲမှာ ထည့်သွင်းတွက်ချက်တာ

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နတ်မောက်မြို့ မူလတန်းကြိုကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေပေးအပ်ပွဲများသို့ တက်ရောက်




နတ်မောက်မြို့ရှိ မူလတန်းကြိုကျောင်းဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ မူလတန်းကြိုကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများပေးအပ်ခြင်း အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် နတ်မောက်မြို့ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းခြင်း၊ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပေးခြင်းနှင့် ကလေးငယ်များကို လက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ရှေးဦးအရွယ် ကလေးသူငယ်များကို ကိုယ်ခန္ဓာ ပုံမှန်ကြီးထွားရုံသာမက ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုများအတွက် မှန်ကန်သော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနည်းလမ်းများဖြင့် မူဝါဒများ၊ မဟာဗျူဟာများကိုလည်း ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နှစ်လျှင် မူလတန်းကြိုကျောင်း ၁၀ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံကိန်းများရေးဆွဲလျက်ရှိရာ တစ်နိုင်ငံလုံးတွင် မူလတန်းကြိုကျောင်း ၁၂၃ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မူလတန်းကြိုကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော အချို့ဒေသများတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို တည်ထောင်ခွင့်ပေးထားပြီး နှစ်စဉ်ဆရာမများအတွက် လစာထောက်ပံ့ငွေများ၊ နည်းပညာဆိုင်ရာ အထောက်အကူများနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိရာ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းပေါင်း ၁၀၂၅ ကျောင်း ရှိနေပြီဖြစ်ပါကြောင်း၊

**ရပ်ရွာအခြေပြု မိခင်ဝိုင်းများ တိုးချဲ့ဖွင့်လှစ်**

ထို့အပြင် ရပ်ရွာအခြေပြု မိခင်ဝိုင်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ယခုအခါ မိခင်ဝိုင်းပေါင်း ၄၅၃ ဝိုင်းကို ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအကျဆုံး အပိုင်းဖြစ်သော ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကို ဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့စီးပွားရေး ပညာရှင်များ၏ သုတေသနပြုချက်အရ စီးပွားရေးလုပ်ငန်းများစွာအနက် ကလေးဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများစွာရရှိနိုင်ပါကြောင်း၊ ကလေးသူငယ်များအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် မူလတန်းကြိုကျောင်း တက်ရောက်ခွင့်ရရှိရေး ပြည်သူများ၊ လူမှုအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ထို့နောက် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မူလတန်းကြိုကျောင်း ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ထောက်ပံ့ငွေကျပ် ၃၇၀ ဒသမ ၁၅၈ သန်း ပေးအပ်**

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တောင်တွင်းကြီးမြို့နယ် အောင်မြင်သာကျေးရွာ စက်ရေတွင်းတူးဖော်မှု ကုန်ကျငွေကျပ် ၂၉ ဒသမ ၂၀၀ သန်း၊ ချောက်မြို့နယ် သန်းပင်(မြောက်)ကျေးရွာ စက်ရေတွင်းတူးဖော်မှု ကုန်ကျငွေကျပ် ၃၉ ဒသမ ၃၉၀ သန်း၊ ဂန့်ဂေါခရိုင်နှင့် သရက်ခရိုင်တို့တွင် ရေတိုက်စားပျက်စီးသွားသော ရေကာဘေး Apron အစိတ်အပိုင်းများ ပျက်စီးမှု ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၆၁ ဒသမ ၁၉၉ သန်း၊ စလင်းမြို့နယ် ကန်တော်ချောင်း ရေစီးရေလာကောင်းမွန်စေရေး၊ ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၈၃ ဒသမ ၅၉၀ သန်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စပိဘုတ်တစ်စင်း တန်ဖိုးငွေကျပ် ၄၆ ဒသမ ၁၀၈ သန်းနှင့် မကွေးတိုင်းဒေသကြီး ဆိပ်ခံဖေါတံတားအတွက် ငွေကျပ် ၁၁၀ ဒသမ ၆၈၁ သန်း စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၇၀ ဒသမ ၁၅၈ သန်းတို့ကို ပေးအပ်ရာ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက လက်ခံရယူသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ပြီး အလှူငွေများ ပေးအပ်သည်။ ထို့နောက် နတ်မောက်မြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး တည်ဆောက် ဖွင့်လှစ်မည့်မြေနေရာကို ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများက အဆောက်အအုံ တည်ဆောက်မည့်အခြေအနေများနှင့် လိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖျောက်ဆိပ်ဆရာတော်နှင့် ကန်ကြီးရပ်၊ ရွှေဘုံသာကျောင်းတိုက်ရှိ ဘုန်းတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ရှင်အရဟံ မဟာဗောဓိရွှေညောင်တော်၊ ပုဗ္ဗာရုံကျောင်းတိုက်ရှိ ဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညို၍ သင်္ကန်း၊ အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရှင်အရဟံမဟာဗောဓိရွှေညောင်တော်နှင့် ပရိဘောဂစေတီတော်တို့ကို လှည့်လည်ဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်သစ်များ ရွေးချယ်ဖွဲ့စည်း




မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး မိတ်ဆက်ပြောကြားစဉ်။

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့အလေးမအားကစား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပထမဆုံးရွေးချယ်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြင့်ဦးနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်မှုကော်မရှင် ဥက္ကဋ္ဌ ဦးထွန်းထိန်တို့က အမှာစကားပြောကြား၍ ကော်မရှင်အဖွဲ့ဝင် ဥပဒေပညာရှင် ဦးမျိုးမင်းဦးက ရွေးချယ်ရေးအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကို မဲပေးဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ ဒုတိယဥက္ကဋ္ဌ - ၁ ဦးကျော်ဆန်း၊ ဒုတိယဥက္ကဋ္ဌ - ၂ ဦးဝင်းကျော်ကျော်အောင်၊ ဒုတိယဥက္ကဋ္ဌ - ၃ ဦးလှမင်းစိုး၊ အထွေထွေအတွင်းရေးမှူး ဦးသီဟန်၊ တွဲဖက်အတွင်းရေးမှူး - ၁ ဦးမျိုးမင်း၊ တွဲဖက်အတွင်းရေးမှူး - ၂ ဦးပြည့်ဖြိုးဆွေနှင့် အလုပ်အမှုဆောင် ရှစ်ဦး စုစုပေါင်း ၁၅ ဦးတို့ကို အများသဘောတူ ရွေးချယ်တင်မြှောက်ကာ တာဝန်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၄**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

ဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍဆယ်ခုဆိုတာဟာ စီးပွားရေးလုပ်ငန်းစတင်တဲ့အချိန်ကစပြီး မအောင်မြင်ခဲ့လို့ ရုပ်သိမ်းတဲ့အထိ အဲဒီအဆင့်တွေမှာ ဘယ်လောက်လွယ်ကူမှုရှိသလဲဆိုတာကို တွက်ချက်တာ ဖြစ်ပါတယ်။

**ပိုမိုတိုးတက်ဖို့ အလားအလာရှိ**

ဒီလို လွယ်ကူမှုတွေ ပိုပြီးများတဲ့နိုင်ငံမှာကတော့ စီးပွားရေးလုပ်ငန်းတွေက ပိုမိုတိုးတက်ဖို့ အလားအလာရှိပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်တာနဲ့အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အနေနဲ့ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှုအညွှန်းကိန်းမှာ ranking တိုးဖို့ နိုင်ငံတကာရဲ့ နှိုင်းယှဉ်မှုမှာ ranking တိုးဖို့ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နောက်တစ်ခုက စီးပွားရေးလုပ်ငန်းများ လွယ်ကူမှုအညွှန်းကိန်းမှာ ranking တင်မကဘဲ အမှတ်ပေးတာလည်း ရှိပါတယ်။ ကျွန်တော်တို့ ကျောင်းတွေမှာ စာမေးပွဲဖြေတယ်ဆိုရင် အမှတ် ၁၀၀ ပေးတယ်။ သာမန်အားဖြင့် အမှတ် ၄၀ ရရင် အောင်တယ်။ အမှတ် ၈၀ ရရင် ဂုဏ်ထူးထွက်တယ် စသည်ဖြင့် ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ လွယ်ကူမှုအညွှန်းကိန်းမှာလည်း အဲဒီလိုပဲ အမှတ်ပေးတဲ့ စနစ်ရှိပါတယ်။ ဒီအမှတ်အပေါ်မှာ ranking မတက်ပေမယ့် အမှတ်တက်လာတာ ရှိပါတယ်။ ဉပမာဆိုရင် မြန်မာနိုင်ငံရဲ့ ၂၀၁၈ ခုနှစ် အမှတ်မှာဆိုရင် ၄၄ မှတ် ကျော်ကျော်ရပါတယ်။ ဆိုလိုတာက ၄၀ ကျော်သွားပြီးဆိုတော့ အောင်မှတ်ရပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဂုဏ်ထူးတော့ မရသေးပါဘူး။

**ပျမ်းမျှအမှတ် ၆၀ ကျော်ရှိ**

ကျွန်တော်တို့ အာရှ-ပစိဖိတ်ဒေသနိုင်ငံတွေကို ပြန်ပြီးကြည့်တဲ့အခါမှာ အာရှ-ပစိဖိတ်ဒေသနိုင်ငံတွေရဲ့ ပျမ်းမျှအမှတ်က ၆၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့က အာရှ-ပစိဖိတ်ဒေသအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ၄၀ ကျော်ကနေ ၆၀ ကျော်ရအောင် တတ်နိုင်သလောက် ကျွန်တော်တို့ ကြိုးစားရပါမယ်။ ဖြစ်နိုင်မယ်ဆိုရင် ဂုဏ်ထူးရတဲ့ ၈၀ ကျော် အထက်ကိုရရင်တော့ အကောင်းဆုံးပဲလို့ ကျွန်တော် အနေနဲ့ ဆိုချင်ပါတယ်။

**အခွင့်အလမ်းတွေ အများကြီးရှိနေ**

၂၀၁၈ ခုနှစ် အညွှန်းကိန်းအရဆိုရင် စီးပွားရေးလုပ်ငန်းများလွယ်ကူမှု အညွှန်းကိန်း တစ်ကမ္ဘာလုံးရဲ့ ranking မှာ အမြင့်ဆုံးကတော့ နယူးဇီလန်နိုင်ငံ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံကတော့ ဒုတိယ လိုက်ပါတယ်။ တခြားအာဆီယံနိုင်ငံတွေကို ကြည့်မယ်ဆိုရင် မလေးရှားက ၂၄၊ ထိုင်းက ၂၆၊ ဘရူနိုင်းက ၅၆၊ ဗီယက်နမ်က ၆၈၊ အင်ဒိုနီးရှားက ၇၂၊ ဖိလစ်ပိုင်က ၁၁၃၊ ကမ္ဘောဒီးယားက ၁၃၅ နဲ့ လာအိုက ၁၄၁ မှာ ရှိပါတယ်။ မြန်မာနိုင်ငံကတော့ ခုနကပြောတဲ့အတိုင်း ၁၇၁ မှာရှိပါတယ်။ ကျွန်တော်တို့က အနိမ့်ဆုံးဖြစ်တဲ့အတွက်ကြောင့် အခွင့်အလမ်းကတော့ အမြင့်ဆုံးကို ရောက်အောင်ကြိုးစားရမယ့် အခွင့်အလမ်းတွေ အများကြီးရှိနေတယ်လို့ ကျွန်တော်အနေနဲ့ ပြောချင်ပါတယ်။

**ရှင်မင်း၊ ဓာတ်ပုံ - အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု ပြိုင်ပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းသည့် (၂၄) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု (အေရိုးဗစ်) ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**





ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌများက ပြိုင်ပွဲဝင်အသင်းများကို အမှတ်တရ လက်ဆောင်များပေးအပ်ပြီး လိုက်လံနှုတ်ဆက်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ တစ်ဦးချင်းအလှူရှင်များက လှူဒါန်းကြရာ စုစုပေါင်း အလှူငွေကျပ် ၁၁၈ သိန်းရရှိပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

"ဒီနှစ်မှာ ထူးထူးခြားခြား Myanmar Fitness Dance ပြိုင်ပွဲ တစ်ခုထည့်ထားတာ ရှိပါတယ်။ ပြိုင်ပွဲမလုပ်ခင် ဒိုင်နဲ့နည်းပြသင်တန်းတွေ ပြုလုပ်ပေးပါတယ်။ Myanmar Fitness Dance ထည့်ထားတဲ့အတွက် စည်းမျဉ်း စည်းကမ်းတွေ စည်းစနစ်ကျအောင် သင်တန်းတွေပေးပြီး ပြိုင်ပွဲစတင်တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲက အမျိုးသမီးအပါအဝင် မိသားစုအားလုံးကို အိမ်မှာ ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်းတွေ လုပ်စေချင်တယ်။ ဒါကြောင့် ကျောင်းနေအရွယ်ကစပြီး ပြိုင်ပွဲတွေကျင်းပခြင်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြောသည်။

ပထမနေ့ပွဲစဉ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ အားကစားသမားများက အကြီးတန်း ကိုးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲ ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။အဆိုပါ ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် အငယ်တန်း၊ အသက် ၁၃ နှစ်နှင့်အထက် အကြီးတန်း၊ ကိုးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲ ပြိုင်ပွဲ၊ တစ်ဦးချင်းနှင့် Myanmar Fitness Dance ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း၊ ဓာတ်ပုံ-ဗလစိုး**

# ဖန်းမော်မြို့တွင် မြန်မာ့ရိုးရာလှေသဘင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဖန်းမော် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လှေလှော်ပြိုင်ပွဲကို နှစ်ပေါင်း ၂၀ ကျော်ခန့် တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ဂေါ်ရာကန်နေရာကို ယခုနှစ်အတွင်း ပြန်လည်ပြုပြင်နိုင်ခဲ့ပြီး မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ပြန်လည်ကျင်းပနိုင်ခဲ့ရာ ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဗန်းမော်မြို့ သာစည်ရပ်ကွက်ရှိ မေတ္တာမွန်မင်္ဂလာကန်တော် (ဂေါ်ရာကန်)၌ အောက်တိုဘာ ၂၉ ရက်မှစတင်၍ ဗန်းမော်မြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများက ပြိုင်ပွဲဝင် လှေလှော် ၂၀ တက်တွင် အသင်း ၁၀ သင်းဖြင့် လည်းကောင်း၊ လှေလှော်ပြိုင်ပွဲ ၁၇ တက်တွင် ၁၇ သင်းဖြင့် လည်းကောင်း၊ လှေလှော်ပြိုင်ပွဲ ၉ တက်တွင် ၁၄ သင်းဖြင့် လည်းကောင်း စတင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းမှစတင်၍ အသီးသီး ယှဉ်ပြိုင်ခဲ့ကြပြီး မွန်းလွဲ ၃ နာရီက ဆုရရှိသော အသင်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ဗန်းမော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သျှမ်းကလေး(ဗန်းမော်)**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အိုလံပစ်ခြေစစ်ပွဲ နိုဝင်ဘာ ၈ ရက် စတင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံး ပထမအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (ဂ) ၌ ပါဝင်နေပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ အသင်းတို့နှင့် ကျရောက်နေပြီး ယင်းပွဲများကို နိုဝင်ဘာ ၈၊ ၁၁၊ ၁၃ ရက်တို့တွင် တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီတွင် အိန္ဒိယနှင့် နီပေါ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်၊ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် နီပေါ၊ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် နီပေါနှင့် ဘင်္ဂလားဒေ့ရှ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အာရှဇုန်ခြေစစ်ပွဲကို အဆင့်လေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် အကောင်းဆုံးအုပ်စု တတိယနေရာရ ထိပ်ဆုံးနှစ်သင်း၊ စုစုပေါင်း ၁၀ သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် ဗီယက်နမ်နှင့် ဥဇဘက်ကစ္စတန်အသင်းက တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားပြီး ပထမအဆင့်မှ တက်ရောက်လာသည့် အသင်း ၁၀ သင်းအပါအဝင် စုစုပေါင်း ၁၂ သင်းဖြင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် ဩဂုတ် ၂၈ ရက်မှစ၍ စခန်းဝင် လေ့ကျင့်ခဲ့ပြီး နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားထားပြီး ကိုးပွဲကစားထားရာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**-ဦးတင်မြင့်အောင်၊ **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**-ဦးမြတ်ကိုမင်း၊ **ဂိုး**-ဇာဇာမြင့် (အား/ကာဦးစီးဌာန)၊ မေဇင်နွယ် (မြဝတီ)၊ **နောက်တန်း**-အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင်(အား/ကာဦးစီးဌာန)၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခိုင်သဇင် (မြဝတီ)၊ ငယ်ငယ်ထွေး၊ ယွန်းမီမီလွင်(သစ္စာအားမာန်)၊ **အလယ်တန်း**-ခင်မာလာထွန်း၊ နုနု (အား/ကာဦးစီးဌာန)၊ ခင်မိုမိုထွန်း၊ ခင်မိုးဝေ (သစ္စာအားမာန်)၊ မေစံပယ်ဖူး (မြဝတီ)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ **ရှေ့တန်း**-ရီရီဦး (အား/ကာဦးစီးဌာန)၊ ဝင်းသိင်္ဂီထွန်း (မြဝတီ)၊ ဂျူလိုင်ကျော်(သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲ ကချင်၊ ပဲခူးနှင့် မန္တလေးအသင်းတို့ အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၄

**MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၄ ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်နှင့် ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ကချင်၊ ပဲခူးနှင့် မန္တလေးအသင်းတို့ နိုင်ပွဲများ ရရှိခဲ့သည်။**

အုပ်စုပွဲများကို တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် ကျင်းပလျက်ရှိပြီး နံနက်ပိုင်းတွင် နှစ်ပွဲ၊ ညနေပိုင်းတွင် နှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ နံနက်ပိုင်း ကျင်းပသည့်ပွဲများတွင် ကချင်အသင်းက ချင်းအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ ပဲခူးအသင်းက ရှမ်း(မြောက်)အသင်းကို သုံးဂိုး-ဂိုးမရှိ၊ မန္တလေးအသင်းက တနင်္သာရီအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ကယားနှင့် နေပြည်တော်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ယမန်နေ့က ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရခိုင်အသင်းက ကချင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ရှမ်း (အရှေ့) အသင်းနှင့် စစ်ကိုင်းအသင်းတို့ တစ်ဂိုးစီသရေကျကာ မွန်အသင်းနှင့် ရှမ်း (တောင်) အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ပြိုင်ပွဲတွင် အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု (က) တွင် မကွေး၊ ဧရာဝတီ၊ မွန်၊ ရှမ်း (တောင်)၊ ရန်ကုန်၊ အုပ်စု (ခ) တွင် ရှမ်း (မြောက်)၊ ကရင်၊ ချင်း၊ ပဲခူး၊ အုပ်စု (ဂ) တွင် ရှမ်း (အရှေ့)၊ ကချင်၊ ရခိုင်၊ စစ်ကိုင်း၊ အုပ်စု (ဃ) တွင် ကယား၊ တနင်္သာရီ၊ မန္တလေး၊ နေပြည်တော် အသင်းတို့ ပါဝင်နေသည်။ အုပ်စုတတိယနေ့ကို နိုဝင်ဘာ ၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် ရခိုင်အသင်းနှင့် ရှမ်း (အရှေ့) အသင်း၊ စစ်ကိုင်းအသင်းနှင့် ကချင်အသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ ဧရာဝတီအသင်းနှင့် မွန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# အမရပူရမြို့နယ် စံပြကျေးရွာငါးရွာတွင် တိုင်းရင်းကြက်များကို အိုင်တူးမျက်စဉ်း အခမဲ့ ကွင်းဆင်းခပ်ပေး

**အမရပူရ နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ကျေးလက်နေပြည်သူများ တိုင်းရင်းကြက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းကြက်အသေအပျောက်လျော့နည်းစေရေးကို အလေးထား၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော် ဦးဆောင်သော အဖွဲ့သည် နိုဝင်ဘာ ၁ ရက်က အမရပူရမြို့နယ်အတွင်းရှိ စံပြကျေးရွာငါးရွာအနက် ဝါးရုံပင်ကျေးရွာတွင် တိုင်းရင်းကြက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် တိုင်းရင်းကြက် အသေအပျောက်လျော့နည်းရန် အပူဒဏ်ခံ ကြက်လည်လိမ် အိုင်တူးမျက်စဉ်းများကို အခမဲ့ခပ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ပိုမိုကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များကို တိုင်းရင်းကြက်မွေးမြူသူ ကျေးလက်နေပြည်သူ ၅၈ ဦးကို ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းကြက်မွေးမြူသူ ကျေးလက်နေ ပြည်သူများအနေဖြင့် တိုင်းရင်းကြက်ဥစားအမ ၁၀ ကောင် မွေးမြူထားလျှင် အလေအလွင့်များဖယ်ပြီး တစ်နှစ်လျှင် အသားတင် ငွေကျပ် ၅၂၅၀၀၀ ဝင်ငွေရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ကြေးမုံသတင်းစာ စတင်တည်ထောင်သူ ကြေးမုံ ဦးသော်

## (၁၉၂၂-၂၀၁၈)



ကြေးမုံဦးသော်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မြင်းမြေကျေးရွာ၌အဖ ဦးဖိုးကြွယ်၊ အမိဒေါ်မှင်တို့မှ ၁၉၂၂ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် မွေးဖွားခဲ့ပြီး မွေးချင်းငါးဦးအနက် အငယ်ဆုံးသား ဖြစ်သည်။ ကြေးမုံဦးသော်၏ အဘိုးမှာ မင်းတုန်းမင်းလက်ထက်က အလုံစစ်ကဲတော်မင်းကြီး နေမျိုးသိခ် ရွှေတောင်ဘွဲ့ရ ဦးထွန်းဦးဖြစ်ပြီး ဖခင်မှာ ကိုင်းဆယ်ရွာ သူကြီး ဦးဖိုးကြွယ် ဖြစ်သည်။

ကြေးမုံဦးသော်သည် ငယ်ရွယ်စဉ် ဖခင်ကွယ်လွန်ခဲ့သဖြင့် တံတားဦးရှိ အစ်ကိုဝမ်းကွဲ ကျောင်းအုပ်ဆရာကြီး ဦးဘိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်တို့ထံတွင် ပညာသင်ကြားခဲ့ရသည်။ ကြေးမုံဦးသော်အနေဖြင့် သတင်းစာ အတတ်ပညာများကိုမူ ဘလေးတော်စပ်သူ အိုးဝေဦးညိုမြထံတွင် သင်ယူခဲ့သည်။

### ကြေးမုံသတင်းစာထူထောင်

ကြေးမုံ ဦးသော်သည် ကြေးမုံသတင်းစာကို မထူထောင်မီ ဗမာ့ခေတ်သတင်းစာကိုလည်း ကြေးမုံဦးသောင်းနှင့်အတူ ထူထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ဗမာ့ခေတ်သတင်းစာမှတစ်ဆင့် ကြေးမုံသတင်းစာကိုလည်း ကြေးမုံဦးသောင်းနှင့်အတူ ထူထောင်ခဲ့သည်။

### တာဝန်ထမ်းဆောင်

ထိုခေတ်က ကြေးမုံသတင်းစာသည် အရှေ့တောင်အာရှနိုင်ငံများတွင် အကောင်းဆုံး သတင်းစာတစ်စောင်ဖြစ်ခဲ့သည်။ လူကြိုက်အများဆုံးသတင်းစာလည်း ဖြစ်ခဲ့သည်။ ကြေးမုံသတင်းစာကို ထူထောင်သူ ရှယ်ယာရှင်ရှစ်ဦးအနက် တစ်ဦးဖြစ်ပြီး ကြေးမုံသတင်းစာထူထောင်ချိန်မှ ပြည်သူပိုင်သိမ်းသည်အထိ ကြေးမုံသတင်းစာ တိုက်အုပ်ရာထူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဗိုလ်တထောင်သတင်းစာမှ အထွေထွေအုပ်ချုပ်ရေးမှူးရာထူးဖြင့် ဆေးပင်စင်ယူခဲ့သည်။

၎င်းသည် ဇနီး ဒေါ်ကြင်ကြင် (ကွယ်လွန်)နှင့် သားသမီး ကိုးဦးထွန်းကားခဲ့သည်။ ကြေးမုံဦးသော်သည် (၃-၁၁-၂၀၁၈) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ် ၆ ရပ်ကွက် မြင်တော်သာလမ်း အမှတ် ၁၀၇ နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**မြင့်မောင်စိုး**

# ဖားကန့်၊ လှိုင်းဘွဲ၊ ကျိုင်းတုံနှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

မူးယစ်တပ်ဖွဲ့စု (၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လုံးခင်း-ဖားကန့် လမ်းပေါ်ရှိ စားသောက်ဆိုင်အနီးတွင် ဆိုင်ကယ်မောင်းနှင်လာသူ လွန်းအောင် အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖားကန့်မြို့နယ် နမ့်မွဖြစ်ကျေးရွာအုပ်စု မလန်းကျေးရွာ စိမ်းလန်းသာယာရပ်ကွက် အမှတ်(စလ/၂၆၁) နေ ဂမ်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု (၃၁) ဘားအံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်းဘွဲမြို့နယ် ကမော့ကချူးကျေးရွာအုပ်စု မဲလောင်းလေးကျေးရွာအနီး လှိုင်းဘွဲ-ပိုင်ကျုံသွား ကားလမ်းတွင် အောင်မြင့် (ခ) စောဖားဒေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် မြို့သစ် (၁) ရပ်ကွက်နေ စိုင်းဝင်းထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မနန်းဟွမ်၊ စိုင်းယီ၊ စိုင်းတော့၊ စိုင်းရီတို့အား တွေ့ရှိရပြီး စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂၀၊ မြန်မာငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ကားလမ်း မိုင်တိုင်အမှတ် (၈၀/၄) အနီးတွင် သိန်းသန်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၂၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လွန်းအောင်နှင့် ဂမ်အောင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဆိုင်ကယ်ကယ်ရီသမားကို ဓားဖြင့်ထိုးကာ ဆိုင်ကယ်လုယက်သူအား ဖမ်းဆီးရမိ

**မြဝတီ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် မြဝတီမြို့တွင် ဆိုင်ကယ်ကယ်ရီသမားကို ဓားဖြင့် ထိုးကာ ဆိုင်ကယ် လုယက်ယူဆောင်သွားသူကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် ည ၇ နာရီခွဲခန့်က မြဝတီမြို့ အမှတ်(၃) ရပ်ကွက် သုညဂိတ်ရှိ ဆိုင်ကယ် ကယ်ရီဂိတ်သို့ လူငယ်နှစ်ဦး ရောက်ရှိလာပြီး ဦးကြည်ခိုင်နှင့် အောင်သက်ပိုင်တို့ နှစ်ဦးကို ဆိုင်ကယ်ငှားသဖြင့် လိုက်ပါပို့ဆောင်ပေးစဉ် ဆိုင်ကယ်ငှားစီးနင်းသူ ရဲဇော် (၁၉ နှစ်) သစ္စာမဂ္ဂင်လမ်း ငှက်ပျောတောရပ်ကွက် အမှတ် ၃ ရပ်ကွက် မြဝတီမြို့နေသူက ဦးကြည်ခိုင်ကို ဓားဖြင့် သုံးချက်ထိုးပြီး ဆိုင်ကယ် လုယက်ယူဆောင်သွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဦးကြည်ခိုင်တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် မြဝတီဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်နိုင်ထွန်း ဦးစီးအဖွဲ့ဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြန်မာ-ထိုင်း နယ်စပ် မြဝတီမြို့ ရေလယ်ကျွန်းမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## မုဒုံမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ ၂၃ ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၄**

မုဒုံမြို့နယ် တံခွန်တိုင်ကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ် ကားလမ်း၌ နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီ မိနစ်၂၀ က ယာဉ်တိမ်းမှောက်မှုကြောင့် ၂၃ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်ရာသို့ မုဒုံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်မှ သံဖြူဇရပ်သို့ သံဖြူဇရပ်မြို့နယ် ထင်းရှူးကျေးရွာနေ ဦးတင်အေး (၅၄ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေသူများဖြစ်ကြသည့် ဒေါ်သန်းခင် (၆၈ နှစ်)ပါ ၂၂ ဦးလိုက်ပါလာသော 7P/-----Vanette ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်ခဲ့ပြီး ဦးတင်အေးပါ ၂၃ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဦးတင်အေးအား မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေနီမြို့၌ အမျိုးသမီးတစ်ဦးအား ဓားဖြင့်ထိုးသတ်ခဲ့သူကို ဖမ်းဆီးရမိ

**ရေတာရှည် နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ သရက်ကုန်းကျေးရွာနှင့် ဆပ်သေ(မြောက်)ရွာအကြား စက္ကူစက်ရုံသို့ ဝင်ရောက်သည့်လမ်းဘေးတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီခန့်က အမျိုးသမီးတစ်ဦး ဓားဖြင့်အထိုးခံရပြီး မြို့လုံးတိုက်နယ်ဆေးရုံအရောက် သေဆုံးသွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား မသင်္ကာသဖြင့် ရေနီနယ်မြေရဲစခန်း၌ ဖမ်းဆီးစစ်ဆေးခဲ့ရာ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီက ပြစ်မှုကျူးလွန်ကြောင်း ထွက်ဆိုဝန်ခံခဲ့ကြောင်းသိရသည်။

အမှုမှာ အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီခွဲခန့်က မြို့လုံးတိုက်နယ်ဆေးရုံတွင် ဓားဒဏ်ရာများ ရရှိထားသော အမျိုးသမီးတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ရေနီနယ်မြေရဲစခန်း စခန်းမှူး ကျော်ဇေယျာမင်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဓားဒဏ်ရာများဖြင့် ရောက်ရှိနေသူမှာ သာဂရမြို့ အင်ဒိုင်ကျေးရွာနေ မပိုးပိုး(ခ)မစောသန္တာလွင် (၃၆ နှစ်) ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ရဲတပ်ဖွဲ့မှ လူသတ်မှုအားဆက်လက်စုံစမ်းခဲ့ရာ ဓားဒဏ်ရာရရှိသူ မပိုးပိုး(ခ) မစောသန္တာလွင်အား ဆေးရုံသို့ ဆိုင်ကယ်ဖြင့် လိုက်ပို့ခဲ့သူ ကိုမျိုး(ခ)အုန်းသီး အမှတ် (၁)ရပ်ကွက် ရေနီမြို့နေသူနှင့် ဇနီးဖြစ်သူ မစိုးစိုးတို့အား မသင်္ကာသဖြင့် ရဲစခန်း၌ ခေါ်ယူစစ်ဆေးခဲ့ရာ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ခြင်းဖြစ်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ ကိုမျိုး(ခ)အုန်းသီးအား ရေနီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းလွင်**

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၂ စီး၊ သွင်းကုန် ၄၀၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၅၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက် ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၄၇ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၉၆ သန်း စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၂၄၃ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ၁၂ ဘီးယာဉ် သုံးစီး၊ Toyota Crown ယာဉ် တစ်စီးနှင့် Toyota Mark II ယာဉ် တစ်စီးတို့ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဆိုင်ကယ်အသစ် ၂၈ စီး၊ အဟောင်းအစီး ၂၀၊ အဝတ်အထည်မျိုးစုံ အထည် ၄၅၀၊ စိုက်ပျိုးရေးသုံးပိုးသတ်ဆေး ငါးဖာနှင့် လျှပ်စစ်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၉၄၇ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## YBS ယာဉ်ပေါ်တွင် ခါးပိုက်နှိုက်များအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က YBS ယာဉ်ပေါ်တွင် ခါးပိုက်နှိုက်မှု ကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ခါးပိုက်နှိုက်မှုများ ဖြစ်ပွားလေ့ရှိသော YBS ယာဉ်လိုင်းအမှတ် (၇၆) ပေါ် စီးနင်းလိုက်ပါ စောင့်ကြည့်စဉ် YBS ယာဉ်လိုင်း အမှတ် (၇၆) ယာဉ်ပေါ်မှ ဆင်းလာသည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၄) ရပ်ကွက်နေသူများ ဖြစ်သည့် ရာကျော်လမ်းနေ မျိုးအောင် (ခ) တရုတ်လေး (၄၀ နှစ်)၊ ရွှေလင်းယုန်လမ်းနေ အောင်အောင် (၂၇ နှစ်)နှင့် (၁၀၅) ရပ်ကွက် ရိုးမရိပ်သာ လမ်းနေ ဝင်းနိုင်ထွန်း (၃၁ နှစ်)တို့အား ရှာဖွေစစ်ဆေးရာ Kenbo လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေစက္ကူရောရာ ငွေကျပ် ၂၁၂၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိ၍ စစ်မေးရာ YBS ယာဉ်လိုင်း အမှတ် (၇၆) ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းနှင့် ငွေများကို နှိုက်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သောကြောင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၈၆ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**မိုးညှင်း နိုဝင်ဘာ ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ပင်ကျေးရွာ၌ နိုဝင်ဘာ ၃ ရက်က ဘိန်းဖြူအမှုန့် ၂၃၃ ဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မူးယစ်ဆေးဝါးဖမ်းဆီးရေး အထူးအဖွဲ့မှ ရဲအုပ်ဝင်းကိုကိုဦး ဦးစီးတပ်ဖွဲ့ဝင်များ၊ လုံးတုံနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးညှင်းမြို့နယ် ညောင်ပင်ကျေးရွာအုပ်စု အမှတ်(၅)ရပ်ကွက်နေ ဒေါ်စင်းမေ (၄၀ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်စင်းမေမှာ နေအိမ်တွင်မရှိဘဲ သမီးဖြစ်သူ မပန်းပန်းဆွေ (၁၈ နှစ်)နှင့် တူတော်စပ်သူ ဆန်းပို(၂၀ နှစ်)တို့ နှစ်ဦးအား တွေ့ရှိရသည်။ နေအိမ်အတွင်း ရှာဖွေစစ်ဆေးရာ ငွေကျပ် ၁၈၆ ဒသမ ၄ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၂၃၃ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများမှာ အိမ်ရှင်ဒေါ်စင်းမေက ဖြန့်ဖြူးရောင်းချရန် ဝယ်ယူထားသည့် ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်မှုအရ မပန်းပန်းဆွေ၊ဆန်းပိုနှင့် ဒေါ်စင်းမေ တို့ကို လုံးတုံနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**




## မြန်မာ့ရုပ်မြင်သံကြား

၅-၁၁-၂၀၁၈(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၉း၁၅ - BBC Click
- ၉း၂၅ - "အိုးပုတ်ပွဲတော်တူညွှဲပျော်"
- ၉း၃၀ - "မြန်မာတို့ရဲ့ဂုဏ်ယူဖွယ်ရာ ပုဂံဒေသက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များ"
- ၁၀း၅၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၈၃)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၃း၄၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း-၂၆)

**ညနေပိုင်း**

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- - စတုတ္ထနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
- ၁၇း၀၅ - "အပ်ဖျားတစ်ထောက်" (အပိုင်း-၈) (ဇာတ်သိမ်း)
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ယိုသူမရှက် မြင်သူရှက်" ဝေဖြိုးဟိန်း၊ ဒိတ်ဒိတ်၊ ဦးစံပေါ်၊ ကိုချစ်ဦး၊ ကိုချမ်း၊ ခင်ဖြူဖြူသန့်၊ အေးချမ်းမြတ်ဖြိုး၊ ဒေါ်မာမာကြည် ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၅၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - စီးပွားရေးစကားဝိုင်း "မြန်မာနိုင်ငံမှာ စီးပွားရေး လုပ်ရတာလွယ်ကူရဲ့လား" (အပိုင်း-၁)
- - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၄)

# ဆီးရီးယား-ဂျော်ဒန်နယ်စပ်ရှိ ဒုက္ခသည်ပေါင်း ၅၀၀၀၀ ခန့်အတွက် အကူအညီများ ရောက်ရှိ

**ဒမတ်စကတ် နိုဝင်ဘာ ၄**

ဆီးရီးယား-ဂျော်ဒန်နယ်စပ်ရှိ ရက်ဘန်ဒုက္ခသည်စခန်းသို့ ပထမဆုံးအကြိမ်အဖြစ် စနေနေ့ကထောက်ပံ့ရေးယာဉ်တန်းရောက်ရှိလာခဲ့သည်ဟု ဆီးရီးယားအာရပ်လခြမ်းနီအဖွဲ့ (SARC)က ပြောသည်။ အဆိုပါထောက်ပံ့ရေးယာဉ်တန်းသည် ဆီးရီးယားအာရပ်လခြမ်းနီအဖွဲ့နှင့် ကုလသမဂ္ဂမှ အကူအညီများဖြစ်ကြောင်း၊ ဒုက္ခသည်စခန်းရှိ ဆီးရီးယားလူပေါင်း ၅၀၀၀၀ ခန့်အတွက် လိုအပ်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများဖြစ်ကြောင်း SARC အဖွဲ့က ပြောသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်သားများသည် ကုန်ပစ္စည်းများပို့ဆောင်ရေးအတွက် တစ်လခန့်အချိန်ယူပြင်ဆင်ခဲ့ပြီး ထောက်ပံ့ပစ္စည်းများတွင် ဂျုံအိတ်၊ ကလေးအဝတ်အထည်၊ အမျိုးသမီးများနှင့် ကလေးများအတွက် ဆေးဝါးများ အစရှိသည့်ပစ္စည်းများ ပါဝင်သည်။

အဆိုပါကူညီထောက်ပံ့မှုများသည် လွန်ခဲ့သောလကတည်းက ရောက်ရှိရမည့်ပစ္စည်းများဖြစ်ပြီး SARC အဖွဲ့မှ အလုပ်သမား ၁၀၇ ဦးပါဝင်သည်။ ထို့ပြင်ကာကွယ်ဆေးထိုးနှံပေးရန် အဖွဲ့တစ်ဖွဲ့လည်းပါဝင်သည်ဟု သိရသည်။

SARC အဖွဲ့မှ အကြီးအကဲဖြစ်သူ ခါလတ်ဟတ်ဘူဘတ်ဒီက အဘက်ဘက်မှ လုံခြုံစိတ်ချရမှုနှင့် အာမခံမှုများပေးထား၍လည်းကောင်း၊ ဆီးရီးယားအစိုးရဘက်ကလည်း အကူအညီများကမ်းလှမ်းလာသည့်အတွက်လည်းကောင်း ယခုကဲ့သို့အကူအညီများပေးအပ်နိုင်ခြင်းဖြစ်ကြောင်း ပြောသည်။

ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသော လူများထံ အစားအစာနှင့် အသုံးအဆောင်များဖြန့်ဝေပေးနိုင်ရေးမှာအရေးပါသည့် ခြေလှမ်းပင်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများလည်း ကလေး ၁၀၀၀၀ ခန့်ကို ထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း၊ ဝက်သက်နှင့်ပိုလီယိုကာကွယ်ဆေးများဖြစ်ပြီး ဒုက္ခသည်စခန်းရှိ ကလေးများအတွက် အမှန်တကယ်လိုအပ်နေသော ကာကွယ်ဆေးများဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူး အလီအယ်ဇာတာရီက ပြောသည်။

ယခုတစ်ကြိမ်အကူအညီများ ပြန်လည်ပေးအပ်နိုင်ခြင်းသည် ၂၀၁၇ ခုနှစ် နောက်ပိုင်းပထမဆုံးအကြိမ်ပင်ဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

**ဆင်ဟွာ**



ဆီးရီးယား-ဂျော်ဒန်နယ်စပ်ရှိ ရက်ဘန်ဒုက္ခသည်စခန်းကို တွေ့ရစဉ်။

# နျူကလီးယားမူဝါဒသို့ ပြန်သွားနိုင်ကြောင်း မြောက်ကိုရီးယားသတိပေး

**ပြုံယမ်း နိုဝင်ဘာ ၄**

စီးပွားရေးပိတ်ဆို့မှုကြောင့် ဆင်းရဲမှုဒဏ်ကိုခံစားနေရသည့် မြောက်ကိုရီးယားကို အမေရိကန်မှ ပိတ်ဆို့ထားမှုများ ဖယ်ရှားမပေးလျှင် မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံအဖြစ် ကြိုးစားမည့်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိသွားလိမ့်မည်ဟု မြောက်ကိုရီးယားဘက်က သတိပေးထားသည်။



မြောက်ကိုရီးယား၏ စစ်အင်အားကိုပြသသည့် စစ်ရေးပြပွဲတစ်ခုကို တွေ့ရစဉ်။

နှစ်ပေါင်းများစွာ ကြာအောင် မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြီလအတွင်းက ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးဖြစ်မြောက်လာမှုကိုရည်ညွှန်း၍ မြောက်ကိုရီးယားသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးကြိုးပမ်းမှုများကို ရပ်တန့်ပြီး ဆိုရှယ်လစ် စီးပွားရေးကိုတည်ထောင်တော့မည်ဟု ကြေညာခဲ့သည်။

အကယ်၍ အမေရိကန်နိုင်ငံဘက်မှ စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့မပေးဘဲ ဆက်လက်တင်းမာနေမည်ဆိုပါက မြောက်ကိုရီးယားသည် ယခင်နျူကလီးယားမူဝါဒအတိုင်းဆက်လုပ်သွားမည်ဟု မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက စင်ကာပူ၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ထရမ့်တို့တွေ့ဆုံကာ သမိုင်းဝင်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ယနေ့အချိန်ထိ တိုးတက်မှုအနည်းငယ်သာဖြစ်ထွန်းခဲ့သေးသည်။ အမေရိကန်ဘက်လည်း မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်ရေး အပြီးသတ်မလုပ်ရသေးသရွေ့ စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဖိအားပေးခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန အမေရိကန်ဆိုင်ရာလေ့လာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးအမည်ပါ သတင်းထုတ်ပြန်ချက်တွင် တိုးတက်လာသော ဆက်ဆံရေးနှင့် စီးပွားရေးပိတ်ဆို့မှုများမှ မည်သို့မျှ သဟဇာတ မဖြစ်ကြောင်း ပါရှိသည်။

ယခု ထုတ်ပြန်ချက်သည် အမေရိကန်အပေါ် မြောက်ကိုရီးယား၏ စိတ်ပျက်လာမှုကို ဖော်ပြနေသော ဖော်ပြချက်တစ်ခုလည်းဖြစ်သည်။ **အေအက်ဖ်ပီ**

# အကြီးဆုံး မူးယစ်မှောင်ခိုမှုဖြင့် မူးယစ်ရာဇာ အယ်ချပ်ပိုကို ရုံးတင်

**နယူးယောက် နိုဝင်ဘာ ၄**

မက္ကဆီကို မူးယစ်ရာဇာ အယ်ချပ်ပို ဂုစ်မန်းကို အမေရိကန်ပြည်ထောင်စုသို့ မူးယစ်မှောင်ခိုလုပ်ကိုင်ခဲ့မှု၊ မူးယစ်တန်ချိန်ပေါင်း ၁၅၅ တန်ကို အမေရိကန်နိုင်ငံတွင်း ခိုးသွင်းခဲ့မှုတို့အတွက် ကမ္ဘာ့အကြီးဆုံးမူးယစ်ရာဇဝတ်မှုအဖြစ်စွပ်စွဲပြီး နယူးယောက်မြို့၌ တနင်္လာနေ့တွင် ရုံးတင်စစ်ဆေးမည်ဖြစ်သည်။

အဆိုပါတရားခွင်မှာ ဒေါ်လာသန်းနှင့်ချီကုန်ကျမည်ဖြစ်ပြီး အချိန်လေးလခန့်ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးရာဇဝတ်မှုကျူးလွန်ထားသူသည် အမေရိကန်တရားစီရင်ရေးစနစ်နှင့်ကြုံတွေ့ရတော့မည်ဖြစ်သည်။ အစိုးရရှေ့နေများသည် မစ္စတာအယ်ချပ်ပိုအား တရားစွဲဆိုနိုင်ရေး သက်သေများကို တစ်စုတစ်စည်းတည်းဖြစ်အောင် အချိန်ကာလကြာမြင့်စွာ စုဆောင်းခဲ့ရသည်။

၎င်းသည် မက္ကဆီကိုအကျဉ်းထောင်မှ နှစ်ကြိမ်တိုင်တိုင် ထွက်ပြေးခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် မက္ကဆီကိုကအမေရိကန်သို့ အကျဉ်းသားလွှဲပြောင်းပေးအပ်ခဲ့သည်။ ကိုလံဘီယာမှ ပက်ဗလိုအက်စ်ကိုဘာကို ကိုကင်းဘုရင်ဟု သတ်မှတ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ရဲများက ၎င်းကိုပစ်သတ်ခြင်းမခံရမီအချိန်ထိ ၎င်းသည်ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသူဖြစ်ခဲ့သည်။ ထိုနောက်ပိုင်းတွင် အယ်ချပ်ပိုသည် ကမ္ဘာ့မူးယစ်ရာဇာတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

၆၁ နှစ်အရွယ် အယ်ချပ်ပို၏ကျန်ရှိသေးသည့် ဘဝသက်တမ်းကို လုံခြုံရေးတင်းကျပ်လှသည့် အမေရိကန်အကျဉ်းထောင်အတွင်း ကုန်ဆုံးစေရန် အစိုးရအရာရှိများသည် ဟာကွက်မရှိအောင် တင်းတင်းကျပ်ကျပ်လုပ်ဆောင်လိမ့်မည်ဟု ကျွမ်းကျင်သူများက ပြောသည်။ ၂၀၁၆ ခုနှစ်မှစ၍ အမေရိကန်တွင် ဆေးလွန်၍သေဆုံးသူ နှစ်စဉ်ပျမ်းမျှအားဖြင့် ၁၇၄ ဦးရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**




မူးယစ်ရာဇာ အယ်ချပ်ပို

# အာဖဂန်နစ္စတန် အရှေ့ပိုင်းတွင် အိုင်အက်စ်စစ်သွေးကြွ ၁၈ ဦးကို သုတ်သင်နိုင်ခဲ့

**ကဘူးလ် နိုဝင်ဘာ ၄**

အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် အိုင်အက်စ်သစ္စာခံ အဖွဲ့ဝင်များ ပုန်းအောင်းရာနေရာ၌ ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်စဉ် စစ်သွေးကြွ ၁၈ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း တနင်္ဂနွေနေ့က သတင်းထုတ်ပြန်ခဲ့သည်။

နက်ဇယန်းခရိုင်တွင် စနေနေ့က စစ်ဆင်ရေးဆင်နွှဲခဲ့ခြင်းဖြစ်ပြီး အာဖဂန်ကာကွယ်ရေးတပ်မှ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် စစ်သွေးကြွ ၁၈ ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်သွေးကြွများမှာ အိုင်အက်စ်အဖွဲ့နှင့်အဆက်အသွယ်ရှိသော လူများဖြစ်သည်ဟု အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါစစ်ဆင်ရေးတွင် အရပ်သားများသေဆုံးခြင်း ရှိ မရှိကိုမူ အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိပေ။ အပျက်အစီး မည်မျှရှိသည်ကို မဖော်ပြသကဲ့သို့ ယင်းဒေသရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားများထံမှလည်း အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်မျှ ပြောဆိုခဲ့ခြင်းမရှိပေ။ ကဘူးလ်မြို့ အရှေ့ဘက် ၁၂၀ ကီလိုမီတာခန့်အကွာရှိ တောင်တန်းထူထပ်ရာဒေသတွင် အိုင်အက်စ်အဖွဲ့ဝင်များနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ မကြာခဏဆိုသလို တိုက်ပွဲများဖြစ်ပွားလေ့ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ၏ တိုက်ပွဲများကြောင့် ရွာသားထောင်ပေါင်းများစွာတို့သည် နေရပ်စွန့်ခွာကာ လုံခြုံရာအရပ်သို့ ထွက်ပြေးကြရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှားတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ နှစ်ဦးသေဆုံး

**ဂျကာတာ နိုဝင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဆူမတြားပြည်နယ် အနောက်ပိုင်းတွင် ရေလွှမ်းမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး အခြား ၃၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း မကြာသေးမီက သဘာဝဘေး အန္တရာယ်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောလိုက်သည်။

ဆူမတြားပြည်နယ်မြို့တော် ပဒေါင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် မြစ်ရေမြင့်တက်မှုများဖြစ်ပွားခဲ့ပြီး ကမ်းပါးများ ရေတိုက်စားခဲ့ကာ နေအိမ် ၆၀၀ခန့် နစ်မြုပ်သွားခဲ့ကြောင်း ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ ပြောခွင့်ရပုဂ္ဂိုလ် အာရီဇာရီကိုက ပြောကြားခဲ့သည်။

မိုးရွာသွန်းပြီး ရေစီးသန်သောကြောင့် ဒေသခံနှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်းမှုများအပြင် မြေပြိုမှုများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ရာ နှစ်ဦးသေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် တယ်လာဟက်စီမြို့တွင် မကြာသေးမီက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ သေနတ်ပစ်ခတ်သူအပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုမှာ တယ်လာဟက်စီမြို့ ဈေးဝယ်စင်တာတစ်ခုအတွင်းရှိ ကိုယ်လက်အားကစားလေ့ကျင့်ခန်းမတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုကြောင့် လူငါးဦး ဒဏ်ရာရရှိခဲ့သည့်အနက် တစ်ဦးမှာ သေဆုံးခဲ့ကြောင်း၊ ကျန်လေးဦးမှာ စိုးရိမ်ရကြောင်း၊ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက်တွင် ပစ်ခတ်သူက မိမိကိုယ်ကိုယ်အဆုံးစီရင်သွားခဲ့ကြောင်း သိရသည်။

လတ်တလောတွင် သေနတ်ပစ်ခတ်သူ၏ သတင်းအချက်အလက်အသေးစိတ် မသိရသေးကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် မိသားစုတွင်းဖြစ်ပွားသော ပြဿနာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တယ်လာဟက်စီမြို့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အနောက်နိုင်ငံတွေစဉ်းစားရကျပ်နေတဲ့ စီးပွားရေး၊ စစ်ရေးဆိုင်ရာ အကျိုးအမြတ်နဲ့ ကျင့်ဝတ်များ

**—— ထွန်းသစ်စ ——**



သတင်းထောက် ဂျမားလ်ခါရှော့ဂီ အသတ်ခံရပြီးနောက် အနောက်ဘက်တစ်ခွင်တစ်ပြင်မှာ အစိုးရတွေဟာ နိုင်ငံရေးဆိုင်ရာ ချိန်ညှိမှုတွေ လုပ်ဆောင်တဲ့နေရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ တစ်ဖက်ကလည်း ဆော်ဒီအာရေဗျကို ဖိအားပေးနေတဲ့အချိန် တခြားတစ်ဖက်ကလည်း သူတို့ရဲ့ စီးပွားရေးနဲ့ စစ်ရေးဆိုင်ရာ အကျိုးအမြတ်အတွက် ချိန်ညှိလုပ်ဆောင်နေရတာတွေ ဖြစ်ပါတယ်။

ဆော်ဒီအာရေဗျနိုင်ငံရဲ့ နှစ်စဉ်လက်နက်ထက်ဝက်နီးပါး တင်သွင်းမှုမှာ အမေရိကန်နိုင်ငံက အဓိကအရေးပါတဲ့ အရင်းအမြစ်ကြီးတစ်ခုဖြစ်ပြီး သတင်းထောက် ခါရှော့ဂီ အသတ်ခံရပြီးနောက်မှာ ဒါဟာ တကယ့်ကို စဉ်းစားရကျပ်တဲ့ အနေအထားကို ရောက်ရှိလာခဲ့ပါတယ်။

**ဆော်ဒီဗီဇာများရုပ်သိမ်း**

ဆော်ဒီ ထီးညွှန့်နန်းမွေအပေါ် ဝေဖန်ရေးစာများ ရေးသားသူ အမေရိကန်အခြေစိုက် သတင်းထောက် ခါရှော့ဂီအစ္စတန်ဘူလ် ကောင်စစ်ဝန်ရုံးမှာ ကြိုတင်ကြံစည် အသတ်ခံရပြီးနောက် အမေရိကန်ဟာ ဆော်ဒီလူမျိုးအတော်များများကို ဗီဇာများပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ဆော်ဒီအာရေဗျကို သမိုင်းမှာ အဆိုးဆုံးဖုံးကွယ်မှုလုပ်ခဲ့တယ်ဆိုပြီး စွပ်စွဲခဲ့ပေမယ့် ကျိန်းသေတာတစ်ခုကတော့ လွန်ခဲ့တဲ့နှစ်က စာချုပ်ချုပ်ဆိုခဲ့ပြီး ကြီးမားတဲ့ လက်နက်ရောင်းဝယ်မှု စာချုပ်နဲ့ ပတ်သက်လို့ ထိခိုက်ခံမှာ မဟုတ်ပါဘူး။

အဲဒီစစ်လက်နက်ဆိုင်ရာ ပစ္စည်းများဝယ်ယူရေးစာချုပ်ဟာ အမေရိကန်ဒေါ်လာ ၁၁၀ ဘီလီယံအထိ တန်ဖိုးရှိတယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့ပါတယ်။

အိန္ဒိယနိုင်ငံပြီးနောက် ဆော်ဒီအာရေဗျဟာ ကမ္ဘာ့ဒုတိယအကြီးဆုံး လက်နက်တင်သွင်းရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်ဆိုပြီး စတော့ဟုမ်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျုက ဆိုထားပါတယ်။

သတင်းထောက် ခါရှော့ဂီ အသတ်ခံရမှုအတွက် အမေရိကန်က ရီယာ့ဒ်ကို လက်နက်ရောင်းချမှုတွေ ရပ်ဆိုင်းလိုက်မယ်ဆိုပါက ရီယာ့ဒ်အနေနဲ့ တခြားနိုင်ငံတွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်လိုမျိုးနိုင်ငံတွေမှာ လက်နက်ဝယ်ယူရေးအတွက် ပိုက်ဆံတွေကို အသုံးချသွားနိုင်တယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောပါတယ်။

တခြားအနောက်တိုင်းခေါင်းဆောင်တွေက တရားဥပဒေစိုးမိုးရေးကိုခုခံကာကွယ်ရန်အတွက်ဟုဆိုကာ အကျိုးအမြတ်များစွာရှိတဲ့ လက်နက်ဝယ်ယူရေးဆိုင်ရာ စာချုပ်တွေ ချုပ်ဆိုနိုင်ရေးအတွက် ပြန်လည်စေ့စပ်ညှိနှိုင်းမှုတွေ လုပ်ဆောင်ဖို့ကြိုးစားနေသလို တစ်ဖက်ကလည်း သတင်းထောက်ခါရှော့ဂီကို ရဲရဲတင်းတင်း သတ်ဖြတ်လိုက်မှုအတွက်တော့ ပြစ်ဒဏ်ကျူးလွန်သူတွေကို အပြစ်ပေးရမယ်ဆိုပြီးတော့လည်း ပြောနေကြပါတယ်။

စပိန်နိုင်ငံဟာ ဆော်ဒီနိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိတဲ့ စစ်သင်္ဘောတည်ဆောက်ဖို့ အမှာစာရရှိခဲ့ပါတယ်။ အဲဒါကို စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်က လက်မခံချင်ခဲ့ပါဘူး။ သို့သော်လည်း စပိန်နိုင်ငံဟာ ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းထဲ ကျရောက်နေတဲ့အတွက်ကြောင့် အဲဒီ အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိတဲ့ အမှာစာကို လက်မခံချင်ဘဲ လက်ခံခဲ့ရပါတယ်။

မိမိအနေနဲ့ အတိအလင်းရှုတ်ချခဲ့တဲ့ အခုလိုမျိုး ရက်စက်တဲ့ ကိစ္စဟာ စစ်သင်္ဘောတည်ဆောက်ရေး စာချုပ်ပါအတိုင်း ဆက်လက်လုပ်ဆောင်သွားဖို့တော့ အတားအဆီးတစ်ခု မဟုတ်ပါဘူးလို့ သူကပြောခဲ့ပါတယ်။

ထို့အတူပဲ ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးကလည်း အမေရိကန်

> ○ လက်နက်ရောင်းဝယ်မှုကို သေသေသပ်သပ်လုပ်ဆောင်တဲ့ ဂျာမနီကတော့ အခုလတ်တလောမှာ ရီယာ့ဒ်ကို လက်နက်ရောင်းချမှုတွေ ရပ်နားထားဦးမှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။
>
> ○ ထို့အတူပဲ တခြားအနောက်နိုင်ငံတွေကိုလည်း ဆော်ဒီကို လက်နက်တွေမရောင်းချဖို့နဲ့ ဒီအရေးမှာ ဂျာမနီနဲ့ ပူးတွဲရပ်တည်ဖို့ တိုက်တွန်းခဲ့

ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံရှိ သံချပ်ကာကားတွေကို ထောက်ပံ့ပေးဖို့ ၂၀၁၄ ခုနှစ်က သဘောတူခဲ့တဲ့ စာချုပ်ကိုလည်း ပျက်ပြယ်စေချင်တဲ့သဘော မတွေ့ရပါဘူး။ ဒီလောက်ပမာဏကို အသုံးပြုပြီး စစ်လက်နက်ဆိုင်ရာပစ္စည်းတွေ ဝယ်ယူတာဟာ ကနေဒါသမိုင်းမှာ အများဆုံးပဲ ဖြစ်ပါတယ်။

ဒီစာချုပ်ကို အရင်အစိုးရလက်ထက်က ချုပ်ဆိုခဲ့တာဖြစ်ပြီး မည်သည့်ဒဏ်ကြေးပေးဆောင်မှုမှမရှိဘဲ စာချုပ်ကို ဖောက်ဖျက်ဖို့ဆိုတာ တကယ့်ကို ခက်ခဲဆုံးအရာပါပဲလို့ သူက ပြောခဲ့ပါတယ်။

ခါရှော့ဂီ သတ်ဖြတ်ခံရမှုမှာ သံသယရှိတဲ့လူတွေကို ဗီဇာပြန်လည်ရုပ်သိမ်းသွားမှာ ဖြစ်တယ်လို့ လန်ဒန်ကတော့ မကြာသေးမီက ပြောခဲ့ပါတယ်။ ပြင်သစ်နိုင်ငံကလည်း ဆော်ဒီအစိုးရအပေါ် ဒဏ်ခတ်အရေးယူမှုတွေ လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။

လက်နက်ရောင်းဝယ်မှုကို သေသေသပ်သပ်လုပ်ဆောင်တဲ့ ဂျာမနီကတော့ အခုလတ်တလောမှာ ရီယာ့ဒ်ကို လက်နက်ရောင်းချမှုတွေ ရပ်နားထားဦးမှာဖြစ်ကြောင်း ပြောခဲ့ပါတယ်။

ထို့အတူပဲ တခြားအနောက်နိုင်ငံတွေကိုလည်း ဆော်ဒီကို လက်နက်တွေ မရောင်းချဖို့နဲ့ ဒီအရေးမှာ ဂျာမနီနဲ့ ပူးတွဲရပ်တည်ဖို့ တိုက်တွန်းခဲ့ပါတယ်။

ဂျာမနီနိုင်ငံ တစ်နိုင်ငံတည်းက လက်နက်မရောင်းသော်လည်း တခြားအနောက်နိုင်ငံတွေက လက်နက်ရောင်းချမှုတွေ ဆက်လက်လုပ်ဆောင်နေမယ်ဆိုပါက ဂျာမနီနိုင်ငံရဲ့လက်နက်မရောင်းချဘူးဆိုတဲ့ ရည်ရွယ်ချက်ဟာလည်း အောင်မြင်မှာမဟုတ်ဘဲ ခဲလေသမျှ သဲရေကျအဖြစ်နဲ့ ရင်ဆိုင်ရနိုင်တယ်လို့ ဂျာမနီ စီးပွားရေးဝန်ကြီး ပီတာအယ်လ်မိုင်ယာကဆိုပါတယ်။

**လက်နက်ဝယ်ယူမှုရပ်တန့်မသွား**

ခါရှော့ဂီအရေးဦးစားပေးနေချိန်မှာ ယီမင်စစ်ပွဲမှာပါဝင်နေတဲ့ဆော်ဒီရဲ့အခန်းကဏ္ဍဟာ အနည်းငယ်မှေးမှိန်သယောင် ဖြစ်ခဲ့ပေမယ့်လည်း လက်နက်ဝယ်ယူရောင်းချမှုကတော့ ရပ်တန့်မသွားခဲ့ဘူးလို့ပဲ ဆိုပါရစေ။

၂၀၁၅ ခုနှစ်ကတည်းကစခဲ့တဲ့ ယီမင်စစ်ပွဲမှာ ဆော်ဒီလေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သား ၁၀၀၀၀ ကျော် သေဆုံးခဲ့တဲ့အတွက် ဆော်ဒီအပေါ် လက်နက်ရောင်းချမှုတွေမလုပ်ဖို့ အစိုးရမဟုတ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေက လပေါင်းအတော်ကြာ တိုက်တွန်းပြောကြားခဲ့ပါတယ်။

အနောက်အုပ်စုတွေဟာ ဒီအရေးကို အသေအချာအဖြေရှာရမှာပဲ ဖြစ်သလို တစ်ဖက်ကလည်း သူတို့ရဲ့ စီးပွားရေးနဲ့ နည်းပညာဆိုင်ရာ အကျိုးရလဒ်အခြား တစ်ဖက်ကလည်း ကျင့်ဝတ်နဲ့ နီတိတွေ ဖြစ်ပါတယ်။

ဒီစစ်လက်နက် ပစ္စည်းတွေကို ဘယ်နေရာမှာ အသုံးချသွားမလဲဆိုတာ တိကျရှင်းလင်းတဲ့ သေချာမှုမရှိဘူးလို့ နည်းပညာဆိုင်ရာ သုတေသနဖောင်ဒေးရှင်းမှ ဒုတိယခေါင်းဆောင် ဘရူနိုတာထရစ်က ပြောပါတယ်။

ခါရှော့ဂီ အသတ်ခံရပြီးနောက်မှာ ဆော်ဒီအာရေဗျကို လက်နက်ရောင်းချမှုတွေနဲ့ပတ်သက်လို့ အသံပိုပြီးကျယ်ကျယ်လောင်လောင် ကြားခဲ့ရပါတယ်။ အခုလိုမျိုးကြားရတဲ့ ကိစ္စတွေဟာ ဂျာမနီ၊ ဆွီဒင်၊ နော်ဝေနဲ့ ဖင်လန်နိုင်ငံတို့မှာပါ လူသိရှင်ကြားဖြစ်ပွားခဲ့တယ်လို့ပြင်သစ်သုတေသနဌာနမှ တိုနီဖော့တင်က ပြောခဲ့ပါတယ်။

ဆော်ဒီကိုလက်နက်ရောင်းချမှုနဲ့ ပတ်သက်ပြီး ဗြိတိန်၊ အီတလီနဲ့ နယ်သာလန်နိုင်ငံတွေကိုလည်း ဥပဒေအရ အရေးယူမှုတွေ လုပ်သင့်တယ်လို့ သူက ပြောပါတယ်။

**စဉ်းစားရမယ့်အချိန်**

သတင်းထောက်ကို အပိုင်းပိုင်း ခုတ်ဖြတ်သတ်ခဲ့ပြီး ယီမင်မှာ အရပ်သားတွေသေဆုံးစေတဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေလုပ်နေတဲ့ ရီယာ့ဒ်နဲ့ မိမိတို့ကိုယ်မိမိတို့ နည်းပညာဆိုင်ရာ ဆက်သွယ်မှုတွေ ဆက်လက်လုပ်ဆောင်မလား၊ မလုပ်ဆောင်ဘူးလား ဆိုတာကတော့ အသေအချာစဉ်းစားရမယ့် အချိန်အခါပါပဲလို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

အခြားနိုင်ငံတွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်တို့ကလည်း တခြားအနောက်နိုင်ငံတွေက လက်နက်တင်ပို့မှုတွေ မလုပ်ဆောင်ဘူးဆိုပါက သူတို့အနေနဲ့ ရီယာ့ဒ်ကိုလက်နက်တင်ပို့မှုတွေလုပ်မလား၊ မလုပ်ဘူးလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဆိုဆို အခုလိုမိမိတို့နိုင်ငံအကျိုးစီးပွားအတွက် လက်နက်ရောင်းချမှု သို့မဟုတ် စစ်သင်္ဘောတည်ဆောက်မှုတွေကို အလေးပေးရမလား၊ ဒါမှမဟုတ် ကျင့်ဝတ်နဲ့ နီတိကိုပဲ လေးစားရမလား ဆိုတာကတော့ အနောက်နိုင်ငံတွေအနေနဲ့ စဉ်းစားရမယ့် အချိန်ကိုရောက်ရှိလာခဲ့ပါပြီ။

**ကိုးကား-အေအက်ဖ်ပီ**

# သာမညတောင် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ရိုးရာရက်ကန်းရက်ပြိုင်ပွဲ ထည့်သွင်းကျင်းပ

ဘားအံ နိုဝင်ဘာ ၄

**ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးဇူးတော်ရှင် သာမညတောင်ဆရာတော်ကြီးအား အမှူးထား၍ အောက်တိုဘာ ၃၁ ရက် ညပိုင်းက သာမညတောင်တွင် ကျင်းပခဲ့သော စုပေါင်း မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ရိုးရာဓလေ့များ ထိန်းသိမ်းသည့်အနေဖြင့် ရိုးရာရက်ကန်းရက်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။**

"ကျွန်တော်တို့ ကျေးဇူးတော်ရှင် သာမညတောင် ဆရာတော်ကြီးကို အမှူးထားပြီးတော့ သာမညတောင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ခေမာစာရ၊ ဘဒ္ဒန္တခေမိကနဲ့ ဆရာတော်ကြီးများ ဦးဆောင်မှုနဲ့ အကြိမ် (၃၀)မြောက် စုပေါင်း မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲမှာ ရိုးရာယဉ်ကျေးမှုဓလေ့တွေ မပျောက်ပျက်စေဖို့ လက်ဆင့်ကမ်းထိန်းသိမ်းတဲ့ အနေနဲ့ ရိုးရာရက်ကန်းရက်ပြိုင်ပွဲကို ထည့်သွင်းကျင်းပရတာဖြစ်ပါတယ်"ဟု ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့က ပြောသည်။



ရက်ကန်းရက်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းအားလုံးကို နှစ်သိမ့်ဆုအထိ ချီးမြှင့်ပေးခဲ့ရာ ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ၉၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၈၀၀၀၀၊ တတိယဆု ငွေကျပ် ၇၀၀၀၀၊ နှစ်သိမ့်ဆု နှစ်ဆုကို ငွေကျပ် ၅၀၀၀၀ စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"ပြိုင်ပွဲဝင် အသင်းတွေအားလုံး ဆုချီးမြှင့်ပေးတယ်။ ပထမဆုကိုတော့ မောင်သန်းခိုင်ဦးစီးတဲ့ ရက်ကန်းအဖွဲ့က ရရှိခဲ့ပြီး ဦးသန်းထိုက်ဦး ရက်ကန်းအဖွဲ့က ဒုတိယဆု၊ ဒေါ်ငြိမ်းတင်ရက်ကန်းအဖွဲ့က တတိယဆု၊ ဒေါ်ခင်ဝင်းမော် ရက်ကန်းအဖွဲ့က နှစ်သိမ့်ဆု၊ ဒေါ်ဝင်းမာ ရက်ကန်းအဖွဲ့က နှစ်သိမ့်ဆုတို့ကို ရရှိသွားကြပါတယ်"ဟု မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ ဦးမြင့်ဆွေက ပြောသည်။

အဆိုပါ စုပေါင်းမသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရိုးရာရက်ကန်းရက်ပြိုင်ပွဲသို့ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ရက်ကန်းရက်ပြိုင်ပွဲဝင်များဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မသန်စွမ်းကလေးများ၏ ပညာရေးအသိပညာပေးဆွေးနွေးပွဲ တီးတိန်မြို့၌ ကျင်းပ

**တီးတိန် နိုဝင်ဘာ ၄**

ချင်းပြည်နယ် တီးတိန်မြို့တွင် အခြေခံပညာဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် အထူးလိုအပ်ချက်ရှိသော ကလေးများ (မသန်စွမ်းကလေးများ)၏ ပညာရေးအသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်က ကမ်းဟောက်ခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ပြည်နယ် UNICEF တာဝန်ခံ ဦးကပ်ဇလျန်းက အမှာစကားပြောကြားသည်။ ထို့နောက် ရပ်ကွက်/ ကျေးရွာများမှ တက်ရောက်လာကြသော ဆရာ ဆရာမများက အစုလိုက်ဝိုင်းဖွဲ့ ဆွေးနွေးကြသည်။လူတိုင်းအကျုံးဝင် ပညာရေးအမြင်၊ မသန်စွမ်းမှုနှင့် ပညာရေး၊ မြန်မာနိုင်ငံရှိ မသန်စွမ်းကလေးငယ်များ၏ အခြေအနေ၊ မသန်စွမ်းမှုအမျိုးမျိုးနှင့် သင်ကြားသင်ယူမှုနည်းလမ်းများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ ကျောင်း ၁၅၁ ကျောင်းမှ ဆရာ ဆရာမများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောက်ချင်းငှက်မျိုးစိတ် ၁၀ ကောင် မူရင်းကျက်စားရာပတ်ဝန်းကျင်သို့ ဘေးမဲ့လွှတ်

**ငဖဲ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာ အနောက်ဘက် မင်းဘူး-အမ်းလမ်း မိုင်တိုင်အမှတ် (၅၃)အနီး နတ်ရေကန်တောင် ဒေသရေထိန်းတောင်တွင် မကွေးမြို့နယ်မှ ဖမ်းဆီးရမိခဲ့ပြီး သစ်တောဦးစီးဌာနက ထိန်းသိမ်းထားရှိသည့် အောက်ချင်းငှက်မျိုးစိတ် ၁၀ ကောင်ကို ၎င်းတို့ မူရင်းကျက်စားရာ ပတ်ဝန်းကျင်နေရာဖြစ်သည့်နေရာတွင် အောက်တိုဘာလ နောက်ဆုံးပတ်က ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

"နတ်ရေကန်တောင်ဒေသမှာ ဘေးမဲ့ပေးထားတဲ့ အောက်ချင်း၊ အောင်လောင်ငှက်တွေ အများကြီးရှိပါတယ်။ အခုလွှတ်တာက မကွေးမြို့ပေါ်က ကုန်သည်ဆီက ဖမ်းမိတဲ့ အကောင်တွေပါ။ တောင်ပေါ်ဒေသခံတွေနဲ့ အများပြည်သူတွေ မိမိဒေသပတ်ဝန်းကျင်က အောက်ချင်းငှက်မျိုးစိတ်တွေ ထိန်းသိမ်းကြစေဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီးသစ်တောဦးစီးဌာနနဲ့ တောင်ပေါ်ဒေသ ရိုးမလူငယ်အလင်းတန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု တောင်ပေါ် အရှိုချင်းတိုင်းရင်းသားဒေသခံ ကိုရန်နောင်ထွန်းက ပြောသည်။



ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းနိုင်ကျော်၊ ခရိုင်သစ်တောမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်ကိုနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမိုးအာကာကျော်နှင့် တောင်ပေါ်ဒေသမှ ဒေသခံပြည်သူ ၇၅ ဦး တက်ရောက်ခဲ့ပြီး တာဝန်ရှိသူများက သစ်တောထိန်းသိမ်းရေး အကြောင်းအရာများနှင့် ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပြင်ဦးလွင်မြို့နယ် သရက်ကုန်းကျေးရွာ၌ ထရန်စဖော်မာတပ်ဆင်

**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ပြင်ဦးလွင်မြို့နယ် သရက်ကုန်းကျေးရွာတွင် ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးဘတ်ဂျက်ငွေဖြင့် ၁၁/၀ ဒသမ ၄ ကေဗွီ(၁၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၁ ဒသမ ၀၆ မိုင် တည်ဆောက်ပြီးစီးခဲ့ပြီး အောက်တိုဘာ ၁၈ ရက်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မိုးဝေထံမှ ဓာတ်အားပို့လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အခွန်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၈-၂၀၁၉ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာရှင်းလင်းပွဲကို အောက်တိုဘာလနောက်ဆုံးပတ်က နယူးလိုက်တာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်က အမှာစကားပြောကြားပြီး သာကေတမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသက်ဝေက အခွန်ဆိုင်ရာနှင့် ပတ်သက်၍ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ခံကောက်ခံသော အခွန်ငါးမျိုးကို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်နှုန်းထားအတိုင်း ကောက်ခံခဲ့ကြောင်း ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနကျွမ်းကျင်သူ ဦးထင်လင်းကျော်က ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက အခွန်ဆိုင်ရာနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# တာချီလိတ်၌ သုသာန်သစ်နှင့် မီးသင်္ဂြိုဟ်စက် တည်ဆောက်ရန် အလှူငွေပေးအပ်

**တာချီလိတ် နိုဝင်ဘာ ၄**

တာချီလိတ်မြို့ မြို့မသုသာန်သစ်နှင့် ခေတ်မီ မီးသင်္ဂြိုဟ်စက် တည်ဆောက်ခြင်းအတွက် မြေ ၁၆ ဧကနှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က တာချီလိတ်မြို့လွယ်စတုံကျေးရွာအနီးရှိ ထပ်ပုံလို့ဝ်တောရကျောင်းတိုက်ဝင်းအတွင်းရှိ အဆိုပါသတ်မှတ်နေရာ၌ ကျင်းပရာ ထပ်ပုံလို့ဝ်ဆရာတော် အဘိဝိသေသ လဇ္ဇီပေသလ သာသနာလင်္ကာရ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပညာစာရ အဂ္ဂမဟ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကာ ထပ်ပုံလို့ဝ်ဆရာတော်က သုသာန်အဖြစ်အသုံးပြုရန် သာသနာ့မြေ ၁၆ ဧကကို ရေစက်သွန်းချ လှူဒါန်းသည်။

ထို့နောက် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ အဆိုပါသုသာန်သစ်ကို ထပ်ပုံလို့ဝ်ဆရာတော်ကြီးမှ လှူဒါန်းသည့်မြေ ၁၆ ဧကပေါ်တွင် ဦးအားဖာ (တပင်ရွှေထီးဆီပန့်)က လှူဒါန်းသည့် ထိုင်းဘတ်ငွေနှစ်သန်းကို မတည်အခြေပြုကာ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ လှူဒါန်းငွေများဖြင့် ခေတ်မီပြီးနည်းစနစ်ကျသည့် သုသာန်နှင့် မီးသင်္ဂြိုဟ်စက်၊ အရိုးပြာထိန်းသိမ်းရေးအဆောက်အအုံများဖြင့် တည်ဆောက်သွားမည်ဖြစ်ရာ စေတနာရှင်များ စုပေါင်းထည့်ဝင်လှူဒါန်းငွေမှာ မြန်မာကျပ်ငွေ ၇၁ သိန်း ငါးသောင်း၊ ထိုင်းဘတ် ငွေ ၄၆၆၆၀၀ ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ဝါးခယ်မမြို့ ပြည်သူ့ဆေးရုံကြီး၌ ပိုလန်မှ အထူးကုဆရာဝန်ကြီးများ အခမဲ့ ဆေးကုသပေး

**ဝါးခယ်မ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ပိုလန်နိုင်ငံ (Polish medical mission) အဖွဲ့နှင့် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) တို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် မြို့နယ်ဆရာဝန်ကြီး ဦးဆောင်ကာ ပိုလန်နိုင်ငံ ကလေးအထူးကုပါရဂူတစ်ဦးနှင့် ကူးစက်နှင့် အထွေထွေရောဂါကု ပါရဂူတစ်ဦးတို့က အခမဲ့ကုသပေးခြင်းကို အောက်တိုဘာလဆန်းမှ စတင်ကာ အောက်တိုဘာ ၃၁ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကုသပေးခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလထဲတွင် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)နှင့် ပူးပေါင်းစီစဉ်မှုဖြင့် ခွဲစိတ်ဝေဒနာရှင်များကို အခမဲ့ကုသပေးသွားမည်ဟု သိရသည်။

အဆိုပါ ပိုလန်နိုင်ငံအဖွဲ့နှင့် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဝါးခယ်မမြို့နယ် ငှက်ပျောစု ကျေးရွာတွင် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ သွပ်မိုးပျဉ်ကာအုတ်ညှပ် မူလတန်းစာသင်ဆောင်တစ်ဆောင်နှင့် ကြာဖြူကျေးရွာ အလယ်တန်းကျောင်းတွင် အလျား ၃၅ ပေ၊ အနံ ၂၅ ပေရှိ စာကြည့်တိုက်တို့ကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာမှ ဒေသခံများ သန့်ရှင်းသော သောက်သုံးရေများရရှိ

**သီပေါ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုန်းမုံကျေးရွာ ဒေသခံပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေများရရှိရေးအတွက် ပေ ၄၀၀ တွင်းနက်တူးဖော်ရေးလုပ်ငန်းကို မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ရှိသူများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျေးလက်ဦးစီးဌာန ပြည်နယ်ရုံးခွဲမှူး(လားရှိုး)ဦးဇော်ဝင်းနှင့်အဖွဲ့က နိုဝင်ဘာ ၁ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မိတ္ထီလာ၌ နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲ စည်ကားစွာကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၄**



မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ အကြိမ်(၂၀)မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ဓမ္မဒဿီမြတ်စွာဘုရား ရုပ်ပွားတော်ကို ပင့်ဆောင်ပူဇော်ရမည့် ဈေးအရှေ့ပြင်ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးစိန်ဝမ်းက "ဒီနှစ် မိတ္ထီလာမှာ အကြိမ်(၂၀) မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ပင့်ဆောင် လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့)မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပမှာဖြစ်ပါတယ်။ ဒီနှစ် နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲမှာ ဈေးအရှေ့ပြင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက ဓမ္မဒဿီမြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်ကို ပင့်ဆောင်ပူဇော်ရပါတယ်။ ဒီနေ့ကစပြီး ဆင်းတုတော်တွေ စတင်ပင့်ဆောင်လာတဲ့ ဝမ်းတော်ပြည့်ကျောင်းတိုက်ကို ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ ပြန်လည်ပင့်ဆောင်တဲ့ရက် မနက်ပိုင်းအချိန်အထိ ရပ်ကွက်ရုံးမှာ ဓမ္မဒဿီရုပ်ပွားဆင်းတုတော် ယာယီသီတင်းသုံးမှာဖြစ်ပြီး ရပ်ကွက်သူရပ်ကွက်သားတွေ လာရောက်ဖူးမြော်နိုင်ပါတယ်"ဟု ပြောသည်။

မိတ္ထီလာတွင် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲကို လွန်ခဲ့သည့် ၁၉ နှစ်က စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် နှစ် ၂၀ ပြည့်ခဲ့ပြီဖြစ်သည်။ ပူဇော်ပွဲတွင် ဘုရား ၂၈ ဆူ၏ ရုပ်ပွားတော်များကို ဝမ်းတော်ပြည့်ကျောင်းတိုက်မှ ပင့်ဆောင်ပြီး မြို့ပေါ် ၁၄ ရပ်ကွက်နှင့် ဌာနဆိုင်ရာများ၊ တပ်နယ်များတွင် ထားရှိအပူဇော်ခံပြီးနောက် ဝမ်းတော်ပြည့်ကျောင်းတိုက်သို့ ဘုရားများ ပြန်လည်ပင့်ဆောင်မည့်ရက်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကို သတ်မှတ်လမ်းကြောင်းအတိုင်း မြို့တွင်းသို့ လှည့်လည်ပင့်ဆောင်၍ အပူဇော်ခံလေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တာမွေယာယီဈေးကို ယခုဘဏ္ဍာနှစ်အတွင်း စတင်ဆောက်လုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

တာမွေမြို့နယ်အတွင်းရှိ တာမွေယာယီဈေးကို ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ သိရသည်။

တာမွေယာယီဈေးဆောက်လုပ်ရန်အတွက် ပထမအဆင့်အနေဖြင့် စိတ်ဝင်စားသူများအား စိစစ်တင်ဒါခေါ်ယူခဲ့ရာ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၊ အက်စ်အမ်တီ ဆောက်လုပ်ရေး၊ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် ဝမ်း ဝမ်း ဝမ်းကုမ္ပဏီလီမိတက်တို့ ပဏာမ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ အဆိုပါ ကုမ္ပဏီလေးခုမှတင်သွင်းသည့် ဈေးဆောက်လုပ်ရန် တင်ဒါအဆိုပြုလွှာများအပေါ် ပြန်လည်စိစစ်၍ ကုမ္ပဏီတစ်ခုကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ် ၃၃ ခု၌ ဈေးပေါင်း ၁၇၉ ဈေးရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဈေးများကို အဆင့်မြှင့်တင်ပြီး ပြန်လည်တည်ဆောက်သွားရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဈေး ၂၁ ဈေးကို လျာထားဆောင်ရွက်နေကြောင်း သိရသည်။

မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်(စံပြ ညဈေး+တောင်ညွန့်ဈေး)၊ ရန်ကင်းမြို့မဈေး၊ သိမ်ကြီးဈေး(စီရုံ+အီးရုံ)၊ ဘိုကလေးဈေး(လဟာပြင်)၊ တာမွေဈေး(ယာယီဈေး)၊ အင်းစိန်မြို့သစ်ဈေး၊ လှိုင်ရတနာဈေး၊ နန္ဒဝန်ဈေး+ ပတ္တမြားဈေး၊ သုဝဏ္ဏဈေး၊ မြရတနာဈေး၊ ပုဇွန်တောင်ဈေး၊ သံလွင်ဈေး၊ ငွေယမုံဈေး၊ လှိုင်ဈေးကြီး၊ ရတနာသီရိဈေး၊ ဘောက်ထော်ဈေး အစရှိသော ဈေးပေါင်း ၂၁ ဈေးကို လျာထားသည့်အနက် ယခုအခါ အဆင့်မြှင့် မင်္ဂလာဈေးကို စတင်ဆောက်လုပ်နေပြီဖြစ်သည်။

ထို့ပြင် ငွေယမုံဈေးကိုလည်း ဈေးအဆင့်မြှင့်တင်တည်ဆောက်မှု စတင်ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်လျက်ရှိပြီး ဈေးသူဈေးသားများနှင့် ညှိနှိုင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းခြင်း၊ မြန်မာနိုင်ငံ ဗိသုကာအဖွဲ့နှင့် ညှိနှိုင်းခြင်းအပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနခွဲတို့နှင့် ညှိနှိုင်းပြီးမှသာ ကော်မတီသို့တင်ပြခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းများကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးသစ်များ ဆောက်လုပ်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှု အဆင့်တိုင်းတွင် အချိန်ယူ၍ ဆောင်ရွက်ရသလို စိစစ်ရွေးချယ်မှုများကိုလည်း ဆောင်ရွက်ရသဖြင့် ဈေးတစ်ဈေးပြီးမှသာ နောက်ထပ်ဆောက်လုပ်မည့် ဈေးတစ်ဈေးကို ရွေးချယ်ဆောင်ရွက်ရကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဆင်ပေါင်ဝဲမြို့မှ အိတ်ချ်အိုင်ဗွီလူနာများအတွက် ပန်းသီကြိုးပရဟိတက ကူညီပေးလျက်ရှိ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် ART ဆေးထုတ်ရန် ဌာနခွဲမရှိသောကြောင့် HIV လူနာများအနေဖြင့် ဆင်ပေါင်ဝဲမြို့မှ ၆၇ မိုင်ခန့် ကွာဝေးသော မကွေးမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ထုတ်ယူနေကြရသဖြင့် အခက်အခဲများ ရှိနေကြောင်းနှင့် ဆင်းရဲနွမ်းပါးသောကြောင့် ဆေးစစ်ရန်နှင့် ART ဆေးထုတ်ရန် အခက်အခဲရှိနေသည့် HIV လူနာများအတွက် ဆင်ပေါင်ဝဲမြို့မှ ပန်းသီကြိုး ပရဟိတက ခရီးစရိတ်နှင့် စားစရိတ်များ ထောက်ပံ့ပေးကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်မှ HIV သံသယရှိ လူနာများအနေဖြင့် ART ဆေးမရသဖြင့် အသက်မဆုံးရှုံးစေရန်အတွက် ပန်းသီကြိုးပရဟိတက လူနာအမည်ကို လုံးဝမဖော်ဘဲ၊ ပတ်ဝန်းကျင်မှ မသိစေရဘဲ အိမ်အရောက် သွေးဖောက်စစ်ဆေးပေးလျက်ရှိသလို မကွေးမြို့ဆေးရုံကြီးသို့ သွားရောက်ကာ ART ဆေးထုတ်ယူရမည့် လူနာများအတွက်လည်း မကွေးသို့ ပတ်ဝန်းကျင်မသိအောင် လျှို့ဝှက်သွားရောက်၍ ဆေးထုတ်နိုင်ရေး စီစဉ်ပေးခြင်း၊ ဆင်းရဲချို့တဲ့သော HIV လူနာများအတွက် ခရီးစရိတ်ထောက်ပံ့ပေးခြင်းနှင့် ART ဆေးရသည်အထိ ကူညီပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆင်ပေါင်ဝဲကနေ မကွေးကို ဆေးစစ်၊ ဆေးထုတ် သွားရတော့ ဆင်းရဲတဲ့သူက စရိတ်မတတ်နိုင်ကြဘူး၊ မတတ်နိုင်တော့ ဆေးထုတ်လက်စလူက ဆက်မသောက်ကြတော့ဘူး၊ ဆေးမစစ်ရသေးတဲ့သူတွေကျတော့လည်း စရိတ်မရှိလို့ ဆေးမစစ်နိုင်ကြဘူး၊ အဲဒါကြောင့် ကျွန်တော်က ဆင်းရဲတဲ့ HIV လူနာတွေကို စားစရိတ်၊ ခရီးစရိတ် ထောက်ပံ့ပေးနေတာပါ"ဟု ပန်းသီကြိုးပရဟိတကို တည်ထောင်သူ ဦးနိုင်လင်းက ပြောသည်။

လက်ရှိအချိန်တွင် ဆင်ပေါင်ဝဲမြို့မှ လူနာများအနေဖြင့် မကွေးမြို့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးထုတ်ယူရန် ဆောင်ရွက်ရာတွင် ဆေးစစ်ရာ၌ပင် ခုနစ်ခေါက်မှ ၁၂ ခေါက်ခန့်အထိ သွားရောက်ရသောကြောင့် များစွာ အခက်အခဲများ ကြုံကြရပြီး ဆေးစစ်ရာတွင်လည်း တစ်ပတ်လျှင် ကြာသပတေးနေ့တစ်ရက်တည်းသာ ဆေးစစ်ခွင့်ရရှိကြောင်း သိရသည်။

ပန်းသီကြိုး ပရဟိတအနေဖြင့် လတ်တလောတွင် ဆင်းရဲချို့တဲ့သည့် HIV လူနာ ၁၅ ဦးခန့်အား ကူညီထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါလူနာများထဲတွင် ရင်ခွင်မဲ့ကလေးငယ်များလည်း ပါဝင်နေသည်ဟု သိရသည်။ ပန်းသီကြိုးပရဟိတ တည်ထောင် သူသည် တစ်ကိုယ်တော်ပရဟိတအနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လူနာများအား ကူညီထောက်ပံ့သည့်စရိတ်များကို ၎င်း၏ ကိုယ်ပိုင်ငွေကြေးဖြင့် ပံ့ပိုးကူညီကာ မည်သူတစ်စုံတစ်ဦးထံကမှ ငွေကြေးလှူဒါန်းငွေ ရယူခြင်းမရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလလောက်က ကမ်းနားမြစ်ဘေးမှာ HIV လူနာတစ်ဦး တဲလေးနဲ့ စွန့်ပစ်ခံထားရတယ်၊ အဲဒီလူနာကို ART ဆေးရအောင် မကွေးဆေးရုံပို့ ကူညီရင်းနဲ့ အခုလို HIV လူနာတွေကို ကူညီဖြစ်သွားတာပါ၊ ကျွန်တော် ဆင်းရဲတဲ့လူနာတွေကိုပဲ ကူညီတယ်၊ လောလောဆယ်ကတော့ တစ်ကိုယ်တော်ပရဟိတပါ၊ ဒီလူနာ အတိုင်းအတာအနေနဲ့ကတော့ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး၊ လူနာဦးရေ ဒီထက်များလာရင်တော့ နည်းနည်းစဉ်းစားရမှာပေါ့လေ"ဟု ဦးနိုင်လင်းက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း၌ ART ဆေးထုတ်ပေးသည့် ဌာနခွဲပေါင်း ၁၇ ခုရှိသည်ဟု သိရပြီး ဆေးထုတ်ယူနေသူဦးရေ နှစ်ထောင်ကျော်ခန့်ရှိကြောင်း မကွေးဆေးရုံကြီးမှ သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် ခန့်မှန်းတွက်ချက်မှုများအရ HIV ပိုးတွေ့ရှိပြီး ရှင်သန်နေထိုင်သူ ၂၂၀၀၀၀ ကျော်သည်ဟု ခန့်မှန်းတွက်ချက်ရကြောင်း ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်(နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကေခိုင်ကောင်းညွန့်ထံမှ သိရသည်။

HIV ရောဂါ ရှိသူများတွင် ငွေကြေးတတ်နိုင်သူများသည် ၎င်းတို့နေထိုင်ရာမဟုတ်သည့် အခြားတိုင်းဒေသကြီးများသို့ သွားရောက်ကာ ဆေးထုတ်ယူလျက်ရှိကြပြီး ဆင်းရဲနွမ်းပါးသော HIV ရောဂါရှိ လူနာများမှာမူ ဆေးစစ်ဆေးထုတ်ရန် စားစရိတ် ခရီးစရိတ် မတတ်နိုင်ခြင်းနှင့် လူအများသိမည်ကို စိုးရိမ်ကြခြင်းတို့ကြောင့် ဆေးထုတ်ယူခြင်း၊ ဆေးစစ်ခြင်းများကို ပြုလုပ်သူနည်းပါးပြီး အသက်ဆုံးရှုံးရမှုများ ရှိနေသောကြောင့် ပန်းသီကြိုး ပရဟိတက ကူညီပေးနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပန်းသီကြိုးပရဟိတ တည်ထောင်သူ ဦးနိုင်လင်းအနေဖြင့် မည်သည့်ဒေသမှ HIV လူနာများကိုမဆို ဆေးစစ်၊ ဆေးထုတ်ယူနိုင်ရန် ကူညီမှုများကို လူအများမသိစေဘဲ လျှို့ဝှက်ကူညီပေးသွားမည်ဖြစ်၍ အမည်မဖော်လိုသူ HIV လူနာများအနေဖြင့် ဦးနိုင်လင်း - ဖုန်း-၀၉-၄၀၁၅၅၅၅၃၂ ထံသို့ ဆက်သွယ်အကူအညီတောင်းနိုင်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၀/၁၁၀၀ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၅/၁၁၁၀ ကျပ် | ၁၁၃၅/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀/၁၁၁၅ ကျပ် | ၁၁၇၀/၁၁၇၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၃ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၈ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၃ · ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၀ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၀၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၅ · ၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ · ၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၈၄၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

(၁) ဤပုဒ်မအရ ဆင့်ဆိုခြင်းခံရသည့်အခါ တစ်စုံတစ်ဦးသည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်လျှင်၊ သို့မဟုတ်

(၂) ဤပုဒ်မအရ ဆင့်ဆိုခြင်းခံရသည့်အခါ တစ်စုံတစ်ဦးသည် တရားရုံးရှေ့သို့ လာရောက်ခြင်းမှ ရှောင်ရှားရန် အလို့ငှာ ထွက်ပြေးတိမ်းရှောင်ကြောင်း သို့မဟုတ် ထွက်ပြေးတိမ်း ရှောင်တော့မည်ဖြစ်ကြောင်း ယုံကြည်ရန်ခိုင်လုံသော အကြောင်းများရှိလျှင်။

(ဃ) ထိုသူကို တရားရုံးရှေ့သို့ ခေါ်ဆောင်လာရန်နှင့် ထိုသူ၏လက်ဝယ်ရှိ ပစ္စည်းတစ်ရပ်ရပ်ကို ရုံးရှေ့သို့ တင်ပြရန်အလို့ငှာ အောက်ပါအရေးယူ ဆောင်ရွက်ချက်များ လုပ်ဆောင်ရန်အတွက် တရားရုံးသည် ဝရမ်း ထုတ်ဆင့်၍ ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား အတည်ပြု ဆောင်ရွက်စေနိုင်သည်။

(၁) ထိုသူအား ဖမ်းဆီးရန်အပြင်၊

(၂) ထိုသူ၏လက်ဝယ်တွင်ရှိသော စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်ပစ္စည်း တစ်ရပ်ရပ်ကို သိမ်းဆည်းစေရန်။

(င) ထိုသို့ထုတ်ဆင့်သော ဝရမ်းအရ ဖမ်းဆီးထားသော တစ်စုံတစ်ဦးအား အချုပ်တွင် ထားရှိစေရန်အပြင် ဝရမ်းအရ သိမ်းဆည်းထားခဲ့သော ပစ္စည်းတစ်ရပ်ရပ်ကို ထိုဝရမ်းအရ တရားရုံးရှေ့သို့ ထိုပုဂ္ဂိုလ်အား ခေါ်ယူတင်ပို့လာချိန်အထိဖြစ်စေ သို့မဟုတ် တရားရုံးက အမိန့်တွင် ဖော်ပြသတ်မှတ်သည့်အချိန်ကာလအထိဖြစ်စေ ထိန်းသိမ်းထားရှိ စေရန် ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား ညွှန်ကြားနိုင် သည်။

**ပုဒ်မ ၃၄၄ အရ တရားရုံးမှ အတည်ပြုဆောင်ရွက်ရန်အာဏာ**

၃၄၅။ (က) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တင်ပြလာသော သက်သေခံချက် တစ်ရပ်ရပ်ကို စဉ်းစားသုံးသပ်ရာ၌ လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်သည် တစ်စုံတစ်ဦး၏ လက်ဝယ်တွင်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ထိုပစ္စည်းအားလုံး ကိုဖြစ်စေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူမှ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ သတ်မှတ်သည့်အချိန်နှင့် နည်းလမ်းအတိုင်း လက်ရောက်ပေးအပ်စေရန် စည်းကမ်းချက်များ သတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တင်ပြလာသော သက်သေခံချက် တစ်ရပ်ရပ်ကို စဉ်းစားသုံးသပ်ရာ၌ တစ်စုံတစ်ဦးက လူမွဲထံသို့ ကြွေးမြီပေးဆပ်ရန်ရှိကြောင်း ပေါ်ပေါက်လျှင် ထိုတရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက် ထားချက်အရ ထိုကြွေးမြီအားလုံးကိုဖြစ်စေ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ထိုသူမှ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရ သူထံသို့ သတ်မှတ်သည့်အချိန်နှင့် နည်းလမ်းများအတိုင်း လက်ရောက်ပေးအပ်စေရန် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချ မှတ်နိုင်သည်။

(ဂ) ဆင့်ဆိုသောတရားရုံး၏ စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း ရှိနေခဲ့လျှင် ပုဒ်မ ၃၄၄ အရ တရားရုံးရှေ့သို့ လာရောက်ရန်ဆင့်ဆိုခြင်းခံရမည် ဖြစ်သော တစ်စုံတစ်ဦးသည် နိုင်ငံတော်အတွင်း၌ဖြစ်စေ နိုင်ငံတော် ပြင်ပ၌ဖြစ်စေ ရှိနေစေကာမူ ၎င်းအား နိုင်ငံတော်အတွင်း တစ်နေရာ ရာ၌ စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တရားရုံးရှေ့သို့ လာရောက်သည့် သို့မဟုတ် တင်ပို့ခြင်းခံရသည့် တစ်စုံတစ်ဦးအား လူမွဲနှင့်စပ်လျဉ်း၍ သို့မဟုတ် ၎င်း၏ ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် လုပ်ငန်း ကိစ္စများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးမြန်းသောမေးခွန်းများကို ကျမ်းသစ္စာပြုစေ၍ စစ်ဆေးနိုင်သည်။

**ယာယီပစ္စည်းထိန်း ခန့်အပ်ခြင်း**

၃၄၆။ လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ အောက်ပါအချက်များ သည် သက်ဆိုင်သကဲ့သို့ ပုဒ်မ ၂၇၂ အရ ယာယီပစ္စည်းထိန်းအား ခန့်အပ်ရာတွင် ပုဒ်မ ၃၄၄ နှင့် ၃၄၅ တို့သည်လည်း သက်ဆိုင်စေရမည် -

(က) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ ဆိုသော စကားရပ်များတွင် ယာယီပစ္စည်းထိန်းဆိုသော စကားရပ်လည်း ပါဝင်သည်ဟု မှတ်ယူရမည့်အပြင်

(ခ) လူမွဲနှင့် လူမွဲပိုင်ပစ္စည်း ဆိုသော စကားရပ်များတွင် မြီစားနှင့် ၎င်းပိုင် ပစ္စည်းများလည်း ပါဝင်သည် မှတ်ယူရမည်။

**အထူးမန်နေဂျာကို ခန့်အပ်ပိုင်ခွင့်**

၃၄၇။ (က) အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် တရားရုံးသည် တစ်ဦးတစ်ယောက် အား အထူးမန်နေဂျာအဖြစ် ခန့်အပ်နိုင်သည်-

(၁) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ သို့မဟုတ်

(၂) လူမွဲဖြစ်မှု ရပ်စဲခြင်းမရှိသေးသောသူ၏ စီးပွားရေးလုပ်ငန်းများ နှင့် စပ်လျဉ်း၍ဖြစ်စေ၊ သို့မဟုတ်

(၃) ပုဒ်မ ၂၇၂ အရ တရားဝင်ပစ္စည်းထိန်းအား ယာယီပစ္စည်းထိန်း အဖြစ် ခန့်အပ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြစ်စေ။

(ခ) လူမွဲပိုင်ပစ္စည်းများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် စီးပွားရေး လုပ်ငန်း၏သဘာဝအရဖြစ်စေ မြီရှင်များ၏ အကျိုးစီးပွားအတွက် ဖြစ်စေ ယင်းတို့ကိုစီမံခန့်ခွဲစေရန်အတွက် အခြားသူတစ်ဦးအား ခန့်အပ် ရန်လိုအပ်နေကြောင်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ် အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ထိုသို့ခန့်ထားပေးရန် ဤပုဒ်မအရ လျှောက်ထားနိုင်သည်။

(ဂ) ဤပုဒ်မအရ ခန့်ထားခြင်းခံရသော အထူးမန်နေဂျာတစ်ဦးက ကျင့်သုံး ဆောင်ရွက်ရန်အတွက် တရားရုံးက လုပ်ပိုင်ခွင့်အာဏာများကို အပ်နှင်းနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ တရားရုံးက အထူးမန်နေဂျာတစ်ဦးအား လုပ်ပိုင် ခွင့်အာဏာများ အပ်နှင်းရာတွင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယာယီပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူတို့ကဲ့သို့ တူညီ သော လုပ်ပိုင်ခွင့်ရှိပြီး ၎င်း၏လုပ်ရပ်များသည်လည်း တူညီသော သက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း ထည့်သွင်းညွှန်ကြားနိုင်သည်။

(င) ဤပုဒ်မအရခန့်အပ်သော အထူးမန်နေဂျာသည် အောက်ပါတာဝန် များကို ဆောင်ရွက်ရမည်-

(၁) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ အာမခံ တင်သွင်းရန်၊

(၂) နည်းဥပဒေများတွင်ပြဋ္ဌာန်းထားသည်နှင့်အညီ ငွေစာရင်းများကို ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း။

**လူမွဲ၏စာပေးစာယူများကို ပြန်လည်ပေးပို့ခြင်း**

၃၄၈။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ရာတွင် လူမွဲမှဖြစ်စေ ၎င်းထံသို့ဖြစ်စေ ပေးပို့သည့် သို့မဟုတ် ရယူသည့် စာပေးစာယူ ဆက်သွယ်မှုများနှင့် စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ထိုတရားဝင် ပစ္စည်းထိန်း သို့မဟုတ် ထိုယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ ထိုအမိန့် အရ အခြားနည်းဖြင့် ညွှန်ကြားသည့်နေရာ သို့မဟုတ် နေရာများသို့ ပေးပို့စေရန် တရားရုံးသည် အမိန့်ချမှတ်နိုင်သည်။

တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏လျှောက်ထားချက် အရ လူမွဲမှဖြစ်စေ ၎င်းထံသို့ဖြစ်စေ ပေးပို့သည့် သို့မဟုတ် ရယူသည့် စာပေး စာယူ ဆက်သွယ်မှုများနှင့် စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ အခြားနည်းဖြင့် ညွှန်ကြားသည့်နေရာ သို့ဖြစ်စေ ပေးပို့စေရန် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်ရာတွင် ထည့်သွင်းချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရချမှတ်သောအမိန့်၏ အကျိုးသက်ရောက်မှုရှိသည့်ကာလကို သတ်မှတ်နိုင်သော်လည်း ယင်းသတ်မှတ်ကာလသည် ထိုအမိန့်ချမှတ် သည့်နေ့မှစ၍ သုံးလထက် ကျော်လွန်ခြင်း မရှိစေရ။

**ကာလစည်းကမ်းသတ်**

၃၄၉။ ဤအပိုင်းအရဖြစ်စေ နည်းဥပဒေများအရဖြစ်စေ အရေးယူဆောင်ရွက်ချက်တစ်စုံ တစ်ရာကိုဆောင်ရွက်ရန် စည်းကမ်းသတ်ကာလ သတ်မှတ်ထားသည့်ကိစ္စတွင် ထိုကာလအတွင်းဖြစ်စေ ကုန်ဆုံးပြီးနောက်မှဖြစ်စေ တရားရုံးသည် သင့်သည် ထင်မြင် သည့်အတိုင်း ယင်းစည်းကမ်းသတ်ကာလကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

**နည်းလမ်းမကျမှုများ**

၃၅၀။ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် အထူးမန်နေဂျာ သို့မဟုတ် မြီရှင်များ ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ရာတွင်လည်းကောင်း၊ ၎င်းတို့၏အရည်အချင်း နှင့်စပ်လျဉ်း၍ လည်းကောင်း နည်းလမ်းမကျမှုများ သို့မဟုတ် ချို့ယွင်းမှုများ ရှိခဲ့စေကာ မူ ၎င်းတို့၏ ပြုလုပ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

**တံဆိပ်ခေါင်းခွန် ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်**

၃၅၁။ လူမွဲကဖြစ်စေ၊ လူမွဲအတွက်ဖြစ်စေ၊ လူမွဲ၏အကျိုးငှာဖြစ်စေ ချုပ်ဆိုသော စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ လူမွဲက တံဆိပ်ခေါင်းခွန်ကျခံရန် တာဝန်ရှိသည့် စာချုပ်စာတမ်း တစ်ရပ်ရပ်အပေါ် တံဆိပ်ခေါင်း ခွန် ထိုက်သင့်ခြင်းမရှိစေရ။

**အပိုင်း (၉)**

**ရာထူးလက်ရှိဖြစ်သူနှင့်ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များ သက်ဆိုင်ခြင်း**

**အခန်း (၁)**

**ပြန်လည်ထူထောင်ရေးမန်နေဂျာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိစသည်တို့မှ စီမံခန့်ခွဲခြင်း**

**နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ခန့်ထားခြင်း**

၃၅၂။ ပုဒ်မ ၇ တွင် ရည်ညွှန်းဖော်ပြထားသည့် ရာထူးတစ်ရပ်ရပ်အတွက် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကို ခန့်ထားခဲ့လျှင် ၎င်းတို့ကိုခန့်အပ်ကြောင်း ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူညီချက် သို့မဟုတ် တရားရုံး၏အမိန့်ဖြင့် အခြားနည်း ညွှန်ကြားထားချက်မှတစ်ပါး ထိုရာထူးတစ်ရပ်ရပ် အတွက် တာဝန်ထမ်းဆောင်သူ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အနက်မှ တစ်ဦးဦးကဖြစ်စေ သို့မဟုတ် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူများက ပူးတွဲ၍ဖြစ်စေ ဆောင်ရွက်နိုင်သည် သို့မဟုတ် ကျင့်သုံးနိုင်သည်။

**ကုမ္ပဏီ၏ပစ္စည်းများနှင့် စပ်လျဉ်းသည့်တာဝန်**

၃၅၃။ (က) ဤအခန်းတွင် ကုမ္ပဏီတစ်ခု၏ ရာထူးလက်ရှိဖြစ်သူဆိုသည့် ရည်ညွှန်း ကိုးကားချက်တွင် ထိုကုမ္ပဏီအတွက် ခန့်ထားသော ပြန်လည် ထူထောင်ရေး မန်နေဂျာ၊ ပြန်လည်ထူထောင်ရေးအကြံပေး၊ အစီ အစဉ် ကြီးကြပ်သူ၊ ပစ္စည်းထိန်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ကိုဆိုလိုပြီး ကုမ္ပဏီသည် အောက်ပါကိစ္စရပ်တစ်ခုခုကို ဆောင်ရွက် ခြင်း ဖြစ်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည် -

(၁) ကုမ္ပဏီတစ်ခုသည် ဤဥပဒေ၏ အပိုင်း(၅) သို့မဟုတ် အပိုင်း (၆) အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေ ခြင်း၊ သို့မဟုတ်

(၂) ပစ္စည်းထိန်းခန့်ထားခြင်း၊ သို့မဟုတ်

(၃) ကုမ္ပဏီတစ်ခုသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု ပြုလုပ်နေ ခြင်း၊ သို့မဟုတ်

(၄) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်ထားခြင်း။

(ခ) ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်ဟန်လက္ခဏာရှိသည့် ပစ္စည်းတစ်ရပ်ရပ်၊ စာအုပ်စာတမ်းများ သို့မဟုတ် မှတ်တမ်းများသည် တစ်ဦးတစ်ယောက် ၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသည့်အခါ ထိုသူအား ထိုပစ္စည်း၊ စာအုပ်စာတမ်းများ သို့မဟုတ် မှတ်တမ်းများကို ရာထူးလက်ရှိဖြစ်သူထံသို့ ပေးအပ်ရန်၊ လက်ရောက်ပေးရန်၊ သယ်ယူ ပို့ဆောင်ပေးရန်၊ စွန့်လွှတ်ပေးအပ်ရန် သို့မဟုတ် လွှဲပြောင်းပေးအပ် ရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

(ဂ) ရာထူးလက်ရှိဖြစ်သူသည်-

(၁) ကုမ္ပဏီပိုင်မဟုတ်သည့် ပစ္စည်းတစ်ခုခုကို သိမ်းယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်သည့်အခါတွင် ယင်းသို့ပြုပိုင် ခွင့်ရှိကြောင်း ၎င်းမှ ယုံကြည်ရန်နှင့် ယုံကြည်ရန် သင့်လျော် သည့် အကြောင်းရှိပါက ၎င်း၏ ကိုယ်တိုင်ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုများနှင့် စပ်လျဉ်း၍ မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု တစ်ရပ်ရပ် အတွက် ၎င်းအပေါ်တွင် တာဝန်မရှိစေရ။

(၂) ထိုသို့ သိမ်းယူခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် မည်သည့်ကုန်ကျစရိတ်အတွက်မဆို အဆိုပါပစ္စည်းကို သို့မဟုတ် ပစ္စည်းကိုရောင်းချရငွေကို အာမခံအဖြစ် လက်ဝယ်ထားခွင့် (lien) ရှိစေရမည်။

**ရာထူးလက်ရှိဖြစ်သူနှင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်**

၃၅၄။ (က) ပုဒ်မခွဲ(ခ)ပါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီသည် အောက်ပါတာဝန်များ ကို ဆောင်ရွက်ရမည်-

(၁) ကုမ္ပဏီအား စတင်ဖွဲ့စည်းတည်ထောင်ခြင်း၊ စီးပွားရေးလုပ်ငန်း များ၊ စီးပွားရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သည့်ကိစ္စရပ် များ၊ လုပ်ငန်းကိစ္စရပ်များ သို့မဟုတ် ပစ္စည်းများကို ရာထူး လက်ရှိဖြစ်သူက သင့်တော်သည့်အချိန်တွင် ကျိုးကြောင်း ဆီလျော်စွာ တောင်းခံလာသည့်အခါ ပေးအပ်ခြင်း၊ နှင့်

(၂) ရာထူးလက်ရှိဖြစ်သူက ပူးပေါင်းဆောင်ရွက်ရန် ကျိုးကြောင်း ဆီလျော်စွာ တောင်းဆိုသည့်အချိန်တွင် တွေ့ဆုံခြင်း။

(ခ) အထက်ပါ ပုဒ်မခွဲ(က) ပါ ပုဂ္ဂိုလ်ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များ ဖြစ်သည်-

(၁) ကုမ္ပဏီအရာရှိများ သို့မဟုတ် ယခင်က ကုမ္ပဏီအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများ၊

(၂) စတင်သက်ဝင်သည့်နေ့မတိုင်မီ တစ်နှစ်အတွင်း ကုမ္ပဏီ ဖွဲ့စည်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊

(၃) ကုမ္ပဏီဝန်ထမ်းများ သို့မဟုတ် သက်ဆိုင်ရာနှစ်တစ်နှစ်အတွင်း ထိုကုမ္ပဏီတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်ပြီး ရာထူးလက်ရှိဖြစ်သူကလိုအပ်သည့် အချက်အလက် များကို ပေးစွမ်းနိုင်ကြောင်း ထင်မြင်ယူဆသူတစ်ဦးဦး၊ နှင့်

(၄) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်နေသည့် ကုမ္ပဏီ ဖြစ်လျှင် ထိုကုမ္ပဏီ၌ ယခင်က ရာထူးလက်ရှိဖြစ်သူတစ်ဦး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ တစ်ဦးဦး။

(ဂ) ဤပုဒ်မအရ သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် တာဝန်ရှိသူတစ်ဦးဦးသည် ခိုင်လုံသည့်အကြောင်းပြချက် မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ကုမ္ပဏီ၏စီးပွားရေးဆိုင်ရာကိစ္စရပ်များအား စုံစမ်းစစ်ဆေးခြင်း**

၃၅၅။ (က) တရားရုံးသည် ရာထူးလက်ရှိဖြစ်သူ၏လျှောက်ထားမှုအရ အောက်ပါ ပုဂ္ဂိုလ်တို့ကို တရားရုံးရှေ့သို့ လာရောက်ရန်ဆင့်ဆိုနိုင်သည်-

*(ဆက်လက်ဖော်ပြပါမည်)*

# တောင်သူများ ကြားသီးနှံအဖြစ် ဝင်ငွေရမည့် ယာကွန်သီးနှံ သုတေသန

ဇူလိုင်မိုး(မြန်မာ့အလင်း)

ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ လယ်ယာကဏ္ဍတွင် တောင်သူဦးကြီးများအနေဖြင့် သီးနှံများကို တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးလာကြသည်။ ထိုသို့ စိုက်ပျိုးကြရာတွင် သီးထပ်သီးညှပ်စိုက်ပျိုးနည်းစနစ်များကို အသုံးပြုလာကြသည်ကို တွေ့မြင်ရသည်။ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ- ရာသီ သီးနှံဌာနခွဲမှ တန်ဖိုးကြီးဖြည့်စွက်စာ အာဟာရဓာတ်စာ Ensure Life တွင် အဓိက ထည့်သွင်းဖော်စပ်အသုံးပြုသည့် သီးနှံအမယ်သစ်ဖြစ်သော ယာကွန်သီးနှံကို မြန်မာနိုင်ငံတွင် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးပွားခြင်းနှင့် သုတေသနလုပ်ငန်းများကို ပြင်ဦးလွင်မြို့ မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။




ယာကွန်စိုက်ခင်းကိုတွေ့ရစဉ်။

### ယာကွန်သီးနှံစိုက်ပျိုးဖြစ်ပုံ

ယာကွန်သီးနှံအမယ်သစ်ကို ရှမ်းပြည်နယ်နှင့် ပြင်ဦးလွင်ဒေသတို့တွင် ကော်ဖီသီးနှံက ဝင်ငွေမရရှိနိုင်သေးခင် ကော်ဖီစိုက်ခင်းများ၏ စိုက်တန်းကြားထဲတွင် အခြားဝင်ငွေရကြားသီးနှံအဖြစ် စိုက်ပျိုးရန်သင့်တော်သည့်အတွက်ကြောင့် စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့ကို ရောက်ရှိတဲ့အခါ ယာကွန်သီးနှံကို အိမ်ခြံဝင်းတစ်ခုအတွင်းမှာ စိုက်ပျိုးထားတာကို စတင်တွေ့ရှိခဲ့ပါတယ်။ ယာကွန်သီးနှံက ကာလတို သီးနှံလည်းဖြစ်တယ်။ အဲဒီအခါမှာ ယာကွန်ကို ကော်ဖီသီးနှံကနေ ဝင်ငွေမရရှိသေးခင်ကာလမှာ ကြားသီးနှံအဖြစ် စိုက်ပျိုးပြီး အပိုဝင်ငွေရရှိအောင် ကော်ဖီစိုက်ခင်းအသစ်တွေမှာ ကြားသီးနှံအဖြစ် သီးညှပ်စိုက်ပျိုးဖို့ ကို စိတ်ကူးရရှိပြီး စတင်စိုက်ပျိုးခဲ့တာပါ"ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ- ရာသီ သီးနှံဌာနခွဲမှ ဦးစီးအရာရှိ ဦးစောဝင်းနောင်က မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ပြင်ဦးလွင်)တွင် ယာကွန်သီးနှံကို စတင် စမ်းသပ်စိုက်ပျိုးဖြစ်ခဲ့သည့်အကြောင်း ရှင်းလင်းပြောပြသည်။

ယာကွန်၏ မူရင်းဒေသမှာတောင်အမေရိကတိုက် ပီရူးနိုင်ငံမှဖြစ်ပြီး အာဂျင်တီးနားနှင့် ကိုလံဘီယာနိုင်ငံကြား အင်ဒီးစ်တောင်တန်းဒေသတစ်လျှောက်သို့ တဖြည်းဖြည်းပျံ့နှံ့ ရောက်ရှိသွားကာ အင်ကာလူမျိုးစုများက လွန်ခဲ့သောရာစုနှစ်များစွာကတည်းက စိုက်ပျိုးစားသုံးခဲ့ကြကြောင်း၊ ယခုအခါမှာ ယာကွန်သီးနှံ၏ ဆေးဖက်ဝင် အာနိသင်များ၊ ကျန်းမာရေးအကျိုးကျေးဇူးများကို သိရှိလာသည့်အတွက် နိုင်ငံတကာမှာ ယာကွန်သီးနှံကို စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ အဓိက စိုက်ပျိုးနေသည့် နိုင်ငံများမှာ ဂျပန်၊ တရုတ်၊ နယူးဇီလန်၊ ကိုရီးယားနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

### ယာကွန်မှာ ဥနှစ်မျိုးရှိ

"ယာကွန်မှာ ဥနှစ်မျိုးရှိပါတယ်။ ယာကွန်ပင်ဟာ မြေအောက်မှာ ချင်းတက်လို မျိုးပွားနိုင်တဲ့ အတက်ဥနဲ့ အဲဒီအောက်မှာမှ ကန်စွန်းဥလို စားသုံးလို့ရတဲ့ အစာဥဆိုပြီး နှစ်မျိုးရှိပါတယ်။ စိုက်ပျိုးရာမှာ အတက်ဥကိုဖွဲ့ပြီး စိုက်ပျိုးရတာ ဖြစ်ပါတယ်။ စိုက်ပျိုးမယ်ဆိုရင် စိုက်ကွင်းထဲမှာ ထယ်တစ်စပ်၊ ထွန်တစ်စပ်ထွန်ပြီးတော့မှ သုံးပေ စိုက်မြောင်းဆွဲရပါတယ်။ ပြီးရင်နွားချေး ကားကြီးတစ်စီး၊ ၁၅-၁၅-၁၅ ပတ်လည်ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်ထည့်ပြီး ယာကွန်အတက်ဥတွေကို ပင်ကြားတန်းကြား သုံးပေ တစ်ပေ စိုက်ပေးရပါတယ်။ တစ်ဧကကို အပင် ၁၄၅၂၀ ဝင်ဆံ့ပါတယ်။ စိုက်ပြီး တစ်လခွဲသားအရွယ်နဲ့ သုံးလသားအရွယ်တွေမှာ ပေါင်းရှင်းပြီး ပေါင်တင်ပေးရပါတယ်။ ခြောက်လနဲ့ ခုနစ်လသားအရွယ်ခန့်မှာ စားသုံးလို့ရတဲ့အနေအထား ရောက်ရှိသွားပြီဖြစ်တဲ့အတွက် တူးဖော်ရောင်းချနိုင်ပါတယ်"ဟု ၎င်းက ဆက်လက် ပြောပြသည်။

ယာကွန်သီးနှံသည် ၂၀၀၆ ခုနှစ်ခန့်မှစ၍ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လောင်းမြို့နယ်တွင် စတင်ရောက်ရှိခဲ့ပြီး တစ်နိုင်တစ်ပိုင် စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါတွင် ရှမ်းပြည်နယ် တောင်ကြီး၊ ဟိုပုံး၊ ရွာငံ၊ နောင်ချို၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ မိုးကုတ်နှင့် ချင်းပြည်နယ် ဟားခါးနှင့် မင်းတပ်မြို့တို့တွင် စတင် စမ်းသပ်စိုက်ပျိုးနေကြပြီ ဖြစ်သည်။ ယာကွန်သီးနှံကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၅၀၀ နှင့် ၉၀၀၀ ကြားဒေသ၊ အပူချိန်၁၈ဒီဂရီနှင့် ၂၅ ဒီဂရီ စင်တီဂရိတ်ကြားတွေမှာ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း သိရသည်။

"ယာကွန်က ဥရောပမှာဆိုလို့ရှိရင် ယာကွန်အနှစ်ရည် (Syrup) အဖြစ် ထုတ်လုပ်ပြီး ရောင်းချနေတာရှိပါတယ်။ သူကပျားရည်လိုချိုပေမယ့် ဆီးချို၊ သွေးချိုမြင့်တက်မှုမရှိတာကြောင့် အရည်ပျစ်ပျစ်လေးရှိပြီး အဝလွန်တဲ့သူတွေ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါတွေကို သက်သာစေတဲ့အတွက် အနောက်ဥရောပနိုင်ငံတွေမှာ ကျယ်ပြန့်တဲ့ ဈေးကွက်ရှိပါတယ်။ ဂျာမနီ၊ နယ်သာလန်၊ အင်္ဂလန်နိုင်ငံတွေမှာလည်း ကျယ်ပြန့်တဲ့ ဈေးကွက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်မယ်ဆို ပြည်ပဝင်ငွေတွေ ရရှိနိုင်မှာဖြစ်ပါတယ်။ မှိုသုတေသနနဲ့ နည်းပညာဖွံ့ဖြိုးရေးခြံ (ပြင်ဦးလွင် ) မှာတော့ တစ်ဧကစတင် စိုက်ပျိုးထားပါတယ်။ အဓိကကတော့ လာမယ့်နှစ်တွေမှာ ယာကွန်သီးနှံစိုက်ပျိုးချင်တဲ့ တောင်သူတွေကို မျိုးပြန်လည်ဖြန့်ဖြူးပေးနိုင်ဖို့ ရည်ရွယ်ပြီး စိုက်ပျိုးထားတာဖြစ်ပါတယ်။ အနည်းဆုံးဧက ၂၀ လောက်ကို ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ ယာကွန်သီးနှံကို ဈေးကွက်ရသီးနှံအဖြစ် ဈေးကွက်ထဲ ဖြန့်ဖြူးရောင်းချနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ယာကွန်ဥကို တစ်ပိဿာ ငွေကျပ် ၅၀၀ နဲ့ပဲ ရောင်းချဦး တစ်ဧကကို ပိဿာချိန်၁၅၀၀၀ နီးပါးထွက်ရှိတဲ့အတွက် ဝင်ငွေအနေနဲ့ ငွေကျပ်သိန်း ၇၀ ကျော်လောက်ရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေ၊ တောင်သူတွေအနေနဲ့ ယာကွန်သီးနှံကို စိုက်ပျိုးချင်တယ်ဆိုရင် ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာန (ပြင်ဦးလွင်) မှာရှိတဲ့ ကော်ဖီခြံတွေကနေပြီး နည်းပညာတွေ၊ မျိုးတွေကူညီပေးနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

### ယာကွန်၏ဈေးကွက်

ယာကွန်သီးနှံမှာ တစ်ပင်ကို ယာကွန်ဥ အနည်းဆုံး ၅၀ သားမှ တစ်ပိဿာအထိထွက်ရှိနိုင်ပြီး တစ်ဧကကို ပင်ကြားတန်းကြား သုံးပေ တစ်ပေ စိုက်ပျိုးမည်ဆိုပါက ယာကွန်ဥ ၁၂ တန်မှ ၁၄ တန်အထိထွက်ရှိနိုင်သည်။ တစ်ဧက ကုန်ကျစရိတ်မှာ ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျပြီး အမြတ်ငွေအနေဖြင့် တစ်ဧကကို ငွေကျပ် ၅၅ သိန်းခန့် ပြန်လည်ရရှိနိုင်သည်။ ယာကွန်ဥမှာ စိုက်ပျိုးပြီး အချိန်ခြောက်လမှ ခုနစ်လကြားတွင် ဖော်ယူ စားသုံးနိုင်သည့်အတွက် တောင်သူများ အချိန်တိုအတွင်း ဝင်ငွေရသည့်သီးနှံဖြစ်သောကြောင့် စိုက်ပျိုးရန်သင့်တော်သော သီးနှံပင်ဖြစ်သည်။ ယာကွန်သီးနှံကို ကော်ဖီစိုက်ခင်းသစ်များကြားထဲတွင် ဝင်ငွေရကြားသီးနှံအဖြစ် စိုက်ပျိုး၍ ရသကဲ့သို့ အခြားနှစ်ရှည်သီးနှံများတွင်လည်း အပင်ငယ်စဉ်တွင် သီးညှပ်သီးနှံအဖြစ်လည်း စိုက်ပျိုးနိုင်ကာ ယာကွန်သီးနှံကို အဓိကသီးနှံအဖြစ်လည်း သီးသန့်စိုက်ပျိုးနိုင်သည်။

"ယာကွန်သီးနှံက ဥကိုလည်း အသုံးပြုလို့ရသလို အရွက်ကိုလည်း အသုံးပြုလို့ရပါတယ်။ အရွက်ကိုတော့ ဆီးချိုသွေးချိုသမားတွေအတွက် လက်ဖက်ခြောက်လို အခြောက်ခံပြီး သောက်သုံးလို့ရပါတယ်။ ဆီးချိုကို ထိန်းပေးတယ်လို့ သိရပါတယ်။ ယာကွန်ဥမှာ FOS( Fructooligosaccharide) သကြားဓာတ်ပေါင်း အဓိကပါဝင်ပါတယ်။ အဲဒီသကြားဓာတ်ပေါင်းမှာ တခြားအိမ်သုံးသကြားတွေရဲ့ ကယ်လိုရီပါဝင်မှု ၂၅- ၃၀ ရာခိုင်နှုန်းခန့်သာရှိပါတယ်။ အဲဒါကြောင့် အစာအိမ် အူလမ်းကြောင်း တစ်လျှောက်မှာ ပြိုကွဲမှုမရှိဘဲ အူမကြီးအတွင်းရှိ အကျိုးပြုဗက်တီးရီးယား Bifidus နဲ့ Lactobicillus တွေ ပွားများစေဖို့ အားပေးကူညီပေးတယ်လို့ သိရပါတယ်။ ယာကွန်ဥကို အစိမ်းလိုက်စားလို့ရသလို ဖျော်ရည်အနေနဲ့လည်း သောက်သုံးနိုင်ပါတယ်။ ဒ့ါအပြင် ပါးပါးလှီးကာ သရေစာအဖြစ်လည်း စားသုံးလို့ရနိုင်သလို အခြောက်ခံ အမှုန့်ကြိတ်ကာ နို့စို့ကလေးငယ်တွေနဲ့ နာလန်ထလူမမာတွေအတွက် ကျန်းမာရေးနို့မှုန့် တွေ၊ အာဟာရဖြည့်စွက်စာမှုန့်များ ပြုလုပ်ပြီးဈေးကွက်မှာ ဖြန့်ဖြူးရောင်းချနေတာတွေရှိပါတယ်။ ကျန်းမာရေးလိုက်စားသူတွေအတွက် တန်ဖိုးမြင့်အစားအစာတွေနဲ့ အချိုရည်တွေမှာလည်း သကြားအစားထိုးပစ္စည်းအဖြစ် အသုံးပြုနိုင်ပါတယ်"ဟု ဦးစောဝင်းနောင်က ယာကွန်သီးနှံ၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောပြသည်။

### အချိန်မီစိုက်ပျိုးရန်လို

ယာကွန်သီးနှံကို စိုက်ပျိုးမည်ဆိုလျှင် မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးရကြောင်း၊ ဒီဇင်ဘာလလောက်တွင် ယာကွန်ပင် ခြောက်လသားရောက်သွားသည့်အတွက် အပွင့်များပွင့်ကာ အပင်များ ခြောက်သွေ့လာပြီဆိုပါက စတင်တူးဖော်နိုင်ပြီး ဈေးကွက်တွင်လည်း ရောင်းချ၍ရနိုင်ကြောင်း၊ ယာကွန်သီးနှံကို စိုက်ပျိုးလျှင် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလ နောက်ပိုင်းမှာ ပတ်ဝန်းကျင် အပူချိန်နိမ့်ကျလာသည့်အခါ စားသုံးရန်၊ တူးဖော်ရန်ဖြစ်သွားပြီဖြစ်သည့်အတွက် နောက်ကျပြီးမှ စိုက်ပျိုးပါက လိုအပ်သည့်အထွက်နှုန်း မရနိုင်ကြောင်း၊ ယာကွန်စိုက်ပျိုးမည့် တောင်သူများအနေဖြင့် အချိန်မီစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

ယာကွန်သီးနှံသည် သက်တမ်းတိုကာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိသည့်အတွက် ဝင်ငွေရကြားသီးနှံအဖြစ် တောင်သူများ စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးပင်ဖြစ်သည်။

ကော်ဖီစိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးစရိတ်မှာ အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက မြင့်မားပြီး ကော်ဖီသည် နှစ်ရှည်သီးနှံပင် အမျိုးအစားဖြစ်သည့်အတွက် ဝင်ငွေရရှိရန်အချိန်ကာလ သုံးနှစ်မှ လေးနှစ်အထိ စောင့်ဆိုင်းရတတ်ပါသည်။ ထို့ကြောင့် လုပ်ကွက်ငယ် တောင်သူ Small Scale Farmer များသာမက စီးပွားဖြစ် ကော်ဖီစိုက်ခင်း Commercial Scale Coffee Farm ပိုင်ရှင်များပင် ကြားသီးနှံတစ်မျိုးမျိုးဖြင့် ဝင်ငွေရရှိနေမှသာ ကော်ဖီကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်မှာဖြစ်သည်။ ထို့ကြောင့် ကော်ဖီကိုစတင်စိုက်ပျိုးသည်နှင့် တစ်ပြိုင်နက် ယာကွန်ကို ကြားသီးနှံအဖြစ် ယှဉ်တွဲစိုက်ပျိုးနိုင်၍ ဝင်ငွေရရှိနိုင်သဖြင့် ယာကွန်ကို ဆေးဖက်ဝင်သီးနှံအဖြစ်ဖြင့်ဖြစ်စေ၊ ဝင်ငွေရ ကြားသီးနှံအဖြစ်ဖြင့်ဖြစ်စေ စိုက်ပျိုးသင့်ပါကြောင်း အကြံပြုတင်ပြရေးသားအပ်ပါသည်။ ။



ယာကွန်ဥများကိုတွေ့ရစဉ်။

## အိန္ဒိယဝယ်လိုအားကြောင့် မန္တလေးပဲဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံဈေးများ ငွေကျပ်တစ်သောင်းကျော် ခုန်တက်

**မန္တလေး နိုဝင်ဘာ ၄**

အိန္ဒိယနိုင်ငံ ဗဟိုအစိုးရက ဝယ်ယူခြင်းမရှိသော်လည်း ချန်နိုင်းပြည်နယ်မှ မတ်ပဲလိုအပ်ချက်ကြောင့် အထူးပါမစ်ရယူပြီး ဝယ်ယူလာသဖြင့် ယခုရက်ပိုင်းအတွင်း တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ခန့် မြင့်တက်လာကြောင်း မန္တလေးမြို့ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

မတ်ပဲဈေးနှုန်းမှာ အောက်တိုဘာ ၁၉ ရက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၆၀၀၀၀ မှ အောက်တိုဘာ ၂၇ ရက်တွင် ကျပ် ၇၀၀၀၀ ၊ အလတ်စ ကျပ် ၅၈၀၀၀ မှ ၆၅၀၀၀ သို့ လည်ကောင်း မြင့်တက်လာကာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အောက်တိုဘာ ၃၁ ရက်တွင် ငွေကျပ် ၇၁၀၀၀ အထိ မြင့်တက်လာခဲ့ကြောင်းနှင့် ပဲစင်းငုံမှာလည်း မူလက သုံးတင်းဝင်တစ်အိမ်လျှင် ငွေကျပ် ၄၃၀၀၀ ဈေးရှိခဲ့ရာမှ ယနေ့တွင် ငွေကျပ် ၅၃၀၀၀ အထိ ရှိလာကြောင်း သိရသည်။

"ဒီနှစ်မှာ အိန္ဒိယနိုင်ငံက ရာသီဥတုအကြိမ်ကြိမ်ဖောက်ပြန်မှုကြောင့် သူတို့ အဓိက စားသုံးသီးနှံဖြစ်တဲ့ မတ်ပဲနဲ့ ပဲစင်းငုံ လိုအပ်ချက်တွေ မြင့်မားလာတဲ့အတွက် မြန်မာနိုင်ငံက မတ်ပဲနဲ့ ပဲစင်းငုံကို ဒီလကစပြီး လှုပ်လှုပ်ရှားရှား ဈေးပေးဝယ်ယူလာတာကြောင့် ဈေးနှုန်းမြင့်တက်လာတာပါ။ အခုအချိန်ကလည်း မတ်ပဲနဲ့ ပဲစင်းငုံ စိုက်ပျိုးချိန် ရောက်နေတဲ့အတွက် ဒီအတိုင်းသာ ဝယ်ယူမှု အားကောင်းနေရင် မူလက ထင်ထားတဲ့ ၂၀၁၉ ပဲရာသီမှာ ပဲလက်ကျန်များမယ်ဆိုတဲ့ ခန့်မှန်းချက်က လွဲသွားနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးပဲဈေးကွက်တွင် အဆိုပါမတ်ပဲနှင့် ပဲစင်းငုံများ ဈေးကောင်း အရောင်းသွက်နေသည့်အပြင် ကျန်သည့် ကုလားပဲအုပ်စုဝင် ပဲများမှာလည်း ဈေးနှုန်း အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်း

(အောက်တိုဘာ ၂၉ မှ နိုဝင်ဘာ ၂ ရက်အထိ)

ပြီးခဲ့တဲ့အပတ်က ပွဲတော်ကာလဖြစ်ခဲ့လို့ ကုန်စည်ဒိုင်တွေပိတ်ပြီး ဈေးအရောင်းအဝယ်လည်း မရှိသလောက် ဖြစ်ခဲ့ပါတယ်။ ဈေးအရောင်းအဝယ် မရှိတဲ့အတွက် ဈေးတွေလည်း အပြောင်းအလဲနည်းပါးပြီး ဈေးငြိမ်ခဲ့ပါတယ်။

**ဆန်၊ စပါး**

ဆန်ကတော့ ပြီးခဲ့တဲ့အပတ်က ဈေးငြိမ်နေခဲ့ပြီး ဒီတစ်ပတ်မှာ အနည်းငယ် ဈေးကျဆင်းသွားခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဆန်အဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်ကတော့ အေးနေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာတစ်လလုံး ဈေးတွေတက်ခဲ့တဲ့ဆန်က အောက်တိုဘာလထဲမှာတော့ ဈေးငြိမ်နေခဲ့ပါတယ်။ ဆန်အသစ်တွေ ဆက်တိုက်ဝင်ရောက်လာတဲ့အတွက် ဆန်ဈေးငြိမ်သွားခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဈေးအပြောင်းအလဲရှိတာကတော့ ပေါ်ဆန်းအသစ်ဖြစ်ပြီး ကျပ် ၄၄၀၀၀ ကနေ ၄၅၀၀၀ ကြားရှိကာ တစ်အိတ်မှာ ကျပ် ၁၀၀၀ လောက် ဈေးကျသွားခဲ့ပါတယ်။ ပုသိမ်ဈေးကွက်မှာတော့ ဆန်ရော၊ စပါးရော ဈေးငြိမ်နေခဲ့ပါတယ်။ ရောဝတီပေါ်ဆန်းစပါးက တင်း ၁၀၀ ကို ကျပ် ၁၃ သိန်းခွဲခန့်နဲ့ ပေါ်ဆန်းရင်က ကျပ် ၁၂၇၀၀၀၀ ခန့် ရှိပြီး ဆန်ချောတွေက တစ်အိတ်ကို ကျပ် ၅၃၀၀၀ ကနေ ၅၄၅၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

ဒုတိယတန်းစားစပါးဖြစ်တဲ့ ရွှေသွယ်လေးစပါးက တင်း ၁၀၀ ကို ကျပ် ၈၂၈၀၀၀၊ ရောမင်းက ကျပ် ၈၀၉၀၀၀၊ မနောသုခက ကျပ် ၆၈၀၀၀၀၊ မီးကောက်က ကျပ် ၇၈၀၀၀၀၊ သီးထပ်ရင်က ကျပ် ၆၂၅၀၀၀ ရှိပြီး ဆန်ကတော့ အမျိုးအစားအလိုက် တစ်တင်းခွဲ တစ်အိတ်ကို ကျပ် ၂၄၅၀၀ ကနေ ၃၅၀၀၀ အသီးသီးရှိပါတယ်။

**မတ်ပဲ(FAQ/RC)**

နိုဝင်ဘာလအစမှာ သတင်းကောင်းကတော့ မတ်ပဲဈေးတွေ ဆက်တိုက်တက်နေခဲ့တာဖြစ်ပြီးတော့ ဈေးက ဆက်တက်နိုင်ခြေရှိတယ်လို့လည်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။ အိန္ဒိယနိုင်ငံမှာ ရာသီဥတုအခြေအနေ ဆိုးရွားနေတဲ့အတွက် ပဲအထွက်နှုန်းတွေ လျော့ကျသွားပြီး မြန်မာနိုင်ငံကပဲတွေကို ပြန်အဝယ်လိုက်လာခဲ့တာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ မတ်ပဲဈေးတွေ တက်နေပေမယ့် တောင်သူ ၈၀ ရာခိုင်နှုန်းမှာတော့ မတ်ပဲတွေ မရှိတော့ပါဘူး။ မတ်ပဲဈေးကောင်းတဲ့ အကျိုးဆက်ကို ကုန်သည်တွေသာ ခံစားနေရပါတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်က ဆက်လက်ရှိနိုင်သေးတဲ့အတွက် ထွက်လာမယ့် မတ်ပဲအသစ်တွေမှာတော့ တောင်သူတွေ ဈေးကောင်းရနိုင်ပါလိမ့်မယ်။

ရန်ကုန်ဈေးကွက်မှာ ပြီးခဲ့တဲ့အပတ်က မတ်ပဲတစ်တန်ကို ကျပ် ၇၃၀၀၀၀ ကျော်အထိ ဈေးတက်ခဲ့ပြီး ဒီတစ်ပတ်မှာလည်း ဈေးတွေ ထပ်တက်လာခဲ့ပါတယ်။ မုံရွာဈေးကွက်မှာလည်း မတ်ပဲတစ်တင်းကို ကျပ် ၂၃၀၀၀ ရှိပြီးတော့ တစ်တင်းမှာ ကျပ် ၃၅၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၆၆၀၀ နဲ့ တစ်တင်းမှာ ကျပ် ၁၆၀၀၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၄၅၀၀ နဲ့ တစ်တင်းမှာ ကျပ် ၄၅၀၀ အသီးသီး ဈေးတက်လာခဲ့ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း မတ်ပဲနည်းတူ ဈေးတက်လာပါတယ်။ ဈေးတက်နေပေမယ့် ပဲလက်ကျန် မရှိသလောက် နည်းနေပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ခါတစ်ရံ ဈေးကွက်မဖွင့်တာကိုလည်း တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံက ပဲစင်းငုံနီဝယ်ယူမှုကို တိုးဝယ်လာတဲ့အပြင် ပြည်တွင်းငွေဈေးနှုန်း မြင့်တက်နေခဲ့တာကြောင့်လည်း ဈေးပိုရနေတဲ့ အခြေအနေပါ။

လက်ရှိအချိန်မှာတော့ တောင်သူတွေလက်ထဲမှာ ပဲမကျန်တော့ဘဲ ပဲလှောင်သူတွေလက်ထဲမှာသာ ပဲတွေရှိနေပြီး အရောင်းအဝယ်ဖြစ်နေခဲ့တာပါ။ ပြီးခဲ့တဲ့လပိုင်းအထိ အိန္ဒိယက မြန်မာနိုင်ငံကနေ ပဲဝယ်ယူမှုကို ကန့်သတ်ထားတဲ့အပြင် ဝယ်ယူမှုကလည်း ကျဆင်းသွားတဲ့အတွက် ပဲကုန်သည်အသင်းက တောင်သူတွေကို ပဲစင်းငုံ လျှော့ချစိုက်ပျိုးဖို့အထိ တိုက်တွန်းခဲ့ပါတယ်။ လက်ရှိ ဈေးအခြေအနေအရ တောင်သူတွေအနေနဲ့လည်း ပုံမှန်အတိုင်းစိုက်ပျိုးဖို့ သင့်မသင့်နဲ့ လျှော့ချစိုက်ပျိုးဖို့ သင့်မသင့်ကို ဝေခွဲမရအခြေအနေလည်း ဖြစ်နေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ တစ်တန်ကို အမြင့်ဆုံး ကျပ် ၆၁၂၀၀၀ အထိ တက်ခဲ့ပြီး တစ်ပတ်အတွင်း ကျပ် ၆၀၀၀၀ နီးပါး ဈေးတက်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၇၅၀၀ နဲ့ တစ်တင်းမှာ ကျပ် ၄၀၀၀ လောက် ဈေးတက်ခဲ့သလို ပခုက္ကူကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၇၀၀၀ နဲ့ တစ်တင်းမှာ ကျပ် ၃၀၀၀၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၆၂၀၀ နဲ့ တစ်တင်းမှာ ကျပ် ၂၅၀၀ ဈေးတက်လာခဲ့ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ အချို့ဒေသတွေမှာ ဈေးတက်နေပေမယ့် အချို့ဒေသတွေမှာ ဈေးကျဆင်းသွားပါတယ်။ ပဲအဟောင်းတွေက မရှိသလောက်ဖြစ်သွားပြီး ပဲအသစ်တွေက ဆက်တိုက်ကို ဝင်ရောက်နေတာဖြစ်တဲ့အတွက် အသစ်မဝင်သေးတဲ့ မြို့တွေမှာ ဈေးတက်နေပြီးအသစ်ဝင်တဲ့မြို့တွေမှာတော့ ဈေးက အနည်းငယ်ကျဆင်းနေပါတယ်။

ပဲတီစိမ်းက ပုံမှန်ဝယ်လက်ရှိတဲ့အတွက် အရည်အသွေးအပေါ်မူတည်ပြီး ဈေးက အပြောင်းအလဲ ရှိပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲတီစိမ်း တစ်တင်းကို ကျပ် ၂၄၅၀၀ ကနေ ၂၆၅၀၀ ကြားရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ ဈေးကျဆင်းသွားပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၂၃၃၀၀ ရှိပြီး ကျပ် ၁၄၀၀ ဈေးကျသွားပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ ပဲတီစိမ်း(အသေး)တစ်တင်းကို ကျပ် ၂၅၀၀၀ ရှိပြီး ၁၅၀၀ ဈေးကျဆင်းသွားပါတယ်။

နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၃၁၆၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀၀ ဈေးတက်လာခဲ့သလို ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၃၁၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ဈေးတက်လာခဲ့ပါတယ်။ ။

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဆည်၊ တမံများမှ စိုက်ဧက ၈၃၀၀ ကျော်သို့ စိုက်ပျိုးရေဖြန့်ဝေပေး

နေပြည်တော် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ ငါးခုနှင့် ရေလွှဲဆည် ရှစ်ခု၊ စုစုပေါင်း ဆည်နှင့် တမံ ၁၃ ခုတို့မှ နှစ်စဉ် စိုက်ပျိုးမြေဧရိယာ ၈၃၁၈ ဧကသို့ စိုက်ပျိုးရေများ လုံလောက်စွာပေးဝေလျက်ရှိသည့်အပြင် မြို့နယ်များသို့ သောက်ရေလိုအပ်ချက် ဖြည့်ဆည်းပေးခြင်းနှင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၅၀ ဖြန့်ဖြူးပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ခုနှစ်က အဆိုပါ ဆည်၊ တမံများမှ မိုးစပါး ၃၁၂၈ ဧက၊ နွေစပါး ၁၇၅ ဧကနှင့် အခြားသီးနှံ ၅၀၁၅ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါး ၄၄၂၈ ဧကကို ရေပေးဝေရန် လျာထားခဲ့ရာမှ ၅၄၂၈ ဧကအထိ ဧက ၁၀၀၀ ခန့်ကို ဆည်ရေတိုးချဲ့ပေးဝေ၍ စိုက်ပျိုးလာနိုင်ကြောင်း သိရသည်။

မောင်မွှေး


နိုင်ငံတကာ သတင်းဂျာနယ်
အမှတ်စဉ်-၁၁၈၅
စစ်မီးတောက်လောင်တော့မည့် ရုရှားနှင့် နေတိုး ပုံရိပ်များ
အီရန်ကို အစွရေး ဘာကြောင့်မတိုက်သေးတာလဲ
အိန္ဒိယလာမာကယ် နိုင်ငံရေးကို နှုတ်ဆက်ပြီ
ဗြိတိသျှ တသင်ကျောင်းများတွင် ကလေးငယ်များ မိုင်းဖုန်းအသုံးပြုမှု ပိတ်ပင်
တနင်္လာနေ့တိုင်း ထွက်ပြီ
Gmail - internationaljournalmm@gmail.com


ကလေးနာမည်ပေး ဆရာကြီး ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးတင်ပွန်းတပ်ချစ်သူစုံတွဲမင်္ဂလာရက်ရွေး
09-73009994,09-5152521,01-394727 လူကြီးလိုရာမေးအိမ်ရောင်းထွက်ဖို့
01-399426 တိုက်အမှတ်(၉)ဒုထပ်၊ဧဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ပိတ်ရက်မရှိ)

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။

ကြိုတင်မှာပါ
မှာသူများလို့ ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့
09 5095 095, 01-682844
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း
အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills
4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု
Ph: 01-375970, 0951 72096, 09254541441



(၂၆)ကြိမ်မြောက် ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး။ အသက်(၇၅)နှစ်နှင့်အထက် ဘိုးဘွားများပူဇော်ပွဲနှင့် ပညာရည်ချွန်ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရေစကြိုမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်ရသေးလျှင်ဖြစ်စေ အားလုံးကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းကို ရိုးရိုးအောင်နှင့် ဂုဏ်ထူးဖြင့် အောင်မြင်သူများပါ အောင်လက်မှတ်မိတ္တူဖြင့် ၂၅-၁၁-၂၀၁၈ရက် နောက်ဆုံးထား၍ ဆက်သွယ် သတင်းပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - ပခုက္ကူခရိုင်ခမ္မာရုံ(ရွှေတိဂုံမြောက်ဘက်မုခ်အနီး)
ဧည့်ခံကျွေးမွေး - နေ့လယ်စာထမင်း+ဟင်းလျာ+ရေစကြိုထန်းသီးမုန့်

ဆက်သွယ်ရန်ဖုန်း
ဦးဝင်း(နာယက)ဖုန်း-၀၉-၅၀၁၇၀၁၄
ဦးဝင်းနိုင်(ဥက္ကဋ္ဌ)ဖုန်း-၀၉-၉၆၅၀၀၁၃၄၆
ဦးစိန်သန်း(ဒု-ဥက္ကဋ္ဌ)ဖုန်း-၀၉-၂၅၀၁၃၆၇၇၅
ဦးမြဝင်းမောင်(ဒု-ဥက္ကဋ္ဌ)ဖုန်း-၀၉-၄၉၅၈၈၈၇၇
ဦးအောင်မင်း(အတွင်းရေးမှူး)ဖုန်း-၀၉-၂၅၀၀၇၅၆၁၂
ဒေါ်အုန်းကြင်(ဘဏ္ဍာရေးမှူး)ဖုန်း-၀၁-၆၈၀၇၆၀

မှတ်ချက်။ ။ကန်တော့ခံဘိုးဘွားများနှင့် ဆုရကျောင်းသား/သူများကိုယ်တိုင် မတက် ရောက်နိုင်ပါက မိသားစုဝင်များမှ သား၊ သမီး၊ မိဘများ တက်ရောက်လက်ခံရယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့



ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ချောင်းဟောင်းတူးဖော်ခြင်းလုပ်ငန်း၊ တာမြှင့်တင်ခြင်းလုပ်ငန်း၊ ရေတံခါးရွက်များ ပြုပြင်ခြင်းလုပ်ငန်း၊ ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်း အစရှိသည်တို့အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်/အချိန် - ၇-၁၁-၂၀၁၈ရက်မှ ၂၀-၁၁-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၇-၁၂-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

၂။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဖုန်း-၀၁-၅၇၇၅၅၃၊၀၁-၂၃၃၆၄၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ



ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ W.V.E.C ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးသက်ပိုင်၏ ဖခင် အမည်မှန်မှာ ဦးကျော်သိန်းဦး ၁၃/ကမန(နိုင်)၀၀၂၀၆၉ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးစိုင်းကျော်လှ၏သား လားရှိုးမြို့၊ အမက(၂၅) မူလွန် ပဥ္စမတန်းမှ မောင်စိုင်းစံမိန်း (ကျောင်းဝင်အမှတ် ၆၀၈)အား အိုက်တော့ကပ်ဟု ပြောင်းလဲ ခေါ်ပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၄-၁၁-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၄)တွင် မော်လမြိုင်မြို့နေ ဒေါ်ဝါဝါဝင်းနှင့်အများသိစေရန် ကြော်ငြာတွင် မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ထားဝယ်စုရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၁၄ အစား အမှတ်(၁၄၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၈၁၈၈၈ Honda Dream 125, ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီမာသန်း ၁၀/မလမ(နိုင်)၂၂၃၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ လယ်တီရပ်ကွက်၊အကွက်အမှတ်နှင့် အမည် (၃၉-ကံသာအေး)၊ ဦးပိုင်အမှတ်(၁၁၆)၊ ဧရိယာ ၀ဒ၁သမ ၀၆၃ဧကအား ဦးဝင်းဘုန်းမြင့်မှ မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန် အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ အကွက်အမှတ်(၇၈၊ငြိမ်းချမ်းရေး)၊ ဦးပိုင် အမှတ်(၁၄၀)၊ ဧရိယာ ၀ဒ၁သမ၀၆၄ဧကရှိ မြေကိုဒေါ်ငွေ(ခ)ဒေါ်နီနီစန်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားအထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန



အဆီများ၍ ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...
သတ္တိမောင်
အမှတ်တံဆိပ်

ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320)
အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကား ရရှိနိုင်ပါသည်။

# ပြည်တွင်း၌သာခန့်ထားရန်

**၁။ မန်နေဂျာ** **ကျား/မ ၁ ဦး**

- BE(Civil) (သို့မဟုတ်)BE (Electrical) ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
- ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- Cost Estimation Knowledge ရှိသူဖြစ်ရမည်။
- Tender Preparation and Evaluation အတွေ့အကြုံရှိသူ ဖြစ်ရမည်။
- ဌာနဆိုင်ရာများသို့ ဝင်ထွက်သွားလာနိုင်သူ ဖြစ်ရမည်။
- (MOEE တွင် တာဝန်ထမ်းဆောင်ဖူးသူကို ဦးစားပေးမည်။)
- လုပ်ငန်းလိုအပ်ချက်ရှိသောအခါ နယ်သို့ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
- အင်္ဂလိပ်စကား ကျွမ်းကျင်သူ၊ ကွန်ပျူတာ ကျွမ်းကျင်သူ ဖြစ်ရမည်။

**၂။ လက်ထောက်မန်နေဂျာ** **ကျား/မ ၁ ဦး**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းစီမံခန့်ခွဲမှု အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။
- အသက် ၂၅ နှစ်မှ ၄၀ ကြား ဖြစ်ရမည်။
- Report များကို အချိန်မီ တင်ပြနိုင်သူဖြစ်ရမည်။
- English 4 Skills ကျွမ်းကျင်သူ ဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး၊ ကြိုးစားကြီးပွားလိုစိတ်ရှိသူ၊ သည်းခံစိတ်ရှိသူ၊ သွက်လက်စွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

**၃။ စာရင်းကိုင်** **ကျား/မ ၁ ဦး**

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- အစိုးရဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်ဖူးသူကို ဦးစားပေးမည်။
- ဌာနဆိုင်ရာများသို့ စာရေးသားဆက်သွယ်နိုင်သူ ဖြစ်ရမည်။
- စာရင်းအင်းဇယား စနစ်တကျထိန်းသိမ်းနိုင်သူ ဖြစ်ရမည်။
- မြောက်ဒဂုံမြို့နယ်တွင် တာဝန်ထမ်းဆောင်ရမည်။

လျှောက်ထားလိုသူသည် မျှော်မှန်းလစာ ရေးသွင်းဖော်ပြလျက် ကိုယ်ရေးရာဇဝင်နှင့်အတူ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမိတ္တူ၊ အလုပ်သမားကတ်မိတ္တူ၊ (၃)လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံနှင့်အတူ လူကိုယ်တိုင်သော်လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်။

ပဏာမရွေးချယ်ခံရသူများအား လူတွေ့စစ်ဆေးရန် ခေါ်ယူပါမည်။

လိပ်စာ အမှတ်(၉၆၃)၊ ဧယျာဒသီရိလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဖုန်း-၀၁-၅၈၀၄၄၃၊ ၀၁-၅၈၀၅၁၇၊ Email: klhr@klamazing.com.mm

**လျှောက်လွှာပိတ်ရက်။ ၁၅-၁၂-၂၀၁၈**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃) လားရှိုးခရိုင်တရားရုံးတော် ၂၀၁၈ခုနှစ် တရားမအထွေထွေမှုအမှတ်-၆

ကွယ်လွန်သူ ဦးကျော်အေး (ခ) ဦးလိုင်းဆိုင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်နန်းဆိုင်အွန်
အမှတ် (၂)၊ ၄ဝါလမ်း၊ နယ်မြေ (၉)
ရပ်ကွက် ၅၊ လားရှိုးမြို့ **လျှောက်ထားသူ**

လားရှိုးမြို့၊ ရပ်ကွက် ၅၊ နယ်မြေ ၉၊ ၄ဝါလမ်း၊ အမှတ် ၂နေ ဒေါ်နန်းဆိုင်အွန်က ကွယ်လွန်သူ ဦးကျော်အေး(ခ)ဦးလိုင်းဆိုင်၏ တစ်ဦးတည်းသောမြစ်ဖြစ်သည်ဟူ၍ ကွယ်လွန်သူ ဦးကျော်အေး (ခ)ဦးလိုင်းဆိုင်၏ ကျန်ရှိသောပစ္စည်းများအား အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးကျော်အေး(ခ) ဦးလိုင်းဆိုင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံး၌ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၄ရက် (၁၃၈၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီ တွင် လာရောက်ကြရမည်။ ၄င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်နန်းဆိုင်အွန်၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညှို့မြွေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**လားရှိုးခရိုင်တရားရုံး**

## ခင်နန္ဒာ သို့ဆုတောင်း

- ဗုဒ္ဓဂယာ မြေမြတ်မဟာသို့ အပြည်ပြည်ဆိုင်ရာ ခင်နန္ဒာနှင့် ဘုရားဖူးပြည်သူ မေတ္တာကူ၍ ဖြည့်ဆည်းလိုက်ပါ မောင်အာကာနှင့် တူညီလက်တွဲ ပေါင်းစည်းမြဲ၏။
- ဆရာတော်များ ခရီးစဉ်တလျှောက် ဟောကြားတရား မှဒိတာပွား၍ နာကြားရသည် ဝွမ်းဆီထိပမာ ကြည်နူးမိ၏။
- ဖွားပွင့်ဟောစံ နေရာအနှံ့ ဖူးလိုက်ရ၍ ခင်နန္ဒာအဖွဲ့သား အားလုံးအများ ကျေးဇူးထား ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့လိုက်ပါသည် ထပ်၍ စီးပွားတိုးတက်ပါစေသား။ ။

**ဦးအေးနိုင် (မန္တလေး)**
**၂၉-၁၀-၂၀၁၈ ပြန်ရောက်ခရီးသည်**

## အောင်ကမ္ဘာ၊ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ရေး

ဒဂုံမြို့သစ်၊ တောင်ပိုင်း ဆိပ်ကမ်း
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။ အိမ်အရောက်ငွေချေပေးသည်။
ပွဲခပေးရန်မလိုပါ။

**ဖုန်း-၀၉-၄၃၁၁၈၂၀၀၊ ၄၅၀၀၉၆၁၄၄၊ ၄၅၀၀၉၆၁၅၅**

## ကြေညာချက်

ကုမ္ပဏီမှတ်ပုံတင်အမှတ် 81/1999-2000(3.5.1999) နေမင်းအောင်ဂါးမန့် ကုမ္ပဏီသည် လုပ်ငန်းလုပ်ဆောင်ခြင်း မရှိတော့ပါသဖြင့် ကုမ္ပဏီအား စတင်ဖျက်သိမ်းနေပြီဖြစ်ကြောင်း အသိပေးကြေညာပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8445 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/9426 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ဆွေးနွေးဘုရားလမ်း အမှတ်(၅)ဟုခေါ်တွင်သည့် မြေတိုင်းအခေါ် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ကျောင်းအိုးတန်းရပ်ကွက် ကွင်းအမှတ်နှင့် အမည်(၆)ဈေးကွက်၊ ဦးပိုင်အမှတ်(၁၃၅ᵃ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၀ ဧက အကျယ်အဝန်းရှိ ဦးဘဦး၊ ဒေါ်အမာ အမည်ပေါက် မြေပိုင်မြေယာကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အမာ၇/ပမန(နိုင်)၀၁၃၀၉၄ ထံမှ ကျွန်တော် ဦးကျော်ဝဏ္ဏစိုး ၁၃/သနန(နိုင်)၀၃၆၉၄၉မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တိုင်ကြားနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဝဏ္ဏစိုး**
**၁၃/သနန(နိုင်)၀၃၆၉၄၉**
**၈/၁၀ ဘီ၊ မိုးကောင်းလမ်းသွယ်၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) ပဋ္ဌမတန်း(C)မှ မသဲအိမွန်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၈/မသန(နိုင်)၂၂၇၀၃၂ ဖြစ်ပါသည်။

**ဦးမောင်နိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9664 Por Mohn Thit L/T P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းမြင့်၁၂/လသန(နိုင်)၀၀၈၃၄၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/2156 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Octagon International Services Co.,Ltd မှ Import Declaration (သွင်းကုန်ကြော်ငြာလွှာ)မှတ်ပုံတင်စာရင်းအမှတ်စဉ် 909103သည် 24-10-2018ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၅၁၁၃၄၆၇**
**ဒေါ်အေးငြိမ်းသူ (မန်နေဂျာ)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၇ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၀၉၉-က၊ စတုတ္ထထပ် ၅-လွှာ၊ တိုက်ခန်းနှင့် ၄င်းတိုက်ခန်းပေါ်ရှိ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သော ဦးသူရဇော် ၁၂/မဂတ(နိုင်)၀၉၀၀၈၆ထံမှ ကျွန်တော် ဦးမောင်မောင်အောင်သဲဦး ၁၂/မဂဒ(နိုင်) ၀၉၀၉၁၆က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော့်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်မောင်အောင်သဲဦး ၁၂/မဂဒ(နိုင်)၀၉၀၉၁၆**
**အမှတ် ၂/၂/၁၃၂၊ ပိတောက်လမ်း၊ တိုးချဲ့ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၆၂၈၉၃၈၇**

## ဦးမင်းအောင်၊ ဒေါ်မာလာတို့၏ (၁-၁၁-၂၀၁၈)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)၌ အများသိစေရန်ကြော်ငြာအား ကန့်ကွက်ကြောင်းအများသိစေရန်ကြော်ငြာ

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ် ၉၅နေ 1.1.3.5(One One Three Five Co.,Ltd) အက်ဆစ်နှင့်ဓာတုဗေဒရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

'မိဘများဖြစ်သော ဦးသောင်းညွန့်၊ ဒေါ်မရွှေတို့သက်ရှိထင်ရှားရှိစဉ်က ငွေအခက်အခဲကြောင့် ၄င်းတို့၏ အမည်ပေါက် အမှတ်၁၄၂၊ ဗဟိုလမ်း၊ ထားဝယ်စုရပ်၊ မော်လမြိုင်မြို့၊ အိမ် ဂရန်ကို သားအကြီးဆုံးဖြစ်သူ ဦးမောင်မောင်၊ ဦးနေဝင်း၊ ဦးမင်းအောင်တို့အား ပေါင်နှံခွင့်ပေးပြီး မိသားစုစီးပွားရေးလုပ်ကိုင်ခဲ့သည်ဟူသည့် ကြော်ငြာချက်ပါဖော်ပြချက်မှာ လုံးဝမဟုတ်မမှန်သော ဖော်ပြချက်ဖြစ်ပါသည်။ မိဘများအနေဖြင့် မည်သည့်အခါကမှ ငွေကြေးအခက်အခဲမရှိခဲ့ပါ။ မိမိတို့အမည်ဖြင့် အထင်အရှားရှိနေသည့် ဂရန်ကို သားသမီးများမှလည်း ရောင်းချခြင်း၊ ပေါင်နှံခြင်းမလုပ်နိုင်ပါ။ ၄င်းအပြင် 'အိမ်ဂရန်ဟူသည့် အသုံးအနှုန်းမှာလည်း မှားယွင်းပါသည်။ 'မြေဂရန်'သာ ရှိပါသည်။

ကြေညာချက်ပါ 'ဦးနေဝင်းသည် မိဘများသဘောမတူသော ဒေါ်နန်းအေးမြကို လက်ထပ်ပေါင်းသင်းပြီးနောက်ပိုင်းမှစ၍ မိသားစုတွင်ပြဿနာများစွာဖြစ်ပွားခဲ့ပါသည်' ဟူသော စကားရပ်မှာလည်း မမှန်ကန်သောအချက်ဖြစ်ပြီး ကျွန်ုပ်အမှုသည်မိသားစု၏ ကိုယ်ရေးကိုယ်တာ အား သိက္ခာထိပါးစေရန်ရည်ရွက်ချက်ရှိရှိကြော်ငြာခြင်းသာဖြစ်ပါသည်။ ဦးနေဝင်း၊ ဒေါ်နန်းအေးမြတို့၏ အိမ်ထောင်သက်တမ်းမှာ (၂၂)နှစ်ပင်ရှိပြီး၊ သားသမီးသုံးဦးထွန်းကားကာ၊ အရွယ်ပင်ရောက်ကုန်ကြပြီးဖြစ်ပါသည်။ မိဘသက်ရှိထင်ရှားရှိစဉ်ကတည်းက အတူတကွနေထိုင်ပြီး မိဘများကို ကျွေးမွေးစောင့်ရှောက်ခဲ့သူသာဖြစ်ပါသည်။ ဒေါ်နန်းအေးမြအနေဖြင့် နှစ်ဖက်မိဘများကြည်ဖြူစွာဖြင့် ထိမ်းမြားပေးခြင်းဖြစ်ပါလျက် မိန်းမသားတစ်ဦးအား ဂုဏ်သိက္ခာထိပါးစေသဖြင့် သီးခြားတရားစွဲဆိုမည်လည်း ဖြစ်ပါသည်။

'မော်လမြိုင်မြို့၊ အမှတ်(၁၄၂)၊ ဗဟိုလမ်း၊ ထားဝယ်စုရပ်၊ ပန်းဘဲတန်းနေအိမ်မှာ မိဘများကွယ်လွန်ပြီးနောက် အမွေဆိုင်ပစ္စည်းအဖြစ်ရှိနေစဉ် ကျန်ရှိသောမောင်နှမနှစ်ဦးမှ မိတ်ဆွေများဖြင့် ဦးနေဝင်းထံမိသားစုပိုင်ဆိုင်မှုအားလုံးကိုခွဲဝေပေးရန်ပြောဆိုသော်လည်း မည်သည့်တုံ့ပြန်မှုမှမလုပ်ဘဲ၊ လက်ဝယ်ထားရှိဆက်လက်အသုံးပြုနေသည်' ဆိုသည့်အချက်မှာလည်း ဦးမင်းအောင်၊ ဒေါ်မာလာတို့မှ လိမ်လည်ကြေညာခြင်းသာ ဖြစ်ပါသည်။ ပြောရန်လိုအပ်သည်ဆိုပါက ညီအစ်ကိုမောင်နှမအရင်းအချင်းချင်းတိုက်ရိုက်ပြောဆို၍ရပါလျက် မိတ်ဆွေများဖြင့် ပြောဆိုသည့်အချက်မှာ မမှန်ကန်သကဲ့သို့၊ ယုတ္တိလည်းမတန်ပါ။ ယင်းအမွေဆိုင်၊ အိမ်နှင့်မြေမှာလည်း မော်လမြိုင်မြို့နေ အစ်မအကြီးဆုံးဖြစ်သူ ကျောင်းဆရာမ ဒေါ်ဝါဝါဝင်း၏ လက်ဝယ်၌သာရှိပြီး အစ်မကြီးဖြစ်သူက ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

ဦးနေဝင်း၊ အစ်မကြီး ဒေါ်ဝါဝါဝင်းအပါအဝင် (ဦးမင်းအောင်မှအပ) ကျန်အမွေဆိုင်များအားလုံးက အမွေပစ္စည်းအဖြစ်ခွဲဝေပေးရန်ဆန္ဒရှိ ပြီး ဖခင်ဦးစွာကွယ်လွန်၍ မိခင်ကွယ်လွန်သောအခါ အမွေခွဲဝေရန်ညှိနှိုင်းကြရာ ဦးမင်းအောင်က ယင်းအိမ်နှင့်မြေကို အမွေမခွဲနိုင်ကြောင်း၊ မိမိ၏သားအတွက်သာဖြစ်ကြောင်းပြောဆိုပြီး ငြင်းဆန်ခဲ့ပါသည်။ အမွေခွဲဝေပေးရန်ပြောဆိုသော်လည်း ယခုအချိန်အထိ အကြိမ်ကြိမ်ငြင်းဆန်ခဲ့သော ဦးမင်းအောင်က သတင်းစာတွင်ကြော်ငြာသည့်အခါဖြစ်ရပ်မှန်နှင့် ပြောင်းပြန်အမွေခွဲရန်တောင်းဆိုနေခြင်းကို ကျွန်ုပ်တို့၏အမှုသည်နှင့် ကျန်အမွေဆိုင်များက အံ့အားသင့်နေကြပါသည်။

'မိသားစုပိုင်ပစ္စည်းများ' ဆိုသည့် စကားရပ်နှင့်ပတ်သက်၍ ဦးနေဝင်းမိသားစုပိုင်ပစ္စည်းများသာဖြစ်ပြီး ဦးမင်းအောင်၊ ဒေါ်မာလာတို့က သတင်းစာ၌ ထင်ယောင်ထင်မှားဖြစ်စေရန်၊ သိက္ခာကျစေရန်၊ လုပ်ငန်းထိခိုက်စေရန်မမှန်မကန်ဖော်ပြမှုသာဖြစ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်နှင့်ကျန်အမွေဆိုင်များကလည်း ကွယ်လွန်သူမိဘပိုင်၊ အမွေဆိုင်ပစ္စည်းဖြစ်သော အခင်းဖြစ်အိမ်နှင့် မြေ(အမှတ် ၁၄၂၊ ဗဟိုလမ်း၊ မော်လမြိုင်မြို့)အား တရားရုံးမှ အမွေခွဲဝေပေးရန်တရားစွဲဆိုမှုအတွက် အစီအစဉ်ပြုလုပ်ထားပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်၍ ဦးမင်းအောင်နှင့် ဒေါ်မာလာတို့၏ ကြော်ငြာချက်မှာလုံးဝမဟုတ်မမှန်ကြောင်းပြန်လည်ရှင်းလင်းကြော်ငြာအပ်ပါသည်။ ထို့အပြင် ကြော်ငြာချက်ပါအကြောင်းအရာများသည် ကွယ်လွန်သူ မိဘများနှင့်အစ်ကိုဖြစ်သူ ဦးမောင်မောင်တို့၏ ဂုဏ်သိက္ခာအားများစွာ ထိပါးစေသည့်အပြင် ကျွန်ုပ်တို့အမှုသည်၏ မိသားစု၊ သားသမီးများ၏ဂုဏ်သိက္ခာ၊ စီးပွားရေးလုပ်ငန်းကိုပါထိခိုက်စေသဖြင့် ပြန်လည်ရှင်းလင်းကြေညာသည့်ရက်မှ ၁၀ ရက်အတွင်း ယခုသတင်းစာမှပင် ပြန်လည်တောင်းပန်ရန်နှင့် မတောင်းပန်ပါက တည်ဆဲတရားဥပဒေများအရ တရားစွဲဆိုရလိမ့်မည်ဖြစ်ကြောင်း ဦးမင်းအောင်၊ ဒေါ်မာလာတို့နှင့် အများသိစေရန်ကြော်ငြာအပ်ပါသည်။ ၄င်းအပြင် ဦးမင်းအောင်လက်ရှိနေထိုင်သော ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း နေအိမ်အမှတ် ၁၅၅/၁၅၇မှာ ကျွန်ုပ်၏အမှုသည်မှ တရားဝင်ပိုင်ဆိုင်သော ပစ္စည်းဖြစ်ပြီး ဦးမင်းအောင်မိသားစု အခမဲ့မေတ္တာဖြင့် နေခွင့်ပြုထားရာ ၄င်းမှဖယ်ရှားရန်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အများသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးနေဝင်း**
**Managing Director**
**One One Three Five Co.,Ltd**
**Tel;(95-1)370533,370544**
**H/P-09-5138273**
**09-73179600**
**Fax:(95-1)246014**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနီနီယု B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**
**စဉ်-၁၄၅၆**
**H/P-09-5322885**
**ဒေါ်သင်းသင်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၁၆၂**
**H/P-09-255812299**

**ဦးဟန်စည်သူ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၁၁၅၅**
**H/P-09-5320429**
**ဒေါ်သီတာအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၄၇၂**
**H/P-09-33913365**
**09-962864555**

**ဦးနေဝင်း၏တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်းအမှတ် ၄၇/ဘီ၊ ကျိုက္ခမီလမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့**


HONDA | NCX
အားလုံး
စျေးတွေ မြင့်တက်ကုန်ပြီနော်
Honda Wave 100
သုံးစွဲသူပြည်သူများအတွက် မူလစျေးနှုန်းဖြင့်
နောက်ဆုံး လက်ကျန်ပစ္စည်းရှိသည်အထိ
ရနိုင်မည့်အခွင့်အရေး
NEW WAVE 100
1190000 KYATS
START FROM
1,190,000 KYATS
CALL NOW 01385971
ဘယ်တော့မှမရနိုင်တဲ့
Honda ရဲ့ အတန်ဆုံးစျေး


SHARK
၁၀,၀၀၀,၀၀၀ ကျပ်
သိန်း ၆၀၀၀
ချက်ခြင်းသောက် ချက်ခြင်းပေါက်
မတင်ဂျူလိုင်ထွန်း
ပုသိမ်မြို့
ကိုသီဟ
မြင်းခြံမြို့
မအေးအေးဝင်း
မန္တလေးမြို့
ကိုပိုပို (တာမွေ၊ ရန်ကုန်)
မကျော့ကေခိုင် (မိတ္ထီလာ)
ကိုညီညီဘုန်းနိုင် (မြစ်ကြီးနား)
မအေးငွေ (အင်းစိန်၊ ရန်ကုန်)
မယုယုမြိုး (စစ်ကိုင်း)
ကိုမင်းထက်နိုင် (သန်လျင်၊ ရန်ကုန်)
SHARK CAN ဘူးတိုင်း မှာ ငွေကျပ် သိန်း ၁၀၀ ကိုချက်ချင်း ရယူနိုင်သော အခွင့်အရေးပါ ပါတယ်။
SHARK သောက်ပြီးတော့ CAN ဘူး RING ရဲ့အနောက်ဖက်မှာ ပရိုမိုးရှင်းအမှတ်သားကိုတွေ့လျှင် ငွေကျပ် သိန်း ၁၀၀ ကိုရယူလိုက်ပါ။
ပရိုမိုးရှင်းကာလ – အောက်တိုဘာ ၁ ရက်နေ့ မှ ၃၁ရက် ဒီဇင်ဘာလ ၂၀၁၈ ခုနှစ်အထိ
ဆုမဲများ ထုတ်ယူရန် – ဇန်နဝါရီလ ၃၁ ရက်နေ့ ၂၀၁၉ ခုနှစ်
SHARK
ENERGY DRINK
Net Content 250 ml
ဆုမဲများရယူရန် နှင့် အခြား သတင်းအချက်အလက်များ
099-5106-8889
SHARK Energy Drink

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်ကောင်စီ
## ဝန်ထမ်းအိမ်ရာ ၇၆လုံး တည်ဆောက်ခြင်းလုပ်ငန်းအား အရည်အသွေးကြီးကြပ်စစ်ဆေးရေး (QA/QC) လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီများကို စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ညွှန်ကြားရေးမှူးချုပ်နေအိမ်များ (Duplex)၁၀လုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူးအိမ်ရာ (2U3S) ၁၀လုံး၊ အရာထမ်း အိမ်ရာ (6U4S-3bed) ၁၅လုံး၊ အမှုထမ်းအိမ်ရာ (6U4S-2 bed) ၂၅လုံး၊ အပျိုဆောင်/လူပျိုဆောင် ၁၆ လုံး စုစုပေါင်း ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၇၆လုံး ဆောက်လုပ်ခြင်းအတွက် အရည်အသွေးကြီးကြပ်စစ်ဆေးခြင်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမည့် ကုမ္ပဏီများကို စိစစ်အကဲဖြတ်ရွေးချယ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်း ရှင်များအနေဖြင့် အောက်ပါလိပ်စာသို့ ဆက်သွယ်၍ စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest)တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

၂။ **အဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၆-၁၁-၂၀၁၈ရက် (ရုံးချိန်အတွင်း)
